


တက္ကသိုလ်
သိဟဂေဒါင်
ရွှေပလွေပဟောင်ဦ
ပထမပိုင်း

တက္ကသိုလ်

# သီဟအောင်

# ရွှေပလွှေပပေါဦ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၈၄၄၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၆၁၇၀၁၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးအောင်မြင့်သိန်း၊ (အင်ကြင်းမြိုင် ပုံနှိပ်တိုက်)
၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

### ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရွှေပလွေ

ကြူးထိန်မြို့...။

ကြူးထိန်မြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ဖြစ်သည်။

ကြူးထိန်ခြသေ့်ဂိုဏ်း တည်ရှိခြင်းကြောင့်လည်း သိုင်းလောကၡ လူသိများသောမြို့လည်း ဖြစ်လေသည်။

ကြူးထိန်ခြသေ့်ဂိုဏ်း၏ ဂိုဏ်းချုပ်မှာလုဖုံးချီဖြစ်လေသည်။

လုဖုံးချီသည် မကောင်းသူပယ်၊ ကောင်းသူကယ် အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်သည်။

လုဖုံးချီနှင့် ခြသေ့်ဂိုဏ်းကြောင့် ဒုစရိုက်သမား များ၊ အနက်ရောင်သိုင်းသမားများသည် ကြူးထိန်မြို့သို့ လာရောက်နှောက်ယှက်ဝံ့ခြင်း မရှိကြချေ။

အနောက်အယှက် ဘေးအန္တရာယ်ကင်းရှင်းပြီး စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်ခြင်းကြောင့် နေ့ကောညပါ စည်ကားသိုက်မြိုက်လေသည်။

သိုင်းလောကသားများလည်း ခြသေ့်ဂိုဏ်းချုပ်လုဖုံးချီထံသို့ မကြာခဏလာရောက်လည်ပတ်တတ်ကြလေသည်။

လုဖုံးချီသည် သိုင်းလောကမိတ်ဆွေသင်္ဂဟပေါများပြီး အာမခံဌာနတစ်ခု ဖွင့်လှစ်ထူထောင်ထားသူလည်း ဖြစ်လေသည်။

ကြူးထိန်မြို့ဟူသော အမည်ကြားမိသူတိုင်းသည် ခြသေ့်ဂိုဏ်းချုပ်လုဖုံးချီကို သတိရလိုက်ကြမည် ဖြစ်လေသည်။

ကြူးထိန်မြို့ ခြသေ့်ဂိုဏ်းနှင့်လုဖုံးချီမှာ ခွဲခြားမရပါချေ။

ထို့အတူ...

လုဖုံးချီနှင့် ရွှေပလွေသည်လည်း ခွဲခြား၍ရမည်မဟုတ်ပါချေ။

ရွှေပလွေဆိုသည်မှာ...

♠ ♠ ♠



နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်လေသည်။

နေရောင်ခြည်ထွက်ပေါ်လာသည်နှင့် ကြူးထိန်မြို့မှာစည်စည်ကားကား သက်ဝင်လှုပ်ရှားလာလေသည်။

စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ အခြားသောသိုင်းသမားလည်း ဖွင့်လှစ်ထားပြီဖြစ်လေသည်။

ရှောင်လီသည် မင်းလမ်းမ၏ တစ်နေရာ၌ရပ်ကာ ကြူးထိန်မြို့၏ စည်ကားသိုက်မြိုက်ပုံကို ငေးမောကြည့်နေ၏။

ယခု သူတစ်ယောက်ထဲ လွတ်လွတ်လပ်လပ် ရှိနေချေပြီ။

ဘယ်ကိစ္စမဆို သူ့သဘောနှင့်သူ စိတ်ကြိုက်ဆောင်ရွက်ခွင့်ရှိနေပြီဖြစ်ပါသည်။

ရှောင်လီက တစ်စထက်တစ်စ စည်ကားလာသော ကြူးထိန်မြို့ကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချကာ ထွက်လာခဲ့လေသည်။

သူ၏ခြေလှမ်းများက စားသောက်ဆိုင်လေးတစ်ဆိုင်သို့ ဦးတည်နေပါသည်။

ရှောင်လီ ခပ်သွက်သွက်လှမ်းသွားလိုက်ရာ စားသောက်ဆိုင်လေးဆီသို့ ရောက်ရှိသွား၏။

နံနက်ခင်းအချိန် ဖြစ်ရကား စားသောက်ဆိုင်ထဲ၌ လူရှင်းနေပါသည်။

ရှောင်လီဝင်လာသောအခါ ကြိုဆိုမည့် ဆိုင်လုလင်ကိုပင် မတွေ့ရပါချေ။

ရှောင်လီသည် ဟိုဟိုသည်သည်ကြည့်ပြီး ခုံတစ်လုံးဆွဲကာ

ထိုင်ချလိုက်လေသည်။

ထို့နောက် ဆိုင်လုလင်ကိုခေါ်ရန် ဟိုဟိုသည်သည် ကြည့်လိုက်သော်လည်း မတွေ့ရချေ။

ရှောင်လီ မကျေမနပ်ဖြစ်သွားလေသည်။

"စားသောက်ဆိုင်ဖွင့်ထားပြီး ဆိုင်လုလင်တွေက ဘယ်ရောက်ကုန်ကြတာလဲ"

ထိုစဉ်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီးသမားနှစ်ယောက် ဆိုင်ရှေ့သို့ ရောက်လာကြသည်ကို တွေ့လိုက်ရလေသည်။

မြင်းစီးသမားနှစ်ယောက်က မြင်းပေါ်မှ လွှားခနဲခုန်ဆင်းကာ ဆိုင်ထဲဝင်လာကြလေသည်။

ထိုလူနှစ်ယောက်သည် ခန္ဓာကိုယ် ဝိန်ဝိန်ပါးပါးရှိကြပြီး သိုင်းသမားများအသွင် ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားကြလေသည်။

မျက်နှာပေါက်ချင်းဆင်နေ၍ ညီအစ်ကိုများဖြစ်ကြောင်း ပေါ်လွင်နေ၏။

ထိုလူနှစ်ယောက်သည် ဆိုင်ထဲသို့ရောက်လာပြီး ရှောင်လီကိုတစ်ချက်ဝေ့ကြည့်ကာ စားပွဲတစ်လုံး၌ ထိုင်ချလိုက်လေသည်။

ထို့နောက် တစ်ယောက်က စားပွဲကို တဘုန်းဘုန်းမြည်အောင် လက်ဝါးဖြင့်ပုတ်ယင်း..

"ဟေ့...ဆိုင်လုလင်တွေ ဘယ်ရောက်နေပြီလဲကွ"



ကျယ်လောင်သောအသံဖြင့် အော်ခေါ်လိုက်လေသည်။

သူ၏အသံသည် တိတ်ဆိတ်နေသောဆိုင်ထဲ၌ ဟိန်းထွက်လာသည်ဟု ထင်မှတ်ရလေတော့သည်။

ဆိုင်လုလင်တစ်ယောက် ချက်ချင်းပြေးထွက်လာပါသည်။

ဆိုင်လုလင်သည် ရှောင်လီကို အမှုမထားဘဲ ထိုလူနှစ်ယောက်ထံသို့ ပြေးသွားလိုက်သည်။

ဦးညွတ်ကာ ပျာပျာသလဲမေးလိုက်လေသည်။

"အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ထိုလူနှစ်ယောက်အနက် တစ်ယောက်က...

"ငါတို့က ဆိုင်ထဲဝင်လာတာ စားသောက်ဖို့ပေါ့ကွ၊ ဘာလုပ်ရမှာလဲ"

"ကောင်းပါပြီခင်ဗျာ၊ ဘာများ သုံးဆောင်မလဲ အမိန့်ရှိပါ"

"ဟေ့..စကားရှည်မနေနဲ့၊ မင်းတို့ဆိုင်မှာ ဘာရှိသလဲ၊ ရှိတာအကုန်ယူခဲ့"

"ဟုတ်ကဲ့"

ထိုလူနှစ်ယောက်က အော်ငေါက်နေခြင်းကြောင့် ဆိုင်လုလင်သည် ပျာပျာသလဲဖြင့် စားသောက်စရာများ ချက်ချင်းယူလာပေးလေသည်။

ရှောင်လီ မကျေမနပ် ဖြစ်သွားပြန်သည်။

"ငါက အယင်ရောက်လာတယ်၊ ငါ့ကိုတော့ ဂရုမစိုက်ကြပါလား"

သူလည်း ထိုလူနှစ်ယောက်နည်းတူ စားပွဲကို လက်ဝါးဖြင့်

တဘုန်းဘုန်းမြည်အောင်ပုတ်ယင်း..

"ကျုပ်အတွက်လည်း စားသောက်စရာတွေ ယူလာခဲ့ဦး" ဟုအော်ပြောလိုက်လေသည်။

ဆိုင်လုလင်သည် ယခုမှ ရှောင်လီကို သတိပြုမိသည့်အလား...

"ဟုတ်ကဲ့..ယူလာပေးပါ့မယ်ဗျာ"

ရှောင်လီအတွက်လည်း စားစရာသောက်စရာများ ယူလာပေးလိုက်လေတော့သည်။

ထိုလူနှစ်ယောက်က ရှောင်လီအား လှမ်းကြည့်လိုက်ကြလေသည်။

ရှောင်လီ အမှုမထားဘဲ အားရပါးရစားသောက်လိုက်လေတော့သည်။

ထိုလူနှစ်ယောက်လည်း မျက်နှာလွှဲကာ အချင်းချင်းပြောဆိုစားသောက်လိုက်ကြလေသည်။

တစ်ယောက်က..

"စားစရာရှိတာ မြန်မြန်စား၊ ပြီးယင် သွားကြမယ်"

ကျန်တစ်ယောက်က....

"ဟုတ်တယ်၊ ပွဲကြီးပွဲကောင်းကို လက်လွတ်ခံလို့မဖြစ်ဘူးကွ"

သူတို့သည် သိုင်းလောကသားများဖြစ်ပုံရ၍ သူတို့ပြောသည့်စကားက သိုင်းလောကနှင့် ပတ်သက်နေမည်မှာ သေချာနေပါတော့သည်။



ရှောင်လီ စိတ်ဝင်စားသွားလေသည်။

ပွဲကြီးပွဲကောင်းဆိုသည့်စကားကို လွယ်လွယ်နှင့်သုံးတတ်ကြသည် မဟုတ်ပါ။

ရှောင်လီက ထိုလူနှစ်ယောက်အား အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူနှစ်ယောက်သည် ရှောင်လီကို အမှုမထားဘဲ ဆက်လက်ပြောဆိုနေကြလေသည်။

"တကယ့်ပွဲကြီးပွဲကောင်းပဲ၊ ခြသေ့ဂိုဏ်းချုပ်လုဖုံးချီက ခေတာမဟုတ်ဘူး၊ ကြည့်လို့ကောင်းမှာ သေချာတယ်ဗျ"

ကျန်တစ်ယောက်က...

"အို...လေလွင့်ဓားကျန်းစုချန်းကလည်း ခေတာမဟုတ်ပါဘူးဗျာ"

ပထမလူက...

"အေးလေ..ဒါကြောင့် ပွဲကြီးပွဲကောင်းလို့ ပြောတာပေါ့၊ ကျန်းစုချန်းက သိုင်းလောကမှာ ကျင်လည်ကျက်စားပြီး ထိပ်သီးသိုင်းသမားတွေနဲ့လိုက်ပြီး ယှဉ်ပြိုင်ခဲ့တယ်၊ အခုအချိန်ထိ ဓားသမားခြောက်ယောက်ကို အနိုင်ရပြီးပြီ၊ တစ်ပွဲမှမရှုံးသေးဘူး၊ သူအနိုင်ရတဲ့လူတွေကလည်း ခေသူမဟုတ်ဘူး၊ ဒါကြောင့် ကျန်းစုချန်းကို လျှော့တွက်လို့မရဘူး"

ဒုတိယလူက...

"ခြသေ့ဂိုဏ်းချုပ်လုဖုံးချီကလည်း ရှုံးပွဲမရှိဘူး ကျော်ကြားနေတာပဲ၊သူတို့ဂိုဏ်းဟာ ကြူးထိန်မြို့မှာသာမကဘဲ အနီးပတ်ဝန်း

ကျင်မြို့ကြီး ခုနစ်မြို့အထိ ထင်ရှားကျော်ကြားပြီး ဩဇာလွှမ်းမိုးထားတာပဲ၊ မဟုတ်လား"

ထိုသူတို့နှစ်ယောက်၏စကားက ရှောင်လီကို စိတ်ဝင်စားသွားစေသည်။

ပထမလူက...

"ကဲ တို့လည်း စားသောက်ပြီးတာနဲ့သွားကြရအောင်၊ တော်ကြာ လူစည်ကားနေလို့ နေရာမရဘဲ ဖြစ်ဦးမယ်"

"ကောင်းပြီလေ၊ သည်လိုပွဲမျိုးကို အလွတ်ပေးလို့မဖြစ်ဘူး၊ ကျုပ်တို့အတွက် အခွင့်အရေးရနိုင်တဲ့ ပွဲမျိုးပဲ"

ထို့နောက် နှစ်ယောက်သား ခပ်သုတ်သုတ်စားသောက်လိုက်ကြလေသည်။

စားပြီးသွားကြလျှင် ဆိုင်လုလင်ကိုခေါ်ကာ ကျသင့်ငွေပေးချေပြီး ဆိုင်ထဲမှ ထွက်သွားကြလေတော့သည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာကာ တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားတော့သည်။

ရှောင်လီ သက်ပြင်းချလိုက်သည်။

"ငါလည်း သူတို့နောက် လိုက်သွားပြီး အခြေအနေစောင့်ကြည့်တာ မမှားဘူး"

ဆိုင်လုလင်ကိုခေါ်၍ ငွေပေးချေပြီးနောက်...

"ခြင်္သေ့ဂိုဏ်းကို ဘယ်လိုသွားရသလဲဗျ"



ဟုမေးလိုက်လေသည်။

ဆိုင်လုလင်က လမ်းညွှန်ပေးလေသည်။

"ကျေးဇူးပဲ"

ရှောင်လီ ကျေးဇူးတင်စကားပြောကာ ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

မြို့တောင်ဘက်၌ ခြံဝင်းကြီးတစ်ခု ရှိနေသည်။

ထိုခြံဝင်းထဲ၌ ကြီးမားခန့်ညားသော အဆောက်အဦးကြီးတစ်ခုရှိနေပါသည်။

ထိုခြံဝင်းကြီးနှင့် အဆောက်အဦးကြီးသည် ခြင်္သေ့ဂိုဏ်းဌာနချုပ်ဖြစ်လေသည်။

ရှောင်လီက ခြံဝင်းရှေ့သို့ရောက်ရှိသွားသောအခါ အစောင့်အကြပ်များက ဟန့်တားလိုက်ကြလေသည်။

"ရပ်လိုက်"

အစောင့်သုံးယောက်က ရှေ့သို့လှမ်းထွက်လာပြီး ဟန့်တားလိုက်ကြလေသည်။

ရှောင်လီ ခြေလှမ်းရပ်လိုက်လေသည်။

အစောင့်တစ်ယောက်က လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"မိတ်ဆွေလေးဟာ ဘယ်သူဘယ်ဝါ ဘယ်သိုင်းအဖွဲ့ကဆို

တာပြောပါဗျာ”

ဟုမေးလေသည်။

ရောင်လီက…

“ကျုပ်ကို စစ်ဆေးမေးမြန်းတာက…”

“ကျုပ်တို့တာဝန်အရပါ မိပ်ဆွေ၊ ခုချိန်မှာ”

အစောင့်၏စကား မဆုံးမီ ရောင်လီကကြားဖြတ်ပြောလိုက်လေသည်။

“ကျုပ်က ရောင်လီပါ၊ ခင်ဗျားတို့ ဂိုဏ်းချုပ်ဟာ လေလွင့်သိုင်းသမားကျန်းစုချန်းနဲ့ သိုင်းပညာယှဉ်ပြိုင်မယ်ဆိုတဲ့သတင်းကြားတာကြောင့် လာခဲ့တာပါဗျာ”

“ဪ..သိုင်းပညာယှဉ်ပြိုင်ပွဲကို ကြည့်ဖို့လာခဲ့တာကိုး”

“ဟုတ်ပါတယ်ဗျာ”

အစောင့်က….

“ကောင်းပါပြီဗျာ၊ ကျုပ်တို့ကို သိုင်းပညာလေး နည်းနည်းပြခဲ့နိုင်မယ်ဆိုယင် အထဲကိုဝင်သွားလို့ဖြစ်ပါတယ်ဗျာ”

ရောင်လီ ပြုံးလိုက်လေသည်။

“ရပါတယ်ဗျာ”

“ကျုပ်တို့လေးစားလောက်တဲ့ သိုင်းပညာမျိုး ဖြစ်မှဝင်ခွင့်ပြုနိုင်မယ်ဆိုတာ ကြိုတင်ပြောထားပါရစေ”

“စိတ်ချပါဗျာ”

ရောင်လီက လက်နှစ်ဘက်နောက်ပစ်လိုက်သည်။

“ကဲ..ခင်ဗျားတို့ သေသေချာချာကြည့်ထားပါ”



စကားဆုံးလျှင် ရှေ့သို့ခြေလှမ်း လှမ်းလိုက်လေသည်။

သူ၏အသွင်မှာ ပန်းဥယျာဉ်တစ်ခုအတွင်း၌ လေညှင်းခံထွက်လာသူတစ်ယောက်အသွင် ရှိနေပါသည်။

အစောင့်သုံးယောက်က သူ့အား မျက်မှောင်ကုပ်ကာကြည့်နေမိကြလေသည်။

ရောင်လီက ခြေလေးငါးလှမ်းမျှ လျှောက်သွားပြီးလျှင် ခြေလှမ်းရပ်လိုက်လေသည်။

အစောင့်သုံးယောက်အား လှည့်ကြည့်လိုက်လေသည်။

အစောင့်သုံးယောက်က သူ့အား မျက်မှောင်ကုပ်၍ကြည့်နေကြလေသည်။

ရောင်လီက မေးလိုက်သည်။

“ကဲ..ဘယ်လိုလဲ”

အစောင့်တစ်ယောက်က…

“ခင်ဗျားရဲ့ သိုင်းပညာက..”

ထိုစဉ် အခြားအစောင့်တစ်ယောက်၏ အော်ပြောသံ ထွက်ပေါ်လာလေသည်။

“ဟိုမှာ ကြည့်လိုက်စမ်း”

ကျန်နှစ်ယောက်သည် ထိုလူညွှန်ပြရာသို့ ကြည့်လိုက်ကြသည်။ ထိုအခါ…

“ဟင်”

“ဟာ”

အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

အကြောင်းကား ကျောက်ပြားခင်းထားသော လမ်းကလေး ပေါ်၌နက်ရှိုင်းစွာ ထင်နေသည့်ခြေရာများကို တွေ့လိုက်ရလေသည်။

ရှောင်လီက ခပ်ပြုံးပြုံးဖြင့် မေးလိုက်လေသည်။

"ကဲ..ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ"

အစောင့်သုံးယောက် ချက်ချင်းပင် ခေါင်းညိတ်လိုက်ကြသည်။

"အထဲကို ဝင်သွားနိုင်ပါပြီဗျာ"

"ကျေးဇူးပဲ"

ရှောင်လီက ကျေးဇူးတင်ကြောင်းပြောကာ လက်နှစ်ဘက် နောက်ပစ်ယင်းကပင် ခြံဝင်းထဲဝင်သွားလေသည်။

ကျောက်ပြားခင်းထားသော လမ်းကလေးအတိုင်း ဝင်သွားခြင်း ဖြစ်လေသည်။

အစောင့်သုံးယောက်က သူ၏ခြေထောက်နှစ်ဘက်ကို ဂရုစိုက်ပြီးကြည့်နေကြသည်။

ရှောင်လီသည် ကျောက်ပြားခင်းထားသော လမ်းကလေး အတိုင်း လျှောက်သွားသော်လည်း ခြေရာများ ထင်ကျန်ခြင်းမရှိတော့ပါချေ။

အစောင့်သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး သက်ပြင်း ပြိုင်တူချလိုက်ကြလေတော့သည်။

♠ ♠ ♠



ခြံဝင်းအတွင်း၌ ကြီးမားသော အဆောက်အဦးကြီးတစ်ခု ရှိနေပါသည်။

ထိုအဆောက်အဦးကြီး၏ တံခါးမကြီးပေါ်၌ ဆိုင်းဘုတ်ကြီး တစ်ခု အခန့်သားနေရာယူထားလေသည်။

"ကြျူးထိန်ခြသေ့ဂိုဏ်း"

ဟု ရွှေစာလုံးကြီးများက ဆိုင်းဘုတ်ပေါ်၌ဝင့်ကြွားစွာရှိနေသည်။

တံခါးမကြီးကို ဟာလာဟင်းလင်း ဖွင့်ထားလေသည်။

တံခါး၏ဝဲယာတစ်ဘက်တစ်ချက်၌ အစောင့်အကြပ်များ ရှိနေကြပါသော်လည်း မည်သူကမျှ ရှောင်လီအား ဟန့်တားခြင်းမပြုကြချေ။

ရှောင်လီကလည်း အတွင်းဘက်သို့ ရောက်သည့်တိုင်အောင် လက်နှစ်ဘက်နောက်ပစ်ကာ လှမ်းဝင်သွားလေသည်။

အဆောက်အဦးအတွင်းဘက်၌ ဧည့်ခန်းကျယ်ကြီးရှိနေပြီး ဧည့်ပရိတ်သတ်များဖြင့် စည်ကားနေသည်ကို တွေ့ရလေသည်။

ရှောင်လီက ရှေ့တိုးကြည့်နိုင်ရန် နေရာရှာဖွေလိုက်လေသည်။

လွတ်နေသော ထိုင်ခုံတစ်လုံးကို တွေ့လိုက်ရသဖြင့် ကပျာကယာလှမ်းသွားပြီး ထိုင်ချလိုက်လေသည်။

ဧည့်ခန်းကျယ်ကြီးအတွင်း၌ ထိုင်ခုံများကို ပစောက်ပုံ သဏ္ဍာန်ခင်းကျင်းထားခြင်း ဖြစ်လေသည်။

ဧည့်ပရိတ်သတ်များနှင့် မျက်နှာချင်းဆိုင်၌ စားပွဲရှည်တစ်

လုံးခင်းထားပြီး လူတစ်ယောက်ထိုင်နေ၏။

ထိုလူ၏နံဘေး၌ အဖြူရောင်ဝတ်ထားသူများ စီတန်းကာရပ်နေကြလေသည်။

ထိုင်နေသူမှာ အသက်ငါးဆယ်ခန့်ရှိသော အဘိုးအိုတစ်ဦးဖြစ်လေသည်။

ဥပဓိ အလွန်တည်ကြည်ခန့်ညားသူ ဖြစ်သည်။

မျက်လုံးများ စူးရှကာ နားထင်နှမ်ဘက်ချိုင့်ဝင်နေခြင်းကြောင့် အတွင်းအား အလွန်ကောင်းသူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ရှောင်လီ အကဲခတ်ကြည့်နေစဉ် ဝဲဘက်မှ တီးတိုးစကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်လီ ကြည့်လိုက်သောအခါ စားသောက်ဆိုင်လေး၌တွေ့ရသော မြင်းစီးသမားညီအစ်ကိုနှစ်ယောက် ရှိနေသည်ကိုတွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်နှင့် တိုက်တိုက်ဆိုင်ဆိုင် ပြန်လည်ဆုံတွေ့လိုက်ရခြင်းဖြစ်လေသည်။

သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်ကာ တီးတိုးပြောဆိုနေကြခြင်းဖြစ်သည်။

ရှောင်လီ အာရုံစိုက်ကာ နားစွင့်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး လုဖုံးချီကတော့ တကယ့်ကိုတည်တည်ငြိမ်ငြိမ်ရှိနေတာပဲ၊ သည်ပွဲမှာ သူအနိုင်ရမယ်လို့ တထစ်ချယုံကြည်ထားပုံပဲ"



"ဟုတ်တယ်ကွ၊ ပရိတ်သတ်တွေကိုလည်း ကြည့်ပါဦး၊ သိုင်းလောကမှာ ထင်ရှားတဲ့သိုင်းသမား အတော်များများပါနေတာပဲ"

သူတို့၏စကားကြောင့် ရှောင်လီက ရောက်ရှိနေသော ဧည့်ပရိတ်သတ်များအား အကဲခတ်လိုက်မိလေသည်။

ဧည့်ပရိတ်သတ်များအနက် ဝဲဘက်ထောင့်ဆုံး၌ ထိုင်နေသူသုံးယောက်မှာ ထူးထူးခြားခြားရှိနေသည်ကို သတိပြုမိလိုက်လေသည်။

ထိုလူသုံးယောက်မှာ ဖာထေးရာဗရပွရှိနေသော အင်္ကျီများ ဝတ်ဆင်ထားကြလေသည်။

ဆံပင်များလည်း ရှုပ်ထွေးကာ ဖြစ်သလိုနေထိုင်သွားလာစားသောက်တတ်ကြသူများ ဖြစ်ကြောင်းထင်ရှားနေပါတော့သည်။

"သိုင်းလောကမှာ ခြေသလုံးအိမ်တိုင်ကျင်လည်ကျက်စားနေတဲ့ လေလွင့်သိုင်းသမားတွေပါလား"

ရှောင်လီ စိတ်ဝင်စားသွားလေသည်။

မြင်းစီးသမားနှစ်ယောက်က တီးတိုးဝေဖန်ပြောဆိုနေကြဆဲ။

"ဟို လေလွင့်သိုင်းသမားကြီး သုံးယောက်ကို သတိထားမိတယ် မဟုတ်လား"

"အေး..သူတို့ဟာ ပြိုင်ပွဲအနိုင်အရှုံးကို ဆုံးဖြတ်ပေးဖို့ရောက်လာကြတာပဲ"

"ဟုတ်လား၊ လုဖုံးချီနဲ့သူတို့က ဘယ်လိုများပတ်သက်နေကြလို့လဲ၊ ပြောပါဦး"

"ကျုပ်သိရသလောက်ကတော့ သူတို့ချင်း ပတ်သက်နေကြတာ မဟုတ်ပါဘူး၊ လေလွင့်သိုင်းသမားတွေဟာ ကျန်းစုချန်းက လေလွင့်ဓားသမားလို့ ဘွဲ့ထူးခံယူထားတာကို သဘောကျကြတာ မဟုတ်ဘူး"

"ဪ"

"သူတို့နဲ့ ကျန်းစုချန်းပတ်သက်နေတယ် ထင်ကြမှာကို မလိုလားကြဘူး၊ ကျန်းစုချန်းကလည်း သူတို့ကို သဘောမကျဘူး၊ အထင်အမြင်သေးတယ်၊ အကြောင်းတိုက်ဆိုင်ခဲ့ယင် သူတို့ချင်း ထိပ်တိုက်ရင်ဆိုင်ကြမယ့် အခြေအနေမျိုးရှိနေတာပဲ"

သိုင်းလောကသားများသည် အကြောင်းတစ်ခုမဟုတ်တစ်ခုနှင့်ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နေကြသူများ မဟုတ်ပါလား။

အများနှင့်မတူဘဲ စိတ်နေသဘောထားထူးခြား ဆန်းပြားကြသူများ ဖြစ်နေပါတော့သည်။

"ကျုပ်သိရသလောက်က ကျန်းစုချန်းဟာ သိုင်းလောကထဲမှာ ခြေသလုံးအိမ်တိုင်သွားပြီး ပြိုင်ဘက်ရှာနေတဲ့လူဖြစ်လို့ သူ့ကိုယ်သူလေလွင့်ဓားသမားလို့ ဘွဲ့ထူးခံယူလိုက်တာပဲ၊ ဒါကို လေလွင့်သိုင်းသမားတွေက သူတို့နဲ့ပတ်သက်လာတယ်ဆိုပြီး သဘောမကျကြဘူး၊ ကျန်းစုချန်းကလည်း ဂရုမစိုက်ဘူးဆိုတော့ ထိပ်တိုက်ရင်ဆိုင်ဖို့ဖြစ်လာတာပေါ့"

"အင်း...တချို့က ကျန်းစုချန်းကို လေလွင့်ဂိုဏ်းကလို့ ထင်နေကြတာများနေပြီကိုး"

"ဒါပေါ့ ကျန်းစုချန်းရဲ့လုပ်ရပ်တွေဟာ လေလွင့်ဂိုဏ်းအ



ပေါ် ဂယက်ရိုက်တယ်ဆိုပြီး လေလွင့်ဂိုဏ်းကလူတွေက မကျေမနပ်ဖြစ်နေကြတာ"

"ဒါကြောင့်လည်း လေလွင့်ဂိုဏ်းကလူတွေက အစုပြိုင်ပွဲမှာ အဆုံးအဖြတ်ပေးမယ့်လူတွေအဖြစ် ဆောင်ရွက်ပေးမယ်လို့ လုဖုံးချီကိုကမ်းလှမ်းခဲ့ကြတာပေါ့၊ လုဖုံးချီကလည်း ဒါဟာ အခွင့်အရေးတစ်ခုဆိုပြီး ဘယ်လက်လွှတ်ခံပါ့မလဲ၊ လေလွင့်ဂိုဏ်းနဲ့မိတ်ဆွေဖြစ်သွားယင် သူ့အတွက် အမြတ်ထွက်တာပဲ မဟုတ်လား"

ရောင်လီသည် ထိုလူနှစ်ယောက် ပြောဆိုနေကြသည့်စကားများကို နားထောင်ယင်း အခြေအနေကို နားလည်သဘောပေါက်သွားလေသည်။

ထိုလူနှစ်ယောက်က ဆက်လက်ဝေဖန်ပြောဆိုနေကြ၏။

"လုဖုံးချီက ဘယ်လိုလက်နက်မျိုးကို အသုံးပြုမယ်ဆိုတာကော မင်းသိသလား"

"သိပ်သိတာပေါ့ကွာ၊ သူက ရွှေပလွေကိုပဲ အသုံးပြုမှာပေါ့၊ ကျန်းစုချန်းရဲ့ဓားသိုင်းကလည်း အတော်ကို ထက်မြက်တာပဲ မဟုတ်လား"

"အင်း...လုဖုံးချီရဲ့ ရွှေပလွေမှာ လျှို့ဝှက်ချက်တွေရှိနေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေတာပဲ၊ သည်ကနေ့ သူ့ရဲ့ရွှေပလွေအစွမ်းကို တွေ့ရတော့မှာပေါ့လေ"

"ဒါပေါ့ ရွှေပလွေက အတော်ကိုသတင်းကြီးနေ ဘာ ကြည့်ရသေးတာပေါ့"

'ရွှေပလွေ' အကြောင်း အမွှန်းတင်ကာ ပြောဆိုနေကြခြင်း

ကြောင့် ရောင်လီ စိတ်ဝင်စားသွားလေသည်။

သိုင်းလောကသားအဖြစ် ခံယူကာ သိုင်းလောက၌ ကျင်လည်ကျက်စားမည်ဆိုပါလျှင် လက်နက်ကောင်းတစ်ခုရှိဖို့လိုအပ်သည်ဟု ရောင်လီ နားလည်ထားပြီးဖြစ်လေသည်။

သူ၏သိုင်းပညာ ထက်မြက်မှုရှိပြီး လက်နက်ကောင်းတစ်ခုသာရမည်ဆိုပါလျှင် ဘာမှပြောစရာမရှိဘဲ အားလုံးပြည့်စုံသွားမည်ဟုယူဆထား၏။

"ရွှေပလွေဟာ ဘယ်လိုလက်နက်မျိုးလဲ၊ ဘယ်လောက်အထိအစွမ်းထက်သလဲဆိုတာ ကြည့်ရဦးမယ်"

ရောင်လီ စိတ်ထဲတေးမှတ်ထားလိုက်လေသည်။

ထိုစဉ်...

"ဟား..ဟား..ဟား"

ကျယ်လောင်သော ရယ်မောသံကြီးထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အားလုံးက ရယ်မောသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်ကြ၏။

ရောင်လီလည်း ကြည့်လိုက်မိလေသည်။

ထိုအခါ ဧည့်ခန်းမဆောင်ကြီးထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိကာ အစိမ်းရောင်အင်္ကျီရှည်ဝတ်ဆင်ထားလေသည်။

သူ၏ခါး၌ ဟောင်းနွမ်းကာ အရောင်အဆင်း မှေးမှိန်နေ



သော ဓားတစ်လက်ချိတ်ဆွဲထားလေသည်။

ထိုလူ ရောက်ရှိလာသည်ကိုမြင်လျှင် လုဖုံးချီ ထိုင်ရာမှထရပ်လိုက်လေသည်။

"ကျန်းစုချန်း မင်းနောက်ကျတယ်"

ဟုလည်း ပြောလိုက်လေသည်။

ဝင်လာသူက ထပ်မံရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား..ခင်ဗျား စိတ်လောနေလို့ပါဗျာ၊ နေမွန်းတည့်အချိန် ရောက်လာခဲ့မယ်လို့ ကျုပ်ပြောထားခဲ့တာပဲ၊ ကျုပ်ရောက်လာတာ စောတောင်စောနေပါသေးတယ်ဗျာ"

လုဖုံးချီက...

"ကောင်းပြီလေ၊ ခင်ဗျားက စောပြီးရောက်လာတော့လည်းကောင်းတာပေါ့ဗျာ"

ကျန်းစုချန်းက ဧည့်ခန်းအလယ်၌ ခြေလှမ်းရပ်လိုက်လေသည်။

လုဖုံးချီကလည်း လှမ်းထွက်လိုက်သည်။

ခန်းမဆောင်အလယ်၌ ကျယ်ဝန်းသော မြေကွက်လပ်တစ်ခုပမာရှိနေပါသည်။

လုဖုံးချီနှင့် ကျန်းစုချန်းတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိလိုက်ကြလေသည်။

ဧည့်ပရိတ်သတ်အားလုံး ငြိမ်ကျသွားလေသည်။

အားလုံးက လုဖုံးချီတို့နှစ်ယောက်အား အကဲခတ်ကြည့်နေလိုက်ကြလေသည်။

လုဖုံးချီက....

"ကျုပ်တို့နှစ်ယောက်ရဲ့ ယှဉ်ပြိုင်ပွဲကို လေလွင့်ဂိုဏ်းက ဝမ်းကျိုးစန်းက သမာဓိလူကြီးအဖြစ် ဆောင်ရွက်ပြီး အနိုင်အရှုံး ဆုံးဖြတ်ပေးလိမ့်မယ်"

ဟုပြောလိုက်လေသည်။

ထိုစကားကြားလျှင် ကျန်းစုချန်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ဘာပြောတယ်ဗျ၊ လေလွင့်ဂိုဏ်းက ဝမ်းကျိုးစန်းက ကျုပ်တို့ပြိုင်ပွဲကို သမာဓိလူကြီးအဖြစ် ဆောင်ရွက်ပေးလိမ့်မယ် ဟုတ်လား"

"ဟုတ်တယ်"

"နေပါဦး သူတို့နဲ့ဘာဆိုင်လို့ ဝင်ရှုပ်ချင်ရတာလဲ၊ ပြောစမ်းပါဦး"

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဧည့်ပရိတ်သတ်များ ရင်ထိတ်သွားကြလေသည်။

လေလွင့်ဂိုဏ်းမှ လူသုံးယောက်အနက် အသက်အကြီးဆုံးလူလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။

"ဟေ့..ကျန်းစုချန်း ကျုပ်တို့က ဝင်ရှုပ်တာမဟုတ်ဘူး၊ ပြိုင်ပွဲဆိုတာ သမာဓိလူကြီးရှိရမယ်ကွ၊ ဒါကြောင့် ငါကမ်းလှမ်းခဲ့တာကို လုဖုံးချီက လက်ခံလိုက်တာပဲ"

ဟုလည်း အော်ပြောလိုက်လေသည်။



ကျန်းစုချန်း နှာခေါင်းရှုံ့လိုက်လေသည်။

"ခင်ဗျားတို့ လေလွင့်ဂိုဏ်းက ဘာများအထင်ကြီးစရာရှိလို့လဲ၊ နေရာတကာ ဝင်မရှုပ်ချင်စမ်းပါနဲ့ဗျာ၊ ကိုယ်နဲ့မဆိုင်ယင် အေးအေးဆေးဆေး ဖယ်နေလိုက်တာ အကောင်းဆုံးပဲ"

လေလွင့်ဂိုဏ်းမှ ဝမ်းကျိုးစန်း ဒေါပွသွားလေသည်။

ထိုင်ရာမှ ဝုန်းခနဲထလိုက်လေသည်။

"ကျန်းစုချန်း မင်းက ငါတို့ကို စော်ကားနေတာများပြီ၊ သည်တစ်ခါတော့ မင်းကို ငါဆုံးမရမှာပဲ"

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ခဏ နေကြပါဦးဗျာ"

လုဖုံးချီက ဟန့်တားလိုက်လေသည်။

ဝမ်းကျိုးစန်းအား ပြောလိုက်သည်။

"သည်ကနေ့ဟာ ကျုပ်နဲ့ကျန်းစုချန်းတို့ ယှဉ်ပြိုင်ဖို့ချိန်းထားတဲ့နေ့ဖြစ်ပါတယ်ဗျာ၊ ဒါကြောင့် မိတ်ဆွေတို့ မကျေနပ်တာရှိယင် နောက်မှဖြေရှင်းကြဖို့ တောင်းပန်ချင်ပါတယ်ဗျာ"

ဝမ်းကျိုးစန်းက...

"ကျုပ် နားလည်ပါတယ်၊ ဒါပေမယ့် သူကစော်ကားလွန်းဘာကြောင့် ကျုပ်သည်းမခံနိုင်တော့ဘူးဗျ"

"ခင်ဗျား သည်းမခံတော့ကော ကျုပ်က ဂရုစိုက်ရမှာလားဗျ"

ကျန်းစုချန်းက ပမာမခန့် ပြန်အော်လိုက်လေသည်။

"တောက်"

ဝမ်းကျိုးစန်းက တက်ခေါက်ယင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြန်လေသည်။

သို့သော် လုဖုံးချီက ဟန့်တားလိုက်ပြန်လေသည်။

"မိတ်ဆွေကြီး...ခင်ဗျား တိုက်ခိုက်ပြီးမှ ကျုပ်က သူနဲ့ရင်ဆိုင်မယ်ဆိုယင် တရားမျှတမှုမရှိသလို ဖြစ်သွားတော့မှာပေါ့ဗျာ၊ ဒါကြောင့် မိတ်ဆွေတို့ကိစ္စကို နောက်မှဖြေရှင်းဖို့တောင်းပန်နေတာပါ"

သူ၏စကားက အဓိပ္ပါယ်ရှိနေသဖြင့် ဝမ်းကျိုးစန်း အခက်ကြုံသွားလေတော့သည်။

ဝမ်းကျိုးစန်း သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်တို့နောက်မှ စာရင်းရှင်းကြတာပေါ့"

ဟုပြောကာ နောက်ဆုတ်လိုက်လေသည်။

သူ၏နေရာ၌ ပြန်လည်ထိုင်ချလိုက်လေသည်။

ကျန်းစုချန်းကလည်း အမှုမထားချေ။

"စိတ်ချ၊ သည်ကနေ့ပြိုင်ပွဲပြီးသွားတာနဲ့ ခင်ဗျားနဲ့ဆက်ပြီး ယှဉ်ပြိုင်သွားပါ့မယ်ဗျာ"

သူက လုဖုံးချီနှင့် ရင်ဆိုင်လိုက်သည်။

"ကဲ..ခင်ဗျား အယင်စမလား၊ ကျုပ်က အယင်စရမလားပြောပါ"

ဟုမေးလိုက်လေသည်။

လုဖုံးချီက...

"မင်းက ဧည့်သည်ပဲ၊ ဒါကြောင့် မင်းကို အခွင့်အရေးပေးလိုက်မယ်၊ မင်းပဲ အယင်စပါ"



"ခင်ဗျား မဆိုးဘူး"

ကျန်းစုချန်း ရယ်မောလိုက်သည်။

"ကဲ..ကျုပ်စပြီး တိုက်ခိုက်တော့မယ်၊ သတိထားပေတော့ဗျို့"

စကားဆုံးလျှင် လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

ရှေ့တိုးပြီး လုဖုံးချီအား လျှပ်တပြက်ရိုက်ချလိုက်ခြင်း ဖြစ်လေသည်။

သူ၏တိုက်ကွက်များမှာ လျင်မြန်လွန်းလှသည်။

အားမာန်ပြင်းထန်လှကြောင်း ထင်ရှားနေသည်။

"ယား"

လုဖုံးချီကလည်း ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြလေသည်။

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

နှစ်ယောက်သား ပြိုင်တူ နောက်ဆုတ်လိုက်ကြလေသည်။

ကျန်းစုချန်း ပြုံးလိုက်လေသည်။

"ခင်ဗျား ဘယ်ဆိုးလို့လဲ၊ သည်တစ်ခါ ခုခံကြည့်ပါဦးဗျာ"

သတိပေးစကားပြောယင်း ထပ်မံတိုက်ခိုက်လိုက်လေ၏။

လုဖုံးချီကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက်၏ တိုက်ကွက်များမှာ လျှင်မြန်သွက်လက်ပြီး ကြည့်ကောင်းလှသည်ဟု ရောင်လီထင်မိလေသည်။

တစ်ယောက်၏တိုက်ကွက်ကို တစ်ယောက်က ချေဖျက်ပစ်လိုက်သည်။

ထို့နောက် ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ထိုအခါ ကျန်တစ်ယောက်လည်း ခုခံချေဖျက်ကာ ပြန်လည်တိုက်ခိုက်လိုက်ပြန်လေသည်။

ဤသို့ဖြင့် သူတပြန်ကိုယ်တပြန် တိုက်ခိုက်လိုက်ရာ တခဏအတွင်းမှာပင် သိုင်းကွက်ပေါင်းသုံးဆယ်ကျော် တိုက်ခိုက်ပြီးသားဖြစ်သွားလေတော့သည်။

သို့သော်...

မည်သူကမျှ အသာစီးမရဘဲ လက်ရည်ညီမျှနေကြလေတော့သည်။

ကျန်းစုချန်းက နောက်သို့ ခုန်ဆုတ်လိုက်သည်။

လုဖုံးချီကို လှမ်းပြီး သတိပေးလိုက်သည်။

"ကျုပ်က ဓားသုံးတော့မယ်၊ ခင်ဗျား သတိထားပါ"

ထို့နောက် ဓားကိုခြင်ခနဲမြည်အောင် ဆွဲထုတ်လိုက်လေသည်။

အားလုံးက လုဖုံးချီအတွက် စိတ်ပူသွားကြလေသည်။

ကျန်းစုချန်း၏လေလွင့်ဓားသိုင်းမှာ အလွန်ကျော်ကြားလှသည်မဟုတ်ပါလား။



လက်နက်မဲ့ ယှဉ်ပြိုင်တိုက်ခိုက်ကြရာ၌ တစ်ယောက်ကိုတစ်ယောက် အသာစီးမရခဲ့ကြပါချေ။

နှစ်ယောက်သား လက်ရည်ညီမျှနေခဲ့လေသည်။

ထို့ကြောင့် ကျန်းစုချန်းက လုဖုံးချီအား ကြောက်ရွံ့လိမ့်မည်မဟုတ်ကြောင်း ထင်ရှားလေသည်။

ကျန်းစုချန်းက ဓားဆွဲထုတ်လိုက်သည်နှင့် လုဖုံးချီကလည်း အင်္ကျီလက်အိုးကြားမှ ပစ္စည်းတစ်ခု နှိုက်ယူလိုက်လေသည်။

သူ၏လက်ထဲ၌ ရွှေရောင်ပုလွေတစ်ချောင်း ပါလာလေသည်။

အားလုံး စိတ်ဝင်စားသွားလေသည်။

ကျန်းစုချန်းလည်း မျက်မှောင်ကုပ်သွားသည်။

"ဒါက ခင်ဗျားရဲ့လက်နက်လား"

လုဖုံးချီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ရွှေပလွေဟာ ကျုပ်ရဲ့လက်နက်ဆိုတာ လူတိုင်းသိပါတယ်"

"လက်စသတ်တော့ ရွှေပလွေကိုး"

လုဖုံးချီ၏ရွှေပလွေသည် အလွန်နာမည်ကြီးသော လက်နက်တစ်ခု ဖြစ်လေသည်။

သိုင်းလောက၌ အလွန်ထူးဆန်းသည့် လက်နက်ဆယ်မျိုး၌ တစ်ခုအပါအဝင် ဖြစ်လေသည်။

သို့သော် ထိုရွှေပလွေသည် လက်နက်တစ်ခုနှင့်မတူဘဲ ကလေးကစားစရာပစ္စည်းတစ်ခုနှင့် တူနေသည်ဟုထင်ရပေတော့သည်။

"ဟား...ဟား...ဟား"

ကျန်းစုချန်း ဟားတိုက်ရယ်မောလိုက်လေသည်။

"ရယ်စရာကောင်းလိုက်တာ၊ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ရွှေပလွေဆိုတာ ကလေးကစားစရာပစ္စည်းလေးတစ်ခုလိုပါပဲလားဗျာ"

ထိုစကားကြောင့် ဧည့်ပရိတ်သတ်ထဲမှ ပြုံးမိသူက ပြုံးလိုက်ကြလေသည်။

လုဖုံးချီကတော့ ရယ်မောခြင်းမပြုချေ။

သူ၏မျက်နှာ တည်ကြည်လေးနက်နေလေသည်။

ကျန်းစုချန်းကို စိုက်ကြည့်ယင်း ပြောလိုက်သည်။

"ကျုပ်ရဲ့ရွှေပလွေဟာ ထက်မြက်တဲ့လက်နက်မဟုတ်ဘဲ သိုင်းလောကရဲ့ အထူးခြားဆုံးလက်နက် ဆယ်မျိုးထဲမှာ ပါဝင်နိုင်မှာမဟုတ်ပါဘူး၊ ကျုပ်ရဲ့ ရွှေပလွေကို အထင်သေးမိတဲ့လူတွေဟာ နောက်ဆုံးမှာ မရှုမလှရှုံးနိမ့်သွားခဲ့ကြရတာချည်းပါပဲ၊ ဒါကို မမေ့စေချင်ပါဘူးဗျာ"

ကျန်းစုချန်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က မယုံဘူးဆိုယင်ကော"

"ရပါတယ်၊ မယုံဘူးဆိုယင် လက်တွေ့စမ်းသပ်ကြည့်နိုင်ပါတယ်ဗျာ"

"စိတ်ချ၊ ဘာမဟုတ်တဲ့ ပလွေတစ်ချောင်းကို ကျုပ်ရဲ့ဓားက မယှဉ်နိုင်ဘူးဆိုယင် ကျုပ်တစ်သက်လုံး သိုင်းလောကထဲမှာ မျက်နှာမပြတော့ဘူး၊ ကဲ သတိသာထားပေတော့"



ကျန်းစုချန်းက ဓားဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

"ဝှစ်...ဝှစ်"

ဝင်းလက်သောဓားရောင်များနှင့်အတူ လေတိုးသံများထွက်ပေါ်လာလေသည်။

ဓားရိပ်များ ရာထောင်ချီထွက်ပေါ်လာကာ လုဖုံးချီ၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်လေတော့သည်။

ကျန်းစုချန်း၏ လေလွင့်ဓားသိုင်း အဘယ်ကြောင့် ကျော်ကြားသည်ကို သူ၏ဓားကွက်များကိုကြည့်ယင်း အားလုံးနားလည်သဘောပေါက် သွားကြလေတော့သည်။

ထို့အတူ လုဖုံးချီအတွက်လည်း စိုးရိမ်ပူပန်လာကြလေတော့သည်။

လုဖုံးချီက ကိုယ်ဖော့ပညာအသုံးပြုယင်း ပေါ့ပါးသွက်လက်စွာဖြင့် ရှောင်တိမ်းလိုက်လေသည်။

အတော်ကလေးကြာသည့်တိုင်အောင် ပြန်လည်တိုက်ခိုက်ခြင်းမပြုချေ။

တစ်ယောက်က ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပြီး ကျန်တစ်ယောက်က ရှောင်တိမ်းနေရာ တစ်ဘက်သတ် တိုက်ပွဲတစ်ခုပမာ ရှိနေပါတော့သည်။

ထို့ကြောင့် ပရိတ်သတ်များ အားမလိုအားမရ ဖြစ်လာကြလေတော့သည်။

ဤအတိုင်း ရှောင်တိမ်းနေမည်ဆိုပါက တစ်ချိန်မဟုတ်တစ်

ချိန်တွင် ကျန်းစုချန်း၏ဓားချက်ကြောင့် လုဖုံးချီ ဒုက္ခရောက်သွားလိမ့်မည်ဟု အားလုံးနားလည်ထားကြလေသည်။

ကျန်းစုချန်း အော်ပြောလိုက်သည်။

"လုဖုံးချီ..ခင်ဗျား ဘာကြောင့် ပြန်ပြီးမတိုက်ခိုက်ရတာလဲ၊ ကျုပ်ရဲ့ဟာကွက်ကို စောင့်နေတာလားဗျာ၊ ဒါဆိုယင် ခင်ဗျားသေသွားပြီး နောင်ဘဝရောက်တာတောင်မှ ကျုပ်ရဲ့ဟာကွက်ကို ခင်ဗျား စဉ်းစားလို့ရမှာ မဟုတ်ဘူး"

မခံချင်အောင် တမင်ပြောလိုက်ခြင်း ဖြစ်လေသည်။

လုဖုံးချီ ရယ်မောလိုက်လေသည်။

"စိတ်ချပါ၊ ကျုပ်က ပြန်တိုက်မှာပါဗျာ"

ထို့နောက် ရွှေပလွေကို ဝှေ့ယမ်းကာ ရှေ့တိုးလိုက်လေသည်။ ဓားရိပ်များကြား၌ ရွှေရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။

"ခြွမ်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ထို့နောက်...

ဓားရိပ်များသည်လည်းကောင်း၊ ရွှေရောင်အလင်းတန်းများသည်လည်းကောင်း ပျောက်ကွယ်သွားလေသည်။

ကျန်းစုချန်းနှင့် လုဖုံးချီတို့လည်း ကိုယ်စီနောက်ဆုတ်လိုက်ကြလေသည်။ သူတို့၏ ယှဉ်ပြိုင်ပွဲ ပြီးဆုံးသွားလေတော့သည်။

♠ ♠ ♠



တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

အခန်းတစ်ခုလုံး အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဧည့်ပရိတ်သတ်များသည် အသက်ကိုပင် ပြင်းပြင်းမရှူဝံ့ဘဲမြင်ကွင်းကို တအံ့တသြ ငေးမောကြည့်ရှုနေကြလေသည်။

ကျန်းစုချန်း၏လက်ထဲ၌ လေလွင့်ဓားကို ကိုင်ထားဆဲ။

သို့သော် ဓားမှာ ထက်ပိုင်းကျိုးနေပြီဖြစ်လေသည်။

ကျန်းစုချန်းက မလှုပ်မယှက် ရပ်နေသည်။

ဒဏ်ရာတစ်စုံတစ်ရာ ရရှိသွားသည့် အသွင်မျိုးမတွေ့ရပါချေ။

ပြုံးကျယ်သော မျက်လုံးများဖြင့် လုဖုံးချီအား ငေးကြည့်နေလေသည်။

လုဖုံးချီ ပြုံးနေသည်။

သူ၏လက်ထဲ၌ ရွှေပလွေရှိနေ၏။

လုဖုံးချီက..

"မင်းရှုံးသွားပြီ"

ဟုပြောလိုက်သည်။

တိတ်ဆိတ်နေသော ခန်းမဆောင်ထဲ၌ သူ၏အသံက ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာလေသည်။

ကျန်းစုချန်း သက်ပြင်းချလိုက်လေသည်။

"ခင်ဗျားရဲ့ ရွှေပလွေက သည်လောက်အစွမ်းထက်နေလိမ့်မယ်လို့ ကျုပ်မထင်မိဘူး"

လုဖုံးချိ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဘယ်သူကမှလည်း မထင်ကြပါဘူးဗျာ"

ကျန်းစုချန်းက...

"အင်း...ရွှေပလွေကို လိုသလို အသုံးပြုနိုင်တယ်ဆိုတာ ကျုပ်မသိလို့ပေါ့ဗျာ၊ နို့မဟုတ်ယင်..."

"ဘာပဲဖြစ်ဖြစ် မင်းရှုံးသွားပြီလေ"

"ဟုတ်တယ်၊ ကျုပ်ရှုံးသွားပြီ"

ကျန်းစုချန်းက အောင့်သက်သက်ဖြင့် ဝန်ခံလိုက်ရလေသည်။

တဖန်...

"ခင်ဗျား ဘာလုပ်ချင်သလဲ ပြောပါ"

ဟုမေးလိုက်သည်။

အားလုံးကလည်း လုဖုံးချိထံမှ ထွက်ပေါ်လာမည့်စကားသံကိုနားစွင့်နေကြလေသည်။

လုဖုံးချိက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ခင်ဗျားပြောခဲ့တဲ့စကားကို မမေ့ယင်တော်ပါပြီဗျာ"

ကျန်းစုချန်း မျက်နှာပျက်သွား၏။

သူက ရှုံးနိမ့်ခဲ့ပါလျှင် သူ၏မျက်နှာကို သိုင်းလောကဳဘယ်တော့မှ မမြင်စေရဟုပြောခဲ့သည် မဟုတ်ပါလား။

ကျန်းစုချန်း သက်ပြင်းချလိုက်လေသည်။

"ကောင်းပြီလေ၊ ကျုပ်စကားကို ကျုပ်တာဝန်ယူရမှာပေါ့"



ထို့နောက် ချာခနဲလှည့်ထွက်သွားတော့သည်။

သူ့အား မည်သူကမျှ ဟန့်တားခြင်းမပြုကြပါချေ။

တခဏအတွင်းမှာပင် ကျန်းစုချန်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

## ဗွားရမ်းခြင်း

ကျန်းစုချန်း ထွက်သွားပြီ ဖြစ်လေသည်။

ထိုအခါမှ ဧည့်ခန်းမဆောင်ထဲ၌ ပြန်လည်သက်ဝင်လှုပ်ရှားလာလေသည်။

ဝမ်းကျိုးစန်း သက်ပြင်းချလိုက်လေသည်။

"သူက မောက်မာပေမယ့် စကားတော့တည်တယ်၊ သိုင်းလောကထဲကို ဘယ်တော့မှ ထွက်လာတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့ကလည်း သူ့ကိုမေ့ပစ်လိုက်ရတော့မှာပါပဲလေ"

လုဖုံးချီက ချီးကျူးလိုက်သည်။

"နောင်ကြီးဝမ်းကျိုးစန်း သဘောထားကြီးလှပါတယ်ဗျာ"

ဝမ်းကျိုးစန်းက...



"ဂိုဏ်းချုပ်ကြီးက သူ့ကိုဆုံးမလိုက်တာကြောင့် ကျုပ်တို့ကလည်း ကျေးဇူးတင်ပါတယ်ဗျာ၊ သည်လိုမှမဟုတ်ယင် သူနဲ့ကျုပ်တို့ရင်ဆိုင်ရမှာ အမှန်ပဲ"

လုဖုံးချီက...

"အင်း..ကျန်းစုချန်းဟာ အင်မတန်ရင်ဆိုင်ရခက်တဲ့လူတစ်ယောက်ပါဗျာ၊ ကျုပ်လည်း ရွှေပလွေရှိနေလို့ပါ၊ ဒါမှမဟုတ်ယင် သူ့ကိုအနိုင်ရဖို့ လွယ်မယ်မထင်ဘူးဗျ"

ဝမ်းကျိုးစန်းက ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ဂိုဏ်းချုပ်ကြီးရဲ့ ရွှေပလွေက အစွမ်းထက်လှပါတယ်ဗျာ"

နှစ်ယောက်သား စကားကောင်းနေစဉ် ပရိတ်သတ်များကြားမှ လူနှစ်ယောက် ခုန်ထွက်လာကြလေသည်။

စားသောက်ဆိုင်၌ တွေ့ခဲ့ရသည့် မြင်းစီးသမားညီအစ်ကိုနှစ်ယောက်ဖြစ်ကြောင်း ရှောင်လီ ချက်ချင်းမှတ်မိလိုက်လေသည်။

ရှောင်လီ ရင်ထိတ်သွားလေသည်။

"သည်လူနှစ်ယောက်က ဘာလုပ်မလို့ပါလိမ့်"

ထိုလူနှစ်ယောက်ကိုမြင်လျှင် လုဖုံးချီက နှုတ်ဆက်လိုက်လေသည်။

"ကွမ်းကြိုး ညီနောင်ပါလား"

ထိုလူနှစ်ယောက်က ရယ်မောလိုက်ကြလေသည်။

"ဟုတ်ပါတယ်ဗျာ"

"ကျုပ်တို့နှစ်ယောက်လို အညတရတွေကို ဂိုဏ်းချုပ်ကြီးက

မှတ်မိနေတာ ဂုဏ်ယူပါတယ်ဗျာ"

လုဖုံးချီက…

"မင်းတို့ညီအစ်ကိုနှစ်ယောက်က သဘောမနောကောင်းပြီး မိတ်ဆွေတွေကို ကူညီနေကြတယ်ဆိုပေမယ့် တစ်ခါတစ်ခါမှာ မှားတယ်မှန်တယ် မဝေခွဲဘဲ လုပ်ကိုင်ဆောင်ရွက်တတ်ကြတာကြောင့် ပြောစရာဖြစ်နေတယ်ဆိုတာကို သတိထားကြဦး"

အစ်ကိုကြီးဖြစ်သော ကွမ်းကြုံးအိက…

"ကျုပ်တို့ကို ခုလိုဆုံးမစကားပြောတာ ကျေးဇူးတင်ပါတယ်ဗျာ"

လုဖုံးချီ ပြုံးလိုက်သည်။

"သည်ကနေ့ မင်းတို့ကိုကြည့်ရတာ သိပ်ပြီးသဘောကောင်းနေသလိုပဲ၊ ကဲ ကျုပ်ဆီကို ဘယ်လိုအကြောင်းကိစ္စနဲ့ရောက်လာကြတာလဲ ပြောပါဦး"

အငယ်ဖြစ်သော ကွမ်းကြုံးအော့က…

"ရွှေပလွေပေါ့ဗျာ"

"ဘာ"

ဝမ်းကျိုးစန်းလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လုဖုံးချီက…

"ရွှေပလွေက ဘာဖြစ်လို့လဲ"

ကွမ်းကြုံးအော့က…

"ဂိုဏ်းချုပ်ကြီးရဲ့ ရွှေပလွေကို ကျုပ်တို့ ခဏငှားချင်လို့ပါဗျာ"



"မင်း ဘယ်လိုပြောလိုက်တာလဲ"

လုဖုံးချီ မကျေမနပ်ဖြစ်သွားလေသည်။

ကွမ်းကြုံးအိက…

"ကျုပ်တို့မှာ အခက်အခဲတစ်ခုနဲ့ရင်ဆိုင်နေရပါတယ်၊ ဒါကြောင့် ရွှေပလွေကို ခဏလောက်ငှားရမ်းချင်လို့ပါဗျာ"

လုဖုံးချီ၏မျက်နှာ နီရဲခက်ထန်သွားလေတော့သည်။

"မင်းတို့ စော်ကားလှချည်လား၊ ကျုပ်ကို ဂရုစိုက်စရာမလိုဘူးလို့များ ထင်နေကြသလား"

"သည်လိုမဟုတ်ပါဘူးဗျာ၊ ကျုပ်တို့မှာ အခက်အခဲကြုံနေလို့ အကူအညီတောင်းတာပါ"

ကွမ်းကြုံးညီနောင်သည် မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင်သိုင်းသမားများဖြစ်ကြပါသော်လည်း အလွန်တန်ဖိုးရှိသည့် ရွှေပလွေကို ငှားရမ်းလာခြင်းကြောင့် လုဖုံးချီ ဒေါသထွက်ရသလို ခွင့်လွှတ်မရနိုင်အောင် ဖြစ်မိလေသည်။

"မင်းတို့ အခက်အခဲကြုံတာနဲ့ ကျုပ်ရဲ့ရွှေပလွေကို ငှားရမ်းတာ ဘာဆိုင်လို့လဲ၊ ပြောစမ်းပါဦး"

ကွမ်းကြုံးအိက…

"ကျုပ်တို့ရဲ့ မိတ်ဆွေတစ်ယောက်ဟာ အန္တရာယ်နဲ့ရင်ဆိုင်နေရပါတယ်၊ သူ့ကိုကူညီဖို့ မိတ်ဆွေတွေလိုအပ်နေသလို ရွှေပလွေလိုလက်နက်ကောင်းတွေလည်း လိုအပ်နေတာ အမှန်ပါပဲဗျာ"

လုဖုံးချီက….

"ကောင်းပြီ၊ မင်းတို့ မိတ်ဆွေက ဘယ်သူလဲ၊ ဘယ်လိုအ

ခက်အခဲအန္တရာယ်နဲ့ ရင်ဆိုင်နေရတာလဲ၊ ပြောပါ"

ကွမ်းကြိုးညီနောင် အချင်းချင်းကြည့်လိုက်ကြလေသည်။

အမှန်အတိုင်း ထုတ်ဖော်ပြောပြဖို့ အခက်အခဲရှိနေကြပုံမျိုး ဖြစ်လေသည်။

ကွမ်းကြိုးအိ သက်ပြင်းချလိုက်လေသည်။

"အင်း...ကျုပ်တို့က ဂိုဏ်းချုပ်ကြီးကို ဒုက္ခမပေးချင်တော့ပါဘူး၊ ကျုပ်တို့ကို သွားခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး လှည့်ထွက်သွားတော့သည်။

လုဖုံးချီနှင့် ဝမ်းကျိုးစန်းတို့ ကြောင်အမ်းအမ်းဖြစ်သွားကြ၏။ လုဖုံးချီက...

"မင်းတို့ ပြောချင်တာပြောပြီး ထွက်သွားလို့ရမလား"

ဟုငေါက်လိုက်ရာ ဝမ်းကျိုးစန်းက ဟန့်တားလိုက်လေသည်။

"သူတို့ သွားပါစေဗျာ"

လုဖုံးချီ သက်ပြင်းချလိုက်လေသည်။

ဝမ်းကျိုးစန်းက ပရိတ်သတ်များဘက်သို့ လှည့်ကာ ပြောလိုက်လေသည်။

"အားလုံးသော ပရိတ်သပ်အပေါင်းတို့ခင်ဗျာ..ယှဉ်ပြိုင်ပွဲမှာ ဂိုဏ်းချုပ်ကြီးလုဖုံးချီ အနိုင်ရသွားပါပြီ၊ လေလွင့်ဓားသမားရှုံးနိမ့်သွားပါပြီ၊ ဒါကြောင့်လည်း သူဟာ သိုင်းလောကက အနားယူဖို့ကတိပေးသွားပါပြီ၊ ယှဉ်ပြိုင်ပွဲပြီးဆုံးသွားပြီဖြစ်လို့ အားလုံးပြန်နိုင်ကြပါပြီဗျာ"



ဟု ကြေငြာလိုက်လေသည်။

ပရိတ်သတ်များကလည်း သောင်းသောင်းဖျဖျ ဩဘာပေးလိုက်ကြလေသည်။

ထို့နောက် လုဖုံးချီအားနှုတ်ဆက်ကာ အသီးသီးပြန်သွားကြလေတော့သည်။

ရှောင်လီလည်း ပရိတ်သတ်များကြား၌ ရောနှောကာ ထွက်လာခဲ့လေသည်။

သူ၏မျက်လုံးထဲ၌ ရွှေပလွေကို မြင်ယောင်နေမိလေသည်။

♠ ♠ ♠

ရောင်လွှသည် လမ်းပေါ်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်လေသည်။

သူ၏မျက်လုံးထဲ၌ ရွှေပလွေကို မြင်ယောင်နေဆဲ။

ရွှေပလွေသည် အလွန်ထူးခြားသော လက်နက်တစ်ခုဖြစ်နေပါသည်။

"ငါလည်း သိုင်းလောကထဲမှာ ကျင်လည်ကျက်စားမယ်ဆိုယင် လက်နက်ကောင်းတစ်ခု လိုအပ်မှာအမှန်ပဲ၊ ရွှေပလွေကို ရယူထားလိုက်ယင် ကောင်းမလား"

ထို့နောက် သူ၏အတွေးထဲ၌ သူ၏ဘဝတွင် အရေးပါပြီး ပါဝင်ပတ်သက်ခဲ့သူများ၏ မျက်နှာများကို မြင်ယောင်လာမိလေ၏။

အမှန်တော့ သူသည် မိဘမဲ့တစ်ကောင်ကြွက် ဖြစ်ပါသည်။

မိဘများကွယ်လွန်သွားသောအခါ ဦးလေးဖြစ်သူက မိဘများ၏ပစ္စည်းများကို သိမ်းပိုက်ကာ သူ့အားအိမ်ပေါ်မှ မောင်းချခဲ့လေသည်။

သို့ဖြင့် လမ်းပေါ်ရောက်ခဲ့ရပြီး လူတကာ၏ နှိပ်စက်ကလူပြုမှုခြင်းခံခဲ့ရလေသည်။

တစ်နေ့တွင် ခရီးထွက်လာသည့် သိုင်းဆရာကြီးတစ်ယောက်က တွေ့ရှိကာခေါ်ဆောင်သွားခဲ့သည်။

ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့်အပြင် စာပေပညာ၊ သိုင်းပညာ သင်ကြားပေးခဲ့လေသည်။

ရောင်လီသည် သိုင်းဆရာကြီးထံ၌ ပညာသင်ယူယင်း အရွယ်ရောက် ကြီးပြင်းလာခဲ့ရလေသည်။



သို့သော်...

ရောင်လီမှာ ဆရာကြီး၏ တင်းကြပ်သောစည်းကမ်းများကြောင့် မပျော်ပိုက်ခဲ့ချေ။

ဆရာကြီးကလည်း ရောင်လီအကြောင်းကို ရိပ်မိပြီး နောက်ဆုံးထွက်သွားခွင့် ပြုခဲ့လေသည်။

ရောင်လီ သိုင်းလောကသို့ ထွက်သွားကာနီးတွင် ဆရာကြီးကအရေးကြီးသော စကားများ မှာကြားလိုက်လေသည်။

မည်သို့ဆိုစေ...

ရောင်လီမှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနိုင်တော့မည် ဖြစ်၍ ဝမ်းသာပျော်ရွှင်နေတော့သည်။

ထို့နောက် သစ်ပင်တစ်ပင်ပေါ် ခုန်တက်ကာ သစ်ကိုင်းတစ်ကိုင်းပေါ် လှဲချကာ မျက်လုံးမှိတ်၍အနားယူနေလိုက်လေတော့သည်။

♠ ♠ ♠

## ပျောက်ဆုံးခြင်း

"တုံ...တုံ"

အဝေးမှ အုန်းမောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာလေသည်။

ညဥ့်နှစ်ချက်တီးပြီ ဖြစ်သည်။

ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေးရှိနေသည်။

ကြယ်ကလေးများလည်း မလင်းတစ်လှည့် လင်းတစ်လှည့် ဝင်းလက်တောက်ပနေသည်။

ကြယ်ရောင်လရောင်ရှိသော်လည်း နက်ရှိုင်းလှသော ည၏ အမှောင်ထုကို ထိုးဖောက်နိုင်စွမ်းမရှိ ဖြစ်နေပါ၏။

ကြူးထိန်မြို့သည် ည၏အမှောင်ထုအောက်၌ အိပ်မော ကျနေပြီဖြစ်လေသည်။



မြို့တောင်ဘက်၌ ခြံဝင်းကျယ်ကြီးတစ်ခု ရှိနေသည်။

ထိုခြံဝင်းထဲ၌ ကြူးထိန်ခြသေ့်ဂိုဏ်း၏ဌာနချုပ်အဆောက် အဦးကြီးရှိနေပါသည်။

အဆောက်အဦးကြီးသည်လည်း အမှောင်ထုအောက်၌ တိတ်ဆိတ်ငြိမ်သက်နေပါတော့သည်။

ညလေအေးများ တိုက်ခတ်လာလေသည်။

"ဂစ်"

ညဥ့်ငှက်တစ်ကောင်က စူးစူးဝါးဝါး အော်မြည်ကာ ပျံသန်း သွားလေသည်။

ရုတ်တရက်...

လူရိပ်နှစ်ခုသည် အမှောင်ထုကို အကာအကွယ်ယူကာ အ ဆောက်အဦးကြီးအနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွားလေသည်။

လူရိပ်နှစ်ခု အဆောက်အဦးကြီးအနီးသို့ ရောက်ရှိသွားချိန် မှာပင် အရှေ့ဘက်မှ ခြေသံများထွက်ပေါ်လာလေသည်။

မီးအိမ်ကိုင်ဆောင်ထားသော အစောင့်နှစ်ယောက် ကင်း လှည့်လာကြခြင်း ဖြစ်လေသည်။

ထိုအစောင့်နှစ်ယောက်သည် စကားတပြောပြောဖြင့် ဖြတ် ကျော်သွားကြလေသည်။

သူတို့သည် အမှောင်ရိပ်ထဲ၌ ပုန်းအောင်းနေသူနှစ်ယောက် ကိုတွေ့မြင်သွားခြင်း မရှိကြပါချေ။

အစောင့်နှစ်ယောက်က ဖြတ်ကျော်သွားတော့မှ လူနှစ် ယောက်က ပုန်းကွယ်ရာမှ ထွက်လိုက်ကြလေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်က....

"ညီလေး..ဂိုဏ်းချုပ်လုဖုံးချီရဲ့အခန်း ဘယ်မှာရှိတယ်ဆိုတာ သိတယ်မဟုတ်လား"

ဟု ကျန်တစ်ယောက်အား တီးတိုးမေးလိုက်လေသည်။

"သူတို့ရဲ့ဂိုဏ်းသားတစ်ယောက်ကို ကျုပ်က အရက်မူးအောင်တိုက်ပြီး စုံစမ်းထားတာပါဗျာ၊ သည်အဆောက်အဦးကြီးရဲ့ မြောက်ဘက်ခြမ်းမှာ ရှိပါတယ်ဗျာ"

"ဒါဖြင့် သွားကြစို့"

"ကောင်းပြီ"

ထို့နောက် နှစ်ယောက်သား ဂိုဏ်းချုပ်လုဖုံးချီ၏ အခန်းရှိရာသို့ အမှောင်ရိပ်ခိုကာ သွားလိုက်ကြလေသည်။

မြောက်ဘက်သို့ရောက်လျှင် အဆောက်အဦးနံဘေး၌ ပန်းဥယျာဉ်ကြီးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

နှစ်ယောက်သား တိတ်တဆိတ်ချဉ်းကပ်သွားကြပြီးလျှင် တစ်ယောက်က...

"တို့တတွေ ပြတင်းပေါက်ဖွင့်ပြီး ဝင်ကြမယ်"

"ကောင်းသားပဲ"

ကျန်တစ်ယောက်က ထောက်ခံလိုက်လေသည်။

ထိုလူနှစ်ယောက်က မနက်ပိုင်းက လက် လျှော့ပြန်သွားခဲ့ကြသည့် ကွမ်းကြုံးညီနောင်ဖြစ်လေသည်။

နှစ်ယောက်သား ညအမှောင်ထုကို အကာအကွယ်ယူကာ ဂိုဏ်းချုပ်လုဖုံးချီထံသို့ ပြန်လာခဲ့ကြခြင်း ဖြစ်လေသည်။



နှစ်ယောက်သား ပြတင်းပေါက်အနီး၌ တကုပ်ကုပ်ဖြင့် အလုပ်ရှုပ်သွားကြ၏။

"ချပ်"

မကြာမီ ပြတင်းတံခါး ပွင့်သွားလေသည်။

အတွင်းဘက်၌ မှောင်မည်းနေပါသည်။

"သတိထား"

ကွမ်းကြုံးအော့က တီးတိုးသတိပေးလိုက်လေသည်။

ထို့နောက် ပြတင်းပေါက်ကို ခွကျော်ကာ နှစ်ယောက်သား အတွင်းဘက် ဝင်လိုက်ကြသည်။

သူတို့ ဝင်သွားသောအခန်းမှာ လုဖုံးချီ၏စာဖတ်ခန်းဖြစ်သည်။

လုဖုံးချီက သူ၏ရွှေပလွေအား စာဖတ်ခန်းထဲ၌ သိမ်းဆည်းထားသည်ဟု ကွမ်းကြုံးအိတို့ သတင်းရထားသည် မဟုတ်ပါလား။

စာဖတ်ခန်းနှင့်ကပ်လျက် လုဖုံးချီ၏အိပ်ခန်း ရှိနေပါသည်။

ကွမ်းကြုံးအိတို့သည် စာဖတ်ခန်းထဲ ခြေချမိလိုက်လျှင် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေလိုက်ကြလေသည်။

ထူးခြားမှု ဘာတစ်ခုမျှ ဖြစ်ပေါ်မလာတော့မှ နှစ်ယောက်သား ရဲရဲတင်းတင်း ဖြစ်လာကြလေတော့သည်။

"မြန်မြန်လုပ်"

ကွမ်းကြုံးအိက ပြောလိုက်ခြင်းဖြစ်သည်။

ထို့နောက် နှစ်ယောက်သား စမ်းတဝါးဝါးဖြင့် လိုက်လံရှာဖွေကြလေတော့သည်။

အခန်းထောင့်၌ စာအုပ်များ တားရှိသောဘီရိုတစ်လုံး ရှိနေပါသည်။

ရွှေပလွေအား ထိုစာအုပ်ဘီရိုထဲ၌ သိမ်းဆည်းထားသည်ဟု သိရခြင်းဖြစ်သည်။

နှစ်ယောက်သား အတန်ကြာ စမ်းတဝါးဝါးဖြင့် ရှာဖွေပြီးမှ စာအုပ်ဘီရိုကြီးတစ်ခုကို တွေ့လိုက်ရသည်။

ကွမ်းကြိုးအော့က...

"ကျုပ်တို့ မှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ အချိန်ကုန်တယ်၊ မတော်တဆ ဟိုဟိုသည်သည် ဝင်တိုက်မိယင် အသံဗလံမြည်ပြီး လုဖုံးချီ နိုးသွားနိုင်တယ်"

ကွမ်းကြိုးအိက...

"ဟုတ်တယ်၊ မီးထွန်းပြီး ခပ်သုတ်သုတ်ရှာကြတာပိုကောင်းမယ်၊ လုဖုံးချီဟာ တစ်ခါတစ်ခါ ညဦးနက်သန်းခေါင်အထိ မီးထွန်းပြီး စာဖတ်တတ်တဲ့အကျင့်ရှိတယ်၊ သည်အခန်းထဲက မီးရောင်မြင်ရလို့လည်း ရုတ်တရက် ဘယ်လိုမှသဘောထားကြမယ် မထင်ဘူး၊ လုဖုံးချီ စာဖတ်နေတယ်ပဲ ထင်ကြမှာ၊ သည်အခွင့်အရေးကို အသုံးချကြတာပေါ့"

"ကောင်းပြီ"

နှစ်ယောက်သား မီးထွန်းကာ ရှာဖွေရန် ဆုံးဖြတ်လိုက်ကြလေသည်။

မီးထွန်းလိုက်သဖြင့် အလင်းရောင်ထွက်ပေါ်လာလေသည်။



ကွမ်းကြိုးညီနောင်က ဘီရိုကိုဖွင့်ကာ ရွှေပလွေအား ရှာဖွေလိုက်ကြလေသည်။

သို့သော် ရွှေပလွေကို လုံးဝမတွေ့ရပါချေ။

ကွမ်းကြိုးညီနောင် စိတ်ပျက်သွားလေတော့သည်။

"ရှာလို့တွေ့သလား"

မေးမြန်းသံ ထွက်ပေါ်လာလေသည်။

ကွမ်းကြိုးအော့ ခေါင်းခါယမ်းလိုက်လေသည်။

"မတွေ့ဘူး"

ပြောပြီးမှ သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

နဖူးပေါ်၌လည်း ချွေးများစို့လာလေသည်။

အကြောင်းမှာ သူက အမှတ်တမဲ့ဖြေလိုက်သော်လည်း မေးလိုက်သည့်စကားသံမှာ ကွမ်းကြိုးအိ၏စကားသံမဟုတ်ကြောင်း ချက်ချင်းရိပ်မိလိုက်သည် မဟုတ်ပါလား။

ကွမ်းကြိုးအိ၏အသံ မဟုတ်လျှင် မည်သူ၏အသံဖြစ်ပါသနည်း။

ကွမ်းကြိုးအော့ မျက်လုံးပြူးသွားသည်။

အသက်ကို ဝဝရှူရှိုက်လိုက်သည်။

ထို့နောက် ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ထိုတဒင်္ဂအချိန်လေးမှာပင် အခန်းတွင်း၌ မီးရောင်များ ထိန်ထိန်လင်းသွားလေသည်။

မီးရောင်ကြောင့် အခန်းတွင်းဝယ် ရှင်းလင်းပြတ်သားစွာ တွေ့မြင်နေရပါတော့သည်။

ကြုံးထိန်ခြင်သို့ဂိုဏ်းသားများသည် အခန်းတွင်း၌ ရောက်ရှိနေကြပြီ ဖြစ်လေသည်။

ဂိုဏ်းသားများရှေ့၌ လူတစ်ယောက်က မားမားမတ်မတ် ရပ်နေပါသည်။ ထိုလူမှာ လုဖုံးချီ ဖြစ်လေသည်။

ကွမ်းကြုံးညီနောင် မျက်မှောင်ကုပ်သွားကြလေသည်။

လုဖုံးချီက သူတို့ တ်တ်တဆိတ်ရောက်လာသည်ကို ကြိုဟင်ရိပ်မိနေပြီ မဟုတ်ပါလား။

လုဖုံးချီက...

"မင်းရှာလို့ ဘယ်တွေ့မလဲ၊ ရွှေပလွေကို ကျုပ်က ကိုယ်နဲ့မကွာထားတာ၊ ညဘက်ရောက်လို့ အိပ်ယင်လည်း ခေါင်းအုံးအောက်မှာထားပြီး အိပ်တာ၊ မင်းတို့ စကားဖြတ်ပြီးထွက်သွားကတည်းက ညဘက်ရောက်ယင် တစ်ခေါက်ပြန်လာလိမ့်မယ်ဆိုတာ ငါတွေးမိသားပဲ"

ဟုပြောလာလေသည်။

ကွမ်းကြုံးညီနောင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

လုဖုံးချီက အခန်းတစ်ဘက်သို့ လှမ်းသွားလိုက်သည်။

စာဖတ်ခန်းနှင့် နံရံချင်းကပ်လျှက် အခြားအခန်းတစ်ခု ရှိနေပါသည်။

လုဖုံးချီက ထိုအခန်းတံခါးကို တွန်းဖွင့်လိုက်လေသည်။

တစ်ဘက်၌ သူ၏အိပ်ခန်း ရှိနေပါသည်။

လုဖုံးချီက ကွမ်းကြုံးညီနောင်ဘက်လှည့်ကာ ပြောလိုက်



လေသည်။

"ရွှေပလွေက ငါ့ရဲ့ခေါင်းအုံးအောက်မှာ ရှိနေတာကွ"

ပြောပြောဆိုဆို အခန်းထဲဝင်ပြီး ကုတင်ရှိရာသို့သွားကာ ခေါင်းအုံးအောက်ကို လက်နှိုက်လိုက်လေသည်။

"ဟိုက်"

လုဖုံးချီ လွှတ်ခနဲ အော်လိုက်လေသည်။

ကပျာကယာ ခေါင်းအုံးကို လှန်လှောလိုက်သည်။

ခေါင်းအုံးအောက်၌ တွန့်ကြေနေသော အိပ်ရာခင်းသာရှိနေပါတော့သည်။

ရွှေပလွေကား ပျောက်ချင်းမလှ ပျောက်ဆုံးသွားပြီဖြစ်ပါသည်။

လုဖုံးချီ နားမလည်နိုင်အောင် ဖြစ်သွားလေတော့သည်။

အိပ်ရာတစ်ခုလုံးကို လှန်လှောကာ နံ့နံ့စပ်စပ် ရှာဖွေလိုက်ပါသော်လည်း ရွှေပလွေအား အစအနရှာမရချေ။

"တောက်"

လုဖုံးချီ ဒေါသတကြီး တက်ခေါက်ယင်း ကွမ်းကြုံးအိတို့ဘက်သို့ လှည့်လိုက်လေသည်။

"သည်ကိစ္စ မင်းတို့သိရမယ်"

ဟုလည်း အော်ပြောလိုက်လေတော့သည်။

♠ ♠ ♠

## မပြေးသော်လည်းကန်ရာရှိ

လုဖုံးချီ၏အသံက ကျယ်လောင်စွာ ဟိန်းထွက်နေ၏။

ကွမ်းကြုံးညီနောင် ကြောင်အမ်းအမ်း ဖြစ်နေသည်။

အဖြစ်အပျက်ကို သူတို့လည်း နားမလည်နိုင်အောင်ဖြစ်နေ ကြပါတော့သည်။

ရွှေပလွေကို ခိုးယူဖို့ သူတို့လာခဲ့ကြခြင်း ဖြစ်လေသည်။

သို့သော် သူတို့မရမီ လုဖုံးချီက သူတို့အားဖမ်းမိသွားပြီ ဖြစ်သည်။

လုဖုံးချီက သူတို့အား ကြွားဝါရန်ကြိုးစားယင်း ရွှေပလွေ ပျောက်ဆုံးနေကြောင်း တွေ့လိုက်ရလေသည်။



လုဖုံးချီသည် ဒေါသတကြီးဖြင့် သူတို့အား စွပ်စွဲပြောဆိုလာပြီဖြစ်လေသည်။

ဆွမ်းခံယင်းငှက်သင့်ဆိုသော အဖြစ်မျိုးနှင့်ကြုံတွေ့လိုက်ရပြီဖြစ်ကြောင်း ကွမ်းကြုံးညီနောင် နားလည်လိုက်ကြလေတော့သည်။

ရွှေပလွေ…။

ရွှေပလွေက ပျောက်ဆုံးသွားပြီ ဖြစ်ပါသည်။

မည်သူက ခိုးယူသွားပါသနည်း။

ကွမ်းကြုံးအော့ ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်တို့ ဘာမှမသိပါဘူးဗျာ"

လုဖုံးချီ လက်မခံပါ။

"မလိုချင်ဘူး၊ မင်းတို့ သိကိုသိရမယ်"

"ကျုပ်တို့ တကယ်မသိဘူးဗျ"

"စကားမရှည်နဲ့ မှန်မှန်ပြောစမ်း"

ရုတ်တရက် လုဖုံးချီသည် ရှေ့တိုးလာပြီး ကွမ်းကြုံးအော့အား ပါးရိုက်ချလိုက်လေသည်။

"ဖြန်း"

ကွမ်းကြုံးအော့ ရှောင်တိမ်းရန်ကြိုးစားလိုက်သော်လည်း မလွတ်မြောက်နိုင်ပါချေ။

သူ၏ပါးပြင်၌ နီရဲသော လက်ငါးချောင်းရာကြီး အထင်းသားပေါ်လွင်သွားလေတော့သည်။

လုဖုံးချီ အော်ငေါက်လိုက်သည်။

"ပြောစမ်း၊ ရွှေပလွေ ဘယ်မှာလဲ"

ကွမ်းကြိုးအော့ ဒေါပွသွားလေသည်။

"ကျုပ်တို့လက်ချက် မဟုတ်ဘူးဆိုတာ သိလျက်နဲ့ ဘာကြောင့် တဘက်သတ်စွပ်စွဲနေရတာလဲဗျ"

ဟု ပြန်အော်လိုက်လေသည်။

လုဖုံးချီသည်လည်း ရွှေပလွေ ပျောက်ဆုံးသွားခြင်းကြောင့် အရူးတစ်ပိုင်း ဖြစ်နေပါတော့သည်။

"မင်းတို့မယူလို့ ဘယ်သူယူမလဲ"

ကွမ်းကြိုးအော့က...

"ကျုပ်တို့ယူတယ်ဆိုယင် ကျုပ်တို့ဆီမှာ ရှိရမှာပေါ့၊ ကျုပ်တို့က ရွှေပလွေကို လိုက်ရှာနေတာ ခင်ဗျားတွေ့မြင်ခဲ့တာပဲ မဟုတ်လား"

လုဖုံးချီသည် ကွမ်းကြိုးအော့တို့ ရွှေပလွေကို ခိုးယူခြင်းမရှိကြောင်း သိထားသော်လည်း ပစ္စည်းပျောက်သွားခြင်းကြောင့် ခေါင်းမီးတောက်နေပြီး အစမ္မစွပ်စွဲနေခြင်း ဖြစ်လေသည်။

ကွမ်းကြိုးအိက...

"ကျုပ်တို့ခိုးတယ်ထင်ယင် ကျုပ်တို့ကိုယ်ပေါ်မှာ ရှာကြည့်ပါလား"

လုဖုံးချီကား ဒေါသထွက်၍မဆုံးအောင် ဖြစ်နေပါတော့သည်။

"ကောင်းပြီ မင်းဟိုနှစ်ယောက် ကျုပ်ရဲ့ပိုင်နက်ထဲက အသက်ရှက်လျှက် ထွက်မသွားစေရတော့ဘူးဆိုတာ မှတ်ထားပါ"

ပြော်ပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။



ထိုစဉ်....

"ခဏနေပါဦးဗျာ"

ဟန့်တားသံ ထွက်ပေါ်လာလေသည်။

ကွမ်းကြိုးညီနောင်နှင့် လုဖုံးချီတို့ လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ အခန်းတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ဝင်လာသူကား ဝမ်းကျိုးစန်းဖြစ်လေသည်။

ဝမ်းကျိုးစန်းက...

"ဆူဆူညံညံနဲ့ ဘာဖြစ်နေတာလဲဗျာ၊ ကျုပ်ကိုလည်း ပြောစမ်းပါဦး"

လုဖုံးချီက...

"သူတို့နှစ်ယောက်က ရွှေပလွေကို ခိုးယူသွားကြတာဗျ"

"ဟင်"

ဝမ်းကျိုးစန်း အံ့သြသွားလေသည်။

ကွမ်းကြိုးညီနောင်အား လှမ်းကြည့်လိုက်လေသည်။

ကွမ်းကြိုးညီနောင် ပြိုင်တူခေါင်းခါယမ်းလိုက်ကြသည်။

"ကျုပ်တို့ မခိုးဘူးဗျ"

ဟုလည်း ပြိုင်တူပြောလိုက်ကြလေသည်။

ဝမ်းကျိုးစန်း မျက်မှောင်ကုပ်သွား၏။

ကွမ်းကြိုးညီနောင်ကိုတစ်လှည့် လုဖုံးချီကိုတစ်လှည့်ကြည့်လိုက်လေသည်။

လုဖုံးချီက...

"မင်းတို့မခိုးလို့ ဘယ်သူကခိုးမှာလဲ ပြောစမ်း"

ဟုငေါက်လိုက်လေသည်။

"ကျုပ်တို့ မခိုးဘူးဗျ"

ကွမ်းကြုံးညီနေင်ကလည်း ပြန်လည်အော်ပြောလိုက်ကြသည်။

"တောက်"

လုဖုံးချီ ဒေါသတကြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"နေပါဦးဗျာ"

ဝမ်းကျိုးစန်းက ဟန့်တားလိုက်ရပြန်လေသည်။

အခြေအနေမှာ ဖြေရှင်း၍မရဘဲ လိပ်ခဲတည်းလည်းဖြစ်နေပါတော့သည်။

ထိုအချိန်မှာပင်...

"သူတို့ကို လွှတ်ပေးလိုက်ပါဗျာ"

စကားသံတစ်ချက် ထပ်မံထွက်ပေါ်လာပြန်လေသည်။

ထိုစကားသံက ပြတင်းပေါက်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

လူတစ်ယောက်က ပြတင်းပေါက်ဘောင်ပေါ်၌ ထိုင်နေသည် ကိုတွေ့လိုက်ရလေသည်။

အားလုံး အံ့ဩသွားကြသည်။

လုဖုံးချီက...

"မင်းက ဘယ်သူလဲ"



ဟုမေးလိုက်သည်။

ပြတင်းပေါက်ဘောင်ပေါ်၌ ထိုင်နေသူက...

"ကျုပ်က ရှောင်လီပါ၊ ရွှေပလွေကို ခိုးယူထားတာ ကျုပ်ပါပဲ၊ သူတို့နဲ့မဆိုင်ပါဘူး"

ဟုပြောလေသည်။

ထိုလူကား ရှောင်လီဖြစ်လေသည်။

ရှောင်လီက သူ ခိုးယူထားသော ရွှေပလွေကို ထုတ်ပြလိုက်လေသည်။

"ဟာ"

ရှောင်လီ၏လက်ထဲ၌ ရွှေပလွေအား တွေ့လိုက်ရခြင်းကြောင့် အားလုံးတအံ့တဩ ဖြစ်သွားကြပါတော့သည်။

လုဖုံးချီက...

"ပြန်ပေးစမ်း"

အော်ငေါက်ယင်း လျှပ်တပြက် ခုန်ဝင်သွားလေသည်။

သို့သော်...

"ဟူး"

ရှောင်လီထံသို့ မရောက်မီ ကျွမ်းပစ်ကာ နောက်သို့ပြန်လည်ခုန်ဆုတ်လာရလေသည်။

သူ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေပါတော့သည်။

နဖူးပေါ်၌လည်း ချွေးများစို့နေသည်။

ရှောင်လီအား မယုံနိုင်စွာကြည့်လိုက်လေသည်။

"မင်း...မင်း"

စကားဆုံးအောင် မပြောနိုင်ဘဲ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေပါတော့သည်။

ရှောင်လီက…

"သိုင်းလောကမှာ ရပ်တည်မယ်ဆိုယင် လက်နက်ကောင်းတစ်ခုလိုတယ် မဟုတ်လား၊ ရွှေပလွေကို ကျုပ် သဘောကျသွားပြီဗျ။ ဒါကြောင့် ကျုပ်ရဲ့လက်နက်အဖြစ် အသုံးပြုဖို့ယူထားလိုက်မလို့"

"မင်း..မင်း"

လုဖုံးချီသည် ရှေ့တိုးတိုက်ခိုက်ရန် ဟန်ပြင်ပြီးမှ ရပ်တန့်လိုက်လေသည်။ ရှောင်လီ ပြုံးလိုက်လေသည်။

"ကဲ သူတို့နဲ့ မဆိုင်ဘူးဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

ကွမ်းကြိုးညီနောင်ကို ညွှန်ပြကာ ပြောလိုက်သည်။

တဖန်…

"ကဲ ကျုပ်ကို ခွင့်ပြုပါဦးဗျာ"

ဟုပြောကာ ပြတင်းပေါက်အပြင်ဘက်သို့ ခုန်ဆင်းသွားရန် ဟန်ပြင်လိုက်လေသည်။

"နေဦး"

ဝမ်းကျိုးစန်းက ဟန့်တားလိုက်လေသည်။

ဟန့်တားယင်း ရှောင်လီထံသို့ ပြေးဝင်သွားလိုက်သည်။

တဟုန်ထိုး ပြေးဝင်တိုက်ခိုက်တော့မည့် သဘောဖြစ်သည်။

သို့သော် ရှေ့သို့ပြေးထွက်သွားယင်း တုန်းခနဲ ရပ်သွားလေသည်။



…အားပြေးဝင်သွားမည့် အသွင်သဏ္ဌာန်ဖြင့် မလှုပ်မယှက် ရပ်နေလိုက်ခြင်းဖြစ်လေသည်။

ရှေ့လည်းမတိုး နောက်လည်းမဆုတ်ဘဲ သည်အတိုင်းရပ်နေလိုက်ခြင်း ဖြစ်လေသည်။

"ဟား..ဟား..ဟား"

ရှောင်လီ၏ရယ်မောသံ ထွက်ပေါ်လာလေသည်။

ရှောင်လီက တဟားဟား ရယ်မောလိုက်သည်။

ထို့နောက် တစ်ဘက်သို့ ခုန်ဆင်းသွားပြီး အမှောင်ရိပ်ထဲတိုးဝင်ကာ ပျောက်ကွယ်သွားလေတော့သည်။

အားလုံး မှင်တက်မိနေကြသည်။

ရှောင်လီ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ သတိဝင်လာကြလေသည်။

"ပြေးပြီဟေ့"

တစ်ယောက်က အော်ပြောလိုက်လေသည်။

ထိုအခါမှ…

"ဟုတ်တယ်၊ ရွှေပလွေကိုယူပြီး ထွက်ပြေးသွားပြီ"

"လိုက်ကြ"

"မလွတ်စေနဲ့"

တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောဆိုသံများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာလေသည်။

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

လုဖုံးချီက…

"မလွတ်စေနဲ့ လိုက်ကြစမ်း"

ဟုအော်ပြောလိုက်လေသည်။

ဤတွင် ကွမ်းကြိုးညီနောင်လည်း အခွင့်အရေးကို လက်လွတ်မလံဘဲ ထွက်ပြေးသွားကြလေတော့သည်။

♠ ♠ ♠

ရှောင်လီသည်လည်းကောင်း၊ ကွမ်းကြိုးညီနောင်သည်လည်းကောင်း ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

ဝမ်းကျိုးစန်းကား ရှေ့သို့ပြေးထွက်သွားတော့မည့် အနေအထားဖြင့် မလှုပ်မယှက် ရှိနေဆဲ။

လုဖုံးချီက…

"မိတ်ဆွေ ကျုပ်တို့လည်း လိုက်သွားကြရအောင် ခြံထဲမှာ အငှစောင့်အကြပ်တွေ ပြည့်နေတာပဲ၊ သူတို့ထွက်ပြေးလို့ မလွယ်ပါဘူး"

ဟု လှမ်းပြောလိုက်လေသည်။

ဝမ်းကျိုးစန်းက ငြိမ်နေသည်။

သူ့ထံမှ တုန့်ပြန်စကားသံ ထွက်ပေါ်လာခြင်းမရှိပါချေ။

"မိတ်ဆွေ"

လုဖုံးရှီက ဝမ်းကျိုးစန်းအား ပခုံးပုတ်လိုက်လေသည်

ဝမ်းကျိုးစန်းက ရှေ့သို့ စိုက်ကြည့်နေသည်။

လုဖုံးချီ မျက်လုံးပြူးသွားလေသည်။



ယခုမှ အခြေအနေမှန်ကို နားလည်သဘောပေါက်သွားလေတော့သည်။

"လက်စသတ်တော့ သူက သွေးကြောပိတ်ခံနေရတာကိုး"

ဟုလည်း အထိတ်တလန့် ရေရွတ်လိုက်လေသည်။

ခြင်္သေ့ဂိုဏ်း၏ဂိုဏ်းချုပ် အမှတ်အသား ရွှေပလွေမှာ ခိုးယူခံလိုက်ရလေသည်။

ထိုသတင်းမှာ သိုင်းလောက၌ ချက်ချင်းပျံ့နှံ့သွားတော့မည်ဖြစ်သည်။

ခိုးယူသွားသူမှာ ရှောင်လီဆိုသူဖြစ်ကြောင်းလည်း သိုင်းလောကသားများ သိရှိသွားကြလိမ့်မည် ဖြစ်သည်။

ရှောင်လီ….။

ရှောင်လီသည် သိုင်းလောကထဲ၌ ယခုမှ ထွက်ပေါ်လာသူဖြစ်ပါသည်။

သိုင်းလောက မျက်နှာစိမ်း ရှောင်လီကလျှမ်းလျှမ်းတောက်ကျော်ကြားနေသော ရွှေပလွေကို ခိုးယူသွားနိုင်ခဲ့ခြင်းကြောင့် သိုင်းလောကတစ်ခုလုံး ထူးဆန်းအံ့သြနေကြလိမ့်မည် ဖြစ်လေသည်။

ရှောင်လီ၏ အကြောင်းကို လိုက်လံစုံစမ်းလိမ့်မည်ဖြစ်ပါသည်။

သို့ဖြင့်…

သိုင်းလောကရှိ လူတိုင်းပါးစပ်ဖျား၌ ရှောင်လီ၏အမည်ကို ပြောဆိုနေကြလိမ့်မည် ဖြစ်လေသည်။

ရှောင်လီသည် သူရဲကောင်းတစ်ယောက်လော၊ သူခိုးတစ်

ယောက်လော။

ရွှေပလွေကို အတင့်ရဲစွာ ခိုးယူသွားခြင်းကြောင့် သိုင်းလောကအား ဖျက်ဆီးမည့်သူတစ်ယောက်ပေလော။

ဂိုဏ်းချုပ်လုဖုံးချီနှင့် ဝမ်းကျိုးစန်းတို့သည် ရှောင်လီမှာ သိုင်းပညာမဲ့သူဖြစ်ကြောင်း အထင်မှားသိရှိလိုက်ကြပြီ ဖြစ်လေသည်။

ဝမ်းကျိုးစန်းကိုယ်တိုင် ရှောင်လီက သူ့အားမည်သို့မည်ပုံ သွေးကြောပိတ်ခဲ့သည်ကို မသိလိုက်ပါချေ။

ထို့ကြောင့် လုဖုံးချီကဲ့သို့ အကြီးအကျယ် ဒေါသထွက်နေပါတော့သည်။

ရှောင်လီအား လုဖုံးချီတို့လူစုသာမက လေလွင့်ဂိုဏ်းမှလူများကပါ သဲကြီးမဲကြီး လိုက်လံရှာဖွေကြလေတော့သည်။

♠ ♠ ♠

## မပြေးတဲ့လူ

မြို့စွန်တစ်နေရာ…။

ချောင်ကျကျ အရက်ဆိုင်လေးတစ်ဆိုင်၌ လူနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ကာ အရက်သောက်နေကြလေသည်။

ထိုလူနှစ်ယောက်မှာ အကြီးအကျယ် စိတ်သောကရောက်နေကြပါသည်။

သူတို့သည် ခြသေ့်ဂိုဏ်းမှ ထွက်ပြေးလွတ်မြောက်လာခဲ့သော ကွမ်းကြိုးညီနောင်ဖြစ်လေသည်။

ကွမ်းကြိုးအော့က အရက်တစ်ခွက်ငှဲ့သောက်လိုက်လေသည်။

ပြီးလျှင် ကွမ်းကြိုးအိကိုကြည့်လိုက်သည်။

"နာလိုက်တာဗျာ၊ ရွှေပလွေကို ရလည်းမရဘူး၊ နာမည်လည်းပျက်ရသေးတယ်၊ နောက်ဆို သိုင်းလောကသားတွေက သူခိုးလို့ သတ်မှတ်ကြတော့မှာ"

ဟု မကျေမနပ် ပြောလိုက်လေသည်။

ကွမ်းကြိုးအိက...

"သိုင်းလောကသားတွေ နောက်မှပြောတာ အရေးမကြီးဘူး၊ အခု ခွေးပြေးဝက်ပြေး ပြေးနေရတာက ဆိုးတာကွ"

မှန်ပေသည်။

လုဖုံးချီတို့လူစုသည်လည်းကောင်း၊ လေလွင့်ဂိုဏ်းသားများသည်လည်းကောင်း၊ သိုင်းလောကသားများသည်လည်းကောင်း သူတို့နောက်သို့ သဲကြီးမဲကြီး လိုက်နေကြပြီ မဟုတ်ပါလား။

ကွမ်းကြိုးအော့ ငိုင်သွားလေသည်။

"အင်း...ကျုပ်တို့ လမ်းပေါ်တောင် မထွက်ရဲတော့တာ အမှန်ပဲဗျ"

ဟုညည်းတွားလိုက်လေသည်။

ကွမ်းကြိုးအိက...

"တို့က ဟန်လုံကို ကတိပေးထားတာ ဘယ်လိုလုပ်ကြမလဲ"

ကွမ်းကြိုးအော့က...

"တော်စမ်းပါဗျာ၊ ကိုယ့်ကိုကိုယ်တောင် ဘယ်လိုအလွတ်ရုန်းရမယ်ဆိုတာ မသိသေးဘူး၊ သူ့ကိုဘယ်လိုလုပ်ပြီး ကူညီနိုင်တော့မှာလဲဗျ"



ကွမ်းကြိုးအိက...

"ကျုပ်တို့က သူ့ကိုကူညီမယ်လို့ ကတိပေးထားကြတာပဲ"

"ကတိပေးပေး မပေးပေး ကျုပ်တို့..."

ကွမ်းကြိုးအော့၏ စကားတစ်ပိုင်းတစ်စ ရပ်တန့်သွား၏။

အကြောင်းကား လူတစ်ယောက်အား ကတိပေးထားလျှင် ထိုကတိအတိုင်း ဆောင်ရွက်ရမည် မဟုတ်ပါလား။

နှစ်ယောက်သား ငြိမ်ကျသွားကြလေသည်။

ထိုစဉ်...

"ပေးကမ်းစွန့်ကြဲကြပါဗျာ"

တစာစာတောင်းရမ်းသံနှင့်အတူ လေလွင့်သူတစ်ယောက်က လမ်းမကြီးအတိုင်း လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ကွမ်းကြိုးညီနောင် ရင်ထိတ်သွားကြလေသည်။

လေလွင့်ဂိုဏ်းသားများအား ချောင်ကြိုချောင်ကြားမကျန်မည်သည့်နေရာတွင်မဆို တွေ့မြင်နိုင်သည် မဟုတ်ပါလား။

ကွမ်းကြိုးအော့ မျက်နှာပျက်နေသည်။

"ကျုပ်တို့ပြေးမှ ထင်တယ်"

ဟုပြောလိုက်သည်။

ကွမ်းကြိုးအိက...

"ခုချိန်မှာ လှုပ်လှုပ်ရှားရှားလုပ်လိုက်ယင် သူတို့ရိပ်မိသွားမှာပေါ့၊ သည်အတိုင်း ဣန္ဒြေမပျက်နေတာက အကောင်းဆုံးဖြစ်မယ်"

သူ၏စကား သဘာဝကျနေသဖြင့် ကွမ်းကြိုးအော့ လက်ခံလိုက်လေသည်။

နှစ်ယောက်သား ခေါင်းငုံ့ကာ ဆက်လက်ထိုင်နေလိုက်လေသည်။

သူတို့အား တွေ့မြင်သွားပါက လွတ်မြောက်နိုင်တော့မည်မဟုတ်ပါချေ။

သို့တိုင် လေလွင့်သူများသည် ဆိုင်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာကြသည်ကို တွေ့လိုက်ရလေသည်။

ဆိုင်ရှင်က အော်ငေါက် မောင်းထုတ်လိုက်လေသည်။

"ဟေ့..ဟေ့..ဆိုင်ထဲဝင်မလာနဲ့ ထွက်သွားကြစမ်း"

ကွမ်းကြိုးညီနောင် အနည်းငယ် စိတ်သက်သာရာရသွားကြလေသည်။

သို့သော်...

လေလွင့်သူတစ်ယောက်၏ စကားသံထွက်ပေါ်လာသည်ကိုကြားလိုက်ရသောအခါ ထိတ်လန့်သွားရပြန်တော့သည်။

"ကျုပ်ကို မောင်းထုတ်စရာမလိုပါဘူး၊ ဟောဟိုက ကျုပ်မိတ်ဆွေနှစ်ယောက်က ဖိတ်ထားလို့လာခဲ့တာဗျ"

ကွမ်းကြိုးအော့တို့ မနေနိုင်ကြတော့ဘဲ လှမ်းကြည့်လိုက်မိလေသည်။

ထိုအခါ...

ဗေဒါကိုဏ်းသားက သူတို့အားညွှန်ပြကာ ပြောဆိုနေခြင်းဖြစ်ကြောင်း တွေ့လိုက်ရလေသည်။



ကွမ်းကြိုးအော့ မျက်လုံးပြူးသွားလေသည်။

"ဒုက္ခပဲ"

ဟု လွှတ်ခနဲ ရေရွတ်လိုက်သည်။

ကွမ်းကြိုးအိက...

"ဘာဖြစ်တာလဲ"

ဟု တီးတိုးပြောလေသည်။

ထိုစဉ် ဆိုင်ရှင်ကလည်း သူတို့ဘက်သို့လှည့်ကာ မေးလာလေသည်။

"မိတ်ဆွေတို့က သူတို့ကို ဖိတ်ခေါ်ထားတာ ဟုတ်ရဲ့လားဗျာ"

"ဗျာ"

ကွမ်းကြိုးညီနောင် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိကြလေသည်။

လေလွင့်သူက ပြုံးလိုက်လေသည်။

"ကဲ..ခင်ဗျားတို့ပြောလိုက်ပါဦး"

ကွမ်းကြိုးအော့က ကြောင်အမ်းအမ်းဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်..ဟုတ်ပါတယ်ဗျာ"

ဆိုင်ရှင် ခေါင်းကုပ်လိုက်သည်။

"ခင်ဗျားတို့ခေါ်ထားတာဆိုယင်လည်း ကျုပ်မတားဆီးတော့ပါဘူးဗျာ"

သူက လမ်းဖယ်ပေးလိုက်လျှင် လေလွင့်သူ သဘောကျစွာ

ပြီးကာ ရှေ့ဆက် ဝင်လာလေသည်။

အနီးသို့ရောက်လျှင် ထိုင်ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်လေသည်။

စားပွဲပေါ်၌ရှိနေသော စားသောက်ဖွယ်ရာများကိုလည်း ယူကာ စားသောက်လိုက်လေသည်။

အရက်အိုးကိုလည်း မ,ယူကာမော့သောက်လိုက်လေသည်။

ကွမ်းကြိုးညီနောင်က သူတို့စားပွဲ၌ လာရောက်ထိုင်ချကာ ဗိုးဗိုးဖပ်ဖပ်နှိုက်ယူ စားသောက်နေသော လေလွင့်သူကို ငေးကြည့်နေကြလေသည်။

လေလွင့်သူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး မုတ်ဆိတ်မွေးရှည်လျားစွာ ရှိသူဖြစ်လေသည်။

ကွမ်းကြိုးညီနောင်သည် ဗေဒါကြီးကို စိုက်ကြည့်ယင်း တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာကြလေသည်။

တဒင်္ဂအချိန်အတွင်းမှာပင် တိုက်ခိုက်လိုစိတ် အကြိမ်တစ်ရာမကဖြစ်ပေါ်ခဲ့ကြသည်။

သို့သော် တကယ်တမ်း တိုက်ခိုက်ခြင်းမပြုဝံ့ဘဲ ငြိမ်နေကြသည်။

လေလွင့်သူက စားသောက်ပြီးလျှင် ပါးစပ်ကိုလက်ခုံဖြင့် သုတ်လိုက်လေသည်။

"ကောင်းလိုက်တာကွာ ဗိုက်ထဲကိုတင်းသွားတာပဲ၊ ငါ့ကို ကျွေးမွေးခွင့်ရတာ မင်းတို့အတော်ကံကောင်းတာကွ၊ ငါက သည်



ကျေးဇူးကိုထောက်ထားပြီး မင်းတို့ရဲ့အသက်ကို ကယ်တင်နိုင်တာပေါ့ကွာ"

ဟုပြောလာလေသည်။

ကွမ်းကြိုးညီနောင် ဘာမှမပြောကြပါ။

လေလွင့်ကြီးက...

"ငါပြောတာ မင်းတို့ကြားတယ် မဟုတ်လား"

ဟုမေးလေသည်။

ကွမ်းကြိုးအော့ ဒေါပွသွားလေသည်။

"ကြားသားပဲ၊ ခင်ဗျားလိုလေလွင့်နေတဲ့လူတစ်ယောက်က ကျုပ်တို့ အသက်ကို ကယ်တင်နိုင်မယ်ဆိုတာ ရယ်စရာကောင်းနေလို့ ဘာမှပြန်မပြောဘဲ နေကြတာပေါ့ဗျ"

"ညီလေး"

ကွမ်းကြိုးအိ ရင်ထိတ်ကာ ကပျာကယာ တားဆီးလိုက်လေသည်။

လေလွင့်သူကြီးက ကောင်းသောလာခြင်းဖြင့် ရောက်လာခြင်းမဟုတ်ကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

ကွမ်းကြိုးအော့က...

"အစ်ကိုကြီး...သူက တိုက်ခိုက်ချင်တယ်ဆိုယင် ခုလို အေးအေးဆေးဆေး ထိုင်ပြီးစားသောက်နေမှာ မဟုတ်ဘူးဗျ"

လေလွင့်ကြီး ပြုံးလိုက်လေသည်။

"ငါက ဝမ်းကျိုးစန်းဆိုယင်တော့ ဟုတ်တာပေါ့ကွာ၊ ဒါပေမယ့် ငါက သူမှမဟုတ်တာဘဲ၊ ငါ့နာမည်က 'မုရန်ကျူး'လို့ ခေါ်

တယ်လေကွာ"

မုရန်ကျူးဆိုသော အမည်ကြောင့် ကွမ်းကြိုးညီနောင်မှာ ချက်ချင်းထွက်ပြေးသွားလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

သူတို့၏မျက်နှာများ ဖြူဖပ်ဖြူရော် ဖြစ်နေပါတော့သည်။

မုရန်ကျူးသည် လေလွင့်ဂိုဏ်းချုပ်ကိုယ်တိုင် အားထားရသည့် တပည့်ကြီးတစ်ယောက် မဟုတ်ပါလား။

ဝမ်းကျိုးစန်းထက် သိုင်းပညာနှင့်ဩဇာအရှိန်အဝါ ဆယ်ဆမက ကြီးမားသူ၊ သာသူဖြစ်လေသည်။

မုရန်ကျူးအား အခြားသော ထိပ်တန်းသိုင်းသမားကြီးများ ဂိုဏ်းချုပ်များကပင် လေးစားကြရလေသည်။

မုရန်ကျူး ပြုံးလိုက်လေသည်။

"ဘယ်လိုလဲ၊ မင်းတို့အသက်ကို ငါက ကယ်တင်နိုင်လိမ့်မယ်ဆိုတာ မင်းတို့မယုံကြဘူးလား"

ကွမ်းကြိုးအော့ သက်ပြင်းချလိုက်လေသည်။

ခွန်အားများ လုံးဝပျောက်ဆုံးနေသူတစ်ယောက်၏ လေသံမျိုးဖြင့် ပြောလိုက်လေသည်။

"ကျုပ်တို့ ယုံကြည်ပါတယ်ဗျာ"

မုရန်ကျူးက....

"သည်လိုမှပေါ့၊ ကဲ ငါက မင်းတို့ကို ကယ်တင်မယ်ဆိုယင် မင်းတို့လက်ခံကြမလား"

ဟုမေးပြန်သည်။

ကွမ်းကြိုးအော့ ခေါင်းညိတ်လိုက်သည်။



"လက်ခံပါတယ်ဗျာ"

မုရန်ကျူးက...

"ကောင်းပြီ၊ မင်းတို့ ဘယ်လောက်အထိ ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုတဲ့အပေါ်မှာ မူတည်တယ်၊ ကဲ ပြောပါ ရှောင်လီက ဘယ်မှာလဲ"

ကွမ်းကြိုးအော့ ခေါင်းခါယမ်းလိုက်လေသည်။

"မသိပါဘူးဗျာ"

မုရန်ကျူး ပြုံးလိုက်လေသည်။

"မင်းတို့က ငါ့ကိုသဘောမကျဘူးလား"

ကွမ်းကြိုးအော့က...

"သဘောကျပါတယ်ဗျာ၊ ဒါပေမယ့် တကယ်မသိလို့ မသိဘူးပြောတာပါ"

"မင်းတို့ တကယ်မသိဘူး ဟုတ်လား"

"ကျုပ် ကျိန်တွယ်ပြောဝံ့ပါတယ်ဗျာ၊ တကယ်ကိုမသိတာပါ"

မုရန်ကျူးက...

"နေပါဦး ခြသေ့ဂိုဏ်းမှာ သူက မင်းတို့ကိုဝင်ကယ်သွားခဲ့တာပဲ မဟုတ်လား"

သက်ာမကင်းသောလေသံဖြင့် မေးလာလေတော့သည်။

ကွမ်းကြိုးအော့က...

"သူကယ်တာ မဟုတ်ပါဘူးဗျာ၊ ရှုပ်ရှုပ်ထွေးထွေးဖြစ်သွားတော့ ကျုပ်တို့လည်း အခွင့်အရေးကိုလက်လွတ်မခံဘဲ ထွက်ပြေး

လာခဲ့ကြတာပါ"

"ဟုတ်ပါတယ်ဗျာ"

ကွမ်းကြိုးအိကလည်း ကြားဝင် ရှင်းပြလိုက်လေသည်။

မုရန်ကျူး မျက်မှောင်ကုပ်သွားလေသည်။

သူ၏မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်ကာ တည်ကြည်လေးနက်သွားလေသည်။

တစ်စုံတစ်ခုအား လေးလေးနက်နက် တွေးတောစဉ်းစားနေပုံမျိုးဖြစ်သွားလေသည်။

ကွမ်းကြိုးညီနောင်လည်း အသာငြိမ်နေလိုက်ကြလေသည်။

အတော်ကလေးကြာမှ မုရန်ကျူး သက်ပြင်းချလိုက်လေသည်။

ကွမ်းကြိုးညီနောင်ကို စိုက်ကြည့်လိုက်သည်။

"အင်း..မင်းတို့ပြောတာတစ်မျိုး၊ လုဖုံးချီနဲ့ဝမ်းကျိုးစန်းကို့ပြောတာက တစ်မျိုးဖြစ်နေပါလားကွ"

ကွမ်းကြိုးအော့က...

"သူတို့ဟာ ရှောင်လီကြောင့် အရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ကြတော့ ကျုပ်တို့အပေါ်မှာ အပြစ်ပုံချလိုက်တာပါ၊ ရှောင်လီ ဘယ်သူဘယ်ဝါဆိုတာ မသိကြပါဘူး၊ ယုဉ်လည်းမယှဉ်နိုင်ကြပါဘူး၊ ဒါကြောင့် မဟုတ်မမှန် ပြောနေကြတာဗျ"

ချက်ချင်း ပြန်လည်ချေပလိုက်လေသည်။

မုရန်ကျူးက...



"သူက မင်းတို့အပေါ်မှာ အပြစ်ပုံချလိုက်တယ် ဟုတ်လား"

ကွမ်းကြိုးအော့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့သာ ရှောင်လီနဲ့အဆက်အသွယ်ရှိတယ်ဆိုယင် သည်မှာလာပြီး မှိုင်နေစရာမလိုပါဘူးဗျာ၊ ပြီးတော့ ကိုယ်တိုင်ဝင်ခိုးစရာလိုမှာတဲ့လားဗျာ၊ သေချာနေတဲ့ ရှောင်လီကို လွှတ်လိုက်ယင် ပြီးတာပဲ မဟုတ်လား"

မုရန်ကျူး သက်ပြင်းချလိုက်သည်။

"အင်း..ဒါလည်း ဟုတ်ပေသားပဲ"

သူက ကွမ်းကြိုးအော့တို့အား စေ့စေ့ကြည့်ပြီးမေးလေသည်။

"မင်းပြောတာ ဖြစ်နိုင်တာပဲ၊ နေပါဦး မင်းတို့က ဘာကြောင့် ရွှေပလွေကို လိုချင်ကြတာလဲ"

ကွမ်းကြိုးအော့က ကွမ်းကြိုးအိကို ကြည့်လိုက်သည်။

ကွမ်းကြိုးအိ သက်ပြင်းချလိုက်လေသည်။

ကွမ်းကြိုးအော့က...

"အခုမှတော့ ဘာထူးမှာလဲ၊ ပြောပြလိုက်တာပဲ ကောင်းပါတယ်ဗျာ"

ကွမ်းကြိုးအိ ခေါင်းညိတ်လိုက်လေသည်။

"အင်း..မထူးတော့ပါဘူး၊ ကျုပ် အမှန်အတိုင်းပြောပြပါ့မယ်ဗျာ၊ ကျုပ်တို့က ရွှေပလွေကို လိုချင်တာ လူတစ်ယောက်ကို ကူညီချင်လို့ပါ"

"ဪ"

မုရန်ကျူး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"မင်းတို့က ဘယ်သူ့ကိုကူညီချင်ကြတာလဲ ပြောပါဦး"

ကွမ်းကြုံးအိက...

"ဟန်လုံပါ ခင်ဗျာ"

မုရန်ကျူး မျက်မှောင်ကုပ်သွားပြန်လေသည်။

"ဟန်လုံဆိုတာ ကြယ်ပျံအာမခံဌာနပိုင်ရှင်ကို ပြောတာလား"

"ဟုတ်ပါတယ်ဗျာ"

ဟန်လုံဦးဆောင်သော ကြယ်ပျံအာမခံဌာနသည် သိုင်းလောက၌ နာမည်ထင်ရှားသော အာမခံဌာနဖြစ်လေသည်။

မုရန်ကျူးက...

"ဟန်လုံက အခက်အခဲရှိနေတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"နေပါဦး သူ့လိုနာမည်ကြီးတစ်ယောက်က ဘယ်လိုများ အခက်အခဲရှိနေတာလဲ ပြောစမ်းပါဦး"

ကွမ်းကြုံးအိလည်း ပြောလက်စနှင့် ဆက်၍ပြောပြလိုက်လေတော့သည်။

"ဟန်လုံက လူတစ်ယောက်ကို လိုက်လံပို့ဆောင်ပေးရဖို့ ရှိနေတယ်၊ ဒါကြောင့် သူ့မှာ အကူအညီလိုအပ်နေတယ်လေ၊ ကျုပ်တို့က သူ့ကိုကူညီနိုင်မယ့်လူတွေ ပစ္စည်းတွေ လိုက်လံရှာဖွေစု ဆောင်းပေးပြီး ကူညီနေကြတာပေါ့ဗျာ"

မုရန်ကျူးက...



"မင်းတို့က ဟန်လုံကို ကူညီနေကြတာကိုး၊ ဒါနဲ့ ရွှေပလွေကိုခိုးယူဖို့ကြိုးစားတာ ဘာဆိုင်လို့လဲ"

ကွမ်းကြုံးအိက...

"ဆိုင်တော့မဆိုင်ပါဘူး၊ ကျုပ်တို့လာခဲ့တာဟာ ကျန်းစုချန်းနဲ့ ဂိုဏ်းချုပ်လုဖုံးချီတို့ရဲ့ ယှဉ်ပြိုင်ပွဲကို ကြည့်ချင်လို့ပါ၊ သည်ပြိုင်ပွဲကို သိုင်းလောကသားတွေလည်း ရောက်လာကြလိမ့်မယ်လေ၊ ဟန်လုံကို ကူညီချင်တဲ့လူတွေနဲ့ တွေ့ကောင်းတွေ့နိုင်တာပေါ့"

ကွမ်းကြုံးအော့က...

"ကျုပ်တို့ရဲ့ အဓိကရည်ရွယ်ချက်က ပြိုင်ပွဲကိုလာကြည့်မယ့် သိုင်းလောကသားတွေထဲမှာ အကူအညီရနိုင်တဲ့လူ တွေ့ကောင်း တွေ့ရနိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါဗျာ"

မုရန်ကျူးက...

"မင်းတို့က ရွှေပလွေကိုတွေ့တော့ စိတ်ဝင်စားသွားခဲ့ကြတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

မုရန်ကျူး သက်ပြင်းချလိုက်လေသည်။

ကွမ်းကြုံးညီနောင်သည် ရောင်လီနှင့် ပတ်သက်ခြင်းမရှိကြောင်း ကောင်းစွာရိပ်မိသွားလေတော့သည်။

ဤသို့ဆိုလျှင် ရောင်လီအား မည်သို့ခြေရာခံကာ လိုက်လံရှာဖွေရပါမည်နည်း။

မုရန်ကျူးက...

"မင်းတို့ပြောတာကို ငါလက်ခံပါတယ်၊ ရောင်လီဟာ မင်း

တို့နဲ့ဘယ်လိုမှ မပတ်သက်ဘူးဆိုတာလည်း ငါယုံကြည်ပါတယ်"

ဟုပြောလိုက်သည်။

ကွမ်းကြိုးညီနောင် ဝမ်းသာသွားကြလေသည်။

မုရန်ကျူးက...

"တစ်ခုတော့ရှိတယ်၊ သူက အေးအေးဆေးဆေး ထွက်လာလို့ရပါလျှက်နဲ့ ဘာကြောင့် ထွက်မသွားဘဲ တစ်ခေါက်ပြန်လာခဲ့ရတာလဲ"

ကွမ်းကြိုးညီနောင် ငေးငိုင်သွားကြလေသည်။

ရောင်လီသည် ရွှေပလွေကို ရပြီးနောက် ထွက်သွားလျှင်ရပါလျှက်နှင့် အဘယ်ကြောင့် ပြန်လာခဲ့ရပါသနည်း။

မုရန်ကျူးက....

"သူက ဘာကြောင့်ပြန်လာရတယ်ဆိုတာ စဉ်းစားကြည့်ယင် အဖြေက တစ်ခုတည်းရှိတယ်၊ သူဟာ မင်းတို့ကို ကယ်တင်ချင်လို့ပြန်လာခဲ့တာပဲ"

"ဗျာ"

မုရန်ကျူး သုံးသပ်လိုက်သောစကားကြောင့် ကွမ်းကြိုးညီနောင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မုရန်ကျူးက...

"မင်းတို့ စဉ်းစားကြည့်လေ၊ သူ့ကြောင့် မင်းတို့ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ သူစဉ်းစားမိတယ်၊ ဒါကြောင့် တမင်သက်သက် တစ်ခေါက်ပြန်လာခဲ့တာပဲ"

ကွမ်းကြိုးညီနောင် အချင်းချင်းကြည့်လိုက်ကြလေသည်။



နောက်ဆုံးတွင် သူတို့နှစ်ယောက်သည် ရောင်လီနှင့် ပတ်ကိုပတ်သက်နေရမည်ဟု စွပ်စွဲကာ အဆုံးသတ်သွားသည်ချည်း ဖြစ်နေပါတော့သည်။

မုရန်ကျူးက...

"ကျုပ်က မင်းတို့ကိုဖမ်းထားလိုက်မယ်ဆိုယင် ရောင်လီက ငါ့ဆီကို ရောက်လာမှာပဲ"

ဟုပြောလိုက်လေသည်။

ကွမ်းကြိုးညီနောင် မကျေမနပ် ဖြစ်သွားကြလေတော့သည်။

မုရန်ကျူးသည်လည်း လုဖုံးချီ၊ ဝမ်းကျိုးစန်းတို့နှင့် မခြားတော့ကြောင်း နားလည်လိုက်ကြလေသည်။

မုရန်ကျူး၏လက်ထဲမှ လွတ်မြောက်ရန် မလွယ်ကြောင်းလည်း နားလည်လိုက်လေသည်။

ကွမ်းကြိုးအော့ ဒေါသထွက်သွားလေသည်။

"ခင်ဗျားလုပ်တိုင်း ကျုပ်တို့က ခေါင်းငုံ့ခံနေရမှာလားဗျ"

ဟု အော်ပြောလိုက်မိလေတော့သည်။

ကွမ်းကြိုးအိကလည်း မတတ်သာသည့်အဆုံး အန္တရာယ်ကို ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

"ခင်ဗျားက ကျုပ်တို့ကို ဖမ်းခေါ်ထားချင်တယ်ဆိုယင်တော့ ကျုပ်တို့ကို အနိုင်ယူနိုင်မှဖြစ်မယ်ဗျ"

မုရန်ကျူးက ရယ်မောလိုက်လေသည်။

"မင်းတို့ နှစ်ယောက်က ငါ့ကိုရင်ဆိုင်ကြတော့မယ်ပေါ့လေ"

"ဒါကတော့ ကျုပ်တို့ ဖြေရှင်းလို့မှမရတော့တာ ပြဿနာကို ရင်ဆိုင်သွားရတော့မှာပေါ့ဗျာ"

မုရန်ကျူး လက်ကာပြလိုက်လေသည်။

"ကျုပ်က မင်းတို့နှစ်ယောက်ကို ဒုက္ခပေးချင်တာ မဟုတ်ပါဘူး။ မင်းတို့ ဘာမှမဖြစ်စေရဘူးလို့ ကျုပ်အာမခံပါတယ်၊ ရှောင်လီကိုဖမ်းမိယင်တော်ပါပြီ"

ကွမ်းကြိုးအိက မေးလိုက်သည်။

"ခင်ဗျားက ကျုပ်တို့နဲ့ထောင်ပြီး ရှောင်လီကို ဖမ်းချင်တယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်"

မုရန်ကျူး ဝန်ခံလိုက်လေသည်။

ကွမ်းကြိုးအိက...

"ကျုပ်တို့က လက်မခံဘူးဆိုယင်ကော"

"မင်းတို့အတွက် ရွေးချယ်စရာလမ်းမရှိပါဘူးလေ"

မုရန်ကျူးက တည်ကြည်သော မျက်နှာထားဖြင့်ပြော၏။ ပြောသည့်အတိုင်း လုပ်မည့်အသွင် ရှိလေသည်။

ကွမ်းကြိုးအော့ ခေါင်းခါယမ်းလိုက်လေသည်။

"သည်လိုဆုံးဖြတ်မယ်ဆိုယင် ခင်ဗျား မှားလိမ့်မယ်"

"ကျုပ် ဘယ်တုန်းကမှ မမှားခဲ့ဘူး"

"ခုတော့ မှားပြီဗျ"

"ပြောစမ်းပါဦး၊ ကျုပ်က ဘာမှားတာလဲ"

ကွမ်းကြိုးအော့က....



"ကျုပ်တို့နဲ့ထောင်ဖမ်းတိုင်း ရှောင်လီကိုရနိုင်တာ မဟုတ်ဘူးဗျ"

"ဒါတော့ မင်းတို့အထင်ကိုး"

"ကျုပ်အထင်မဟုတ်ဘူး၊ ရှောင်လီက သူ့သဘောနဲ့သူ လုပ်ချင်ရာလျှောက်လုပ်နေတာ၊ သူ့ကို ထိမ်းသိမ်းဖို့လွယ်မှာ မဟုတ်ဘူး"

မုရန်ကျူး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ မင်းတို့ကို ဖမ်းထားတာတောင် သူရောက်မလာဘူးဆိုယင်တော့ မင်းပြောတဲ့စကားကို ငါလက်ခံလိုက်ပါ့မယ်ကွာ"

ကွမ်းကြိုးအော့ သက်ပြင်းချလိုက်လေသည်။

"ကောင်းပြီလေ၊ ခင်ဗျား သည်လိုပဲ ခံယူထားတယ်ဆိုယင် ကျုပ်တို့ကို ဖမ်းလိုက်ပါတော့ဗျာ"

မုရန်ကျူးက...

"မင်းက အေးအေးဆေးဆေး အဖမ်းခံမယ် ဟုတ်လား"

ကွမ်းကြိုးအော့ ခေါင်းခါယမ်းလိုက်သည်။

"အေးအေးဆေးဆေး အဖမ်းခံဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး၊ ကျုပ်တို့က ခင်ဗျားကို မယှဉ်နိုင်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် သည်အတိုင်းခေါင်းငုံ့ခံနေမယ့်အစား အတတ်နိုင်ဆုံး ခုခံသွားမှာပါဗျာ"

မုရန်ကျူး စိတ်ပျက်သွားလေသည်။

"ကောင်းပြီလေ၊ မင်းတို့ခုခံမယ်ဆိုယင်လည်း ပြင်းပြင်းထန်

ထန်မထိခိုက်စေရဘူးလို့ ငါကတိပေးပါတယ်”

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်သည်။

ကွမ်းကြိုးညီနောင်လည်း ဝုန်းခနဲ ထရပ်လိုက်ကြသည်။

ထို့နောက်...

“ယား”

ညာသံပေးကာ ပြိုင်တူတိုက်ခိုက်လိုက်ကြလေတော့သည်။

သို့သော်...

သူတို့ထက် သိုင်းပညာမြင့်မားသော မုရန်ကျူးအား မယှဉ်နိုင်ကြပါချေ။

ထိပ်တိုက် ရင်ဆိုင်မိလိုက်သည်နှင့်...

“ဝုန်း”

“အား”

“အမယ်လေး”

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ကွမ်းကြိုးညီနောင်မှာ မုရန်ကျူးကို မယှဉ်နိုင်ဘဲ လွင့်စဉ်သွားကြတော့သည်။

နှစ်ယောက်သား ကြမ်းပြင်ပေါ် လဲကျသွားကြလေသည်။

မုရန်ကျူးက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်လေသည်။

လဲကျနေသော ကွမ်းကြိုးညီနောင်ကိုကြည့်ပြီး ညည်းတွားလိုက်သည်။



“ငါ စိတ်မကောင်းပါဘူးကွာ၊ သည်လိုမှ မလုပ်ယင် ရှောင်လီကို ဖမ်းမိဖို့မလွယ်လို့ပါ”

ထို့နောက်...

“ဟော့..ဝင်ခဲ့ကြစမ်း”

ဟုအော်ပြောလိုက်လေတော့သည်။

♠ ♠ ♠

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာလေသည်။

အရက်ဆိုင်ထဲ၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များသည် တိုက်ပွဲဖြစ်ပွားလာသည်ကိုတွေ့သည်နှင့် ဆိုင်အနောက်ဘက်သို့ ပြေးဝင်သွားကြပြီး ပြန်ထွက်မလာကြတော့ချေ။

ကွမ်းကြိုးညီနောင်ကား ကြမ်းပြင်ပေါ် လဲကျကာ သတိလစ်မေ့မြောနေကြပြီ ဖြစ်လေသည်။

မုရန်ကျူးက...

“ကဲ ဝင်ခဲ့ကြတော့”

ဟုပြောလိုက်သည်။

ဆိုင်အပြင်ဘက်၌ ကျန်ရစ်ခဲ့သော သူနှင့်အတူ လိုက်လာကြသူများအား ခေါ်လိုက်ခြင်းဖြစ်လေသည်။

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း ထူးခြားသော လှုပ်ရှားမှုများကိုလည်းကောင်း၊ တုန့်ပြန်သံကိုလည်း

ကောင်းမကြားရချေ။

အပြင်ဘက်မှ ဝင်လာသူ တစ်ဦးတစ်လေမျှပင် မရှိပါချေ။

မုရန်ကျူး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဟေ့…ဝင်လာခဲ့ကြတော့လို့ ပြောနေတာ မကြားကြဘူးလားကွ"

ကျယ်လောင်သောအသံဖြင့် ထပ်မံအော်ပြောလိုက်လေသည်။

ရှေးနည်းအတိုင်း သူ၏အသံကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း တုန့်ပြန်သံကို မကြားရပါချေ။

"ဘယ်လိုဖြစ်တာလဲ"

မုရန်ကျူး တီးတိုးရေရွတ်လိုက်လေသည်။

စိုးရိမ်ပူပန်မှုများလည်း ပထမဆုံး အကြိမ်ဖြစ်ပေါ်လာလေသည်။

အပြင်ဘက်၌ ကျန်ရစ်ခဲ့ကြသူများ အဘယ်ကြောင့်ဝင်မလာကြပါသနည်း။

သူ၏အသံကို မကြားဘဲနေမည် မဟုတ်ပါချေ။

ကွမ်းကြိုးညီနောင်သည် ဤအရက်ဆိုင်လေး၌ ရောက်ရှိနေကြောင်း သူတို့သတင်းရခဲ့ကြလေသည်။

ထို့ကြောင့် အလျှင်အမြန် လိုက်လာခဲ့ကြခြင်းဖြစ်လေသည်။

သူက ဆိုင်ထဲဝင်လာသောအခါ တပည့်ခြောက်ယောက်အား အပြင်ဘက်၌အစောင့်ချထားခဲ့လေသည်။

အရက်ဆိုင်လေးအား အပြင်ဘက်မှ တိတ်တဆိတ်ဝိုင်းရံ



ထားနိုင်းလိုက်ခြင်း ဖြစ်လေသည်။

ယခု…

သူ၏တပည့်ခြောက်ယောက်ထံမှ တုန့်ပြန်သံမကြားရသည်မှာ အန္တရာယ်တစ်စုံတစ်ခု ကျရောက်နေခြင်းကြောင့် ဖြစ်ကြောင်း တွေးမိလေသည်။

မုရန်ကျူး အံကြိတ်လိုက်သည်။

သူ၏မျက်နှာတွင် ထူးခြားသော အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။

"ရှောင်လီ"

တစ်ချက် အော်လိုက်သည်။

ထို့နောက် လေ၏လျှင်မြန်မှုမျိုးဖြင့် ဆိုင်အပြင်ဘက် ပြေးထွက်သွားလေတော့သည်။

♠ ♠ ♠

မုရန်ကျူးမှာ ဆိုင်အပြင်ဘက်သို့ ရိပ်ခနဲ ရောက်ရှိသွား
သည်။

အပြင်ဘက်ရောက်သည်နှင့် မလှမ်းမကမ်းတစ်နေရာ၌ တစ်ယောက် မလှုပ်မယှက် ရပ်နေသည်ကို တွေ့လိုက်ရလေသ

ထိုလူမှာ ပြူးကျယ်သော မျက်လုံးများဖြင့် အရက်ဆိုင် ကို လှမ်းကြည့်နေပါသည်။

မုရန်ကျူးက ထိုလူထံသို့ ရိပ်ခနဲ ရောက်သွားလေသ

"မင်း ဘာလုပ်နေတာလဲ"

ဟုငေါက်လိုက်သည်။

ထိုလူကား မလှုပ်မယှက် ရပ်လျှက်...

မုရန်ကျူး မျက်နှာပျက်သွားလေသည်။

ဝမ်းကျိုးစန်း ပြောခဲ့သည့်စကားများကို ပြန်လည် ယောင်လာလေသည်။

"ကျုပ်က သူ့ကိုတိုက်ခိုက်မယ်ဆိုပြီး ပြေးဝင်သွား ပြင်လိုက်တယ်၊ သည်အချိန်မှာ ဘယ်လိုဖြစ်သွားတယ်ဆို မပြောတတ်တော့ဘူး၊ ကျုပ် တစ်ကိုယ်လုံး လှုပ်ရှားလို့မရအော သွားတယ်၊ သွေးကြောပိတ်ခံလိုက်ရပြီဆိုတာ သိလိုက်ပေ နောက်ကျသွားပြီ"

ရှောင်လီ၏သွေးကြောပိတ်ပညာမှာ အံ့သြစရာကေ အောင် ထက်မြက်ကြောင်း ထင်ရှားနေပါသည်။

သူနှင့်အတူ လိုက်ပါလာသော တပည့်ခြောက်ယော လည်း ခေသူများမဟုတ်ကြပါချေ။



လေလွင့်ဂိုဏ်းမှ ဝါရင့်ထိပ်တန်းသိုင်းသမားများ ဖြစ်လေ သည်။

ယခုတော့ သူ၏တပည့်တစ်ယောက် သွေးကြောပိတ်ခံ ထားရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီဖြစ်လေသည်။

"သိကြသေးတာပေါ့ကွာ"

မုရန်ကျူး အံကြိတ်လိုက်သည်။

အရက်ဆိုင်ဘေးသို့ ပြေးသွားလိုက်လေသည်။

ထိုအခါ အရက်ဆိုင်ဘေး၌လည်း လူတစ်ယောက် မလှုပ် မယှက်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

"တောက်"

မုရန်ကျူး ပိုပြီးဒေါသဖြစ်သွား၏။

ပတ်ဝန်းကျင်၌ လိုက်လံအကဲခတ်ကြည့်လိုက်ရာ သူ၏ တပည့်ခြောက်ယောက်စလုံး သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ရှိနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မုရန်ကျူးသည် တပည့်ခြောက်ယောက်အား သွေးကြော ဖွင့်ပေးရန် ကြိုးစားလိုက်လေသည်။

နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားပါသော်လည်း တစ်ဦးတစ် ယောက်ကိုမှ သွေးကြောဖွင့်ပေးနိုင်ခြင်းမရှိခဲ့ချေ။

ထိုအခါ ဝမ်းကျိုးစန်းကို ပြန်လည်သတိရလာပြန်သည်။

ဝမ်းကျိုးစန်းလည်း သွေးကြောပိတ်ခံခဲ့ရသည်။

လုဖုံးချီ အပါအဝင် သိုင်းလောကမိတ်ဆွေများက သွေး ကြောဖွင့်ပေးရန် အမျိုးမျိုးကြိုးစားခဲ့ကြပါသော်လည်း မရခဲ့ချေ။

နောက်ဆုံး အားလုံးလက်လျှော့ကာ သည်အတိုင်းကြည့်နေခဲ့ကြရလေသည်။

သို့သော်...

နံနက်ပိုင်း မိုးသောက်ယံသို့ရောက်လျှင် ဝမ်းကျိုးစန်း၏သွေးကြောများ အလိုလိုပြန်ပွင့်သွားကာ လူကောင်းပကတိ ပြန်ဖြစ်သွားသည်ကို တွေ့ရှိကြရလေတော့သည်။

ရောင်လီပိတ်ထားသော သွေးကြောကို မည်သို့မျှဖွင့်ပေး၍မရဘဲ အချိန်စေ့မှ အလိုလိုပွင့်သွားတတ်သည့်သဘောဖြစ်ပါတော့သည်။

အလွန်ရှားပါးသော ထိပ်သီးသွေးကြောပိတ်ပညာ ဖြစ်နေပါတော့သည်။

မုရန်ကျူး ခံပြင်းနေသည်။

သူ၏မျက်နှာ သုန်မှုန်နေသည်။

သို့သော် သူမည်သို့မျှ မတတ်သာပါချေ။

ကွမ်းကြိုးညီနောင်အား ဖမ်းဆီးခေါ်ဆောင်ကာ ထွက်သွားဖို့သာရှိတော့သည် မဟုတ်ပါလား။

သူက အရက်ဆိုင်ဘက်သို့ ပြန်ထွက်လာခဲ့လေသည်။

သူက အံ့ဩ ထိတ်လန့်သွားလေသည်။

အကြောင်းကား...

မြေပေါ်လဲကျနေသည့် ကွမ်းကြိုးညီနောင်အား မတွေ့ရတော့ခြင်းကြောင့် ဖြစ်လေသည်။

ကွမ်းကြိုးညီနောင်ကား ပျောက်ချင်းမလှ ပျောက်ကွယ်



သွားကြပြီဖြစ်လေသည်။

သူတို့ မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

မုရန်ကျူး ကြောင်အမ်းအမ်း ဖြစ်နေရာမှ ပြန်လည်သတိဝင်လာလေသည်။

"ဝုန်း"

ခြေထောက်ကို ဝုန်းခနဲ မြည်အောင် ဆောင့်လိုက်သည်။

ထို့နောက်..

"ရောင်လီ..မင်းလွတ်အောင် ပြေးထားပေတော့"

ဟုအသံဝါကြီးဖြင့် ကြုံးဝါးလိုက်လေတော့သည်။

♠ ♠ ♠

ကွမ်းကြိုးညီနောင် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

ယခု ကွမ်းကြိုးညီနောင်သည် ဘုံကျောင်းပျက်တစ်ခု၌ ရောက်နေကြပြီ ဖြစ်လေသည်။

ဘုံကျောင်းပျက်ထဲ၌ မီးပုံတစ်ခုဖိုထားရာ အလင်းရောင်ကောင်းစွာ ရရှိပေသည်။

ဘုံကျောင်းနံရံများကား အင်္ဂတေများ ကွာကျနေ၏။

အချို့ပြိုကျကာ အုတ်ကျိုးအုတ်ပုံအဖြစ် ရှိနေသည်။

အကာအရံများ ပြိုပျက်နေသကဲ့သို့ ခေါင်မိုးမှာလည်း ပေါက်ပြဲပျက်စီးနေပြီ ဖြစ်လေသည်။

လေဝေ့ယမ်း တိုက်ခတ်လာသောအခါ အပြင်ဘက်မှ သစ်ရွက်လှုပ်သံ၊ သစ်ကိုင်းလှုပ်သံများ အတိုင်းသားကြားနေရလေသည်။

ချုံပုတ်များမှ လည်း မကောင်းဆိုးဝါးများအလား မည်းမည်းအရိပ်ကြီးများအဖြစ် လှုပ်ရှားသွားသည်ကို တွေ့မြင်နိုင်လေသည်။

ည၏ပိုးကောင်မွှားကောင်များ တစစ်စစ်အော်မြည်သံများလည်း ထွက်ပေါ်နေသည်။

ဤနေရာကား လူသူစွန့်ပစ်သွားသည်မှာ နှစ်ကာကအလွန်ကြာမြင့်နေပြီဖြစ်သော နေရာတစ်ခုဖြစ်ပါတော့သည်။

"အား"

ညည်းညူသံနှင့်အတူ ကွမ်းကြိုးအော့ လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။



ရှေးမနှောင်းမှာပင် ကွမ်းကြိုးအိလည်း လူး လွန့်လှုပ်ရှားလာလေသည်။

နှစ်ယောက်သား သတိရလာပြီး လှုပ်ရှားလူးလွန့်လာကြခြင်းဖြစ်ပါတော့သည်။

ကပျာကယာ လူးလိမ့်ထလိုက်ကြသည်။

ပတ်ဝန်းကျင်ကို မျက်လုံးပြူးကာ ကြည့်လိုက်ကြ၏။

ဘုံကျောင်းပျက်တစ်ခုအတွင်း၌ ရောက်ရှိနေကြောင်း နှစ်ယောက်သား ချက်ချင်းသတိပြုမိလိုက်ကြလေသည်။

ကွမ်းကြိုးအော့က...

"ကျုပ်တို့ ဘယ်လိုလုပ်ပြီး သည်နေရာကိုရောက်လာကြတာလဲ"

ကွမ်းကြိုးအိက...

"တို့ကို မုရန်ကျူးက ခေါ်လာတာပဲ ဖြစ်မှာပေါ့"

ကွမ်းကြိုးအော့ မျက်လုံးပြူးသွားလေသည်။

မုရန်ကျူး၏လက်ချက်ကြောင့် သူတို့ မရှုမလှခံလိုက်ရပြီး သတိလစ်မေ့မြောသွားခဲ့ကြသည် မဟုတ်ပါလား။

ထို့ကြောင့် ဘုံကျောင်းပျက်လေးသို့ ရောက်ရှိလာသည်မှာ မုရန်ကျူး ခေါ်ဆောင်လာခြင်းကြောင့်ပင် ဖြစ်ရမည်ဟု ထင်မိလေသည်။

"သူက ဘယ်မှာလဲ"

ကွမ်းကြိုးအော့က မေးလိုက်သည်။

ကွမ်းကြိုးအိ ခေါင်းခါယမ်းလိုက်သည်။

"ငါရှာပြီးပြီ၊ မတွေ့ဘူး"

"သူမရှိဘူး"

"ဟုတ်တယ်"

"ဒါဖြင့် အခွင့်အရေးရတုန်း ကျုပ်တို့ထွက်ပြေးကြယင် မကောင်းဘူးလား"

"ဖြစ်ပါ့မလားကွ"

"ဘာကြောင့် မဖြစ်ရမှာလဲ"

"သူက တို့ကိုထောင်ချောက်ဆင်ထားသလားမှ မသိတာ"

"ဟင်"

"မင်းစဉ်းစားကြည့်လေ၊ တို့ကိုဖမ်းခေါ်လာပြီးမှ သည်အတိုင်းလွှတ်ထားပါ့မလားကွ"

ကွမ်းကြိုးအော့ တွေဝေသွားလေသည်။

"ငါတို့ကို ထောင်ချောက်ဆင်ထားတယ်ဆိုတာက ဘယ်လိုလဲကွ"

ကွမ်းကြိုးအိက ရှင်းပြလိုက်သည်။

"ငါတို့ ထွက်ပြေးသွားပြီဆိုယင် ရောင်လီဆီကို ပြေးတယ်ထင်ပြီး နောက်ကလိုက်လာမှာပဲ"

"ဒါတော့ ဟုတ်တယ်"

"ဒါမှမဟုတ်ယင်လည်း သည်နေရာကို ရောင်လီလာမယ်ဆိုတာသိလို့ ငါတို့ကိုလာထားတာကော မဖြစ်နိုင်ဘူးလား"

ကွမ်းကြိုးအော့ မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။



ကွမ်းကြိုးအိက...

"တို့ သည်မှာရှိနေတယ်ဆိုတာ သတင်းပျံ့သွားအောင်လုပ်လိုက်ယင် ရောင်လီသိသွားမှာပဲ၊ ဒါဆိုယင် လာကယ်နိုင်တယ်၊ အဲသည်အခါကျမှ ရောင်လီကို ဝိုင်းဖမ်းကြမယ်ဆိုယင်လည်း ဖြစ်နိုင်တာပဲ"

ကွမ်းကြိုးအော့ သက်ပြင်းချလိုက်လေသည်။

"မုရန်ကျူးဟာ သည်လိုခိုးကြောင်ခိုးဝှက်လုပ်မယ့် လူဖြစ်နိုင်ပါ့မလား"

ကွမ်းကြိုးအိ ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုအချိန်မှာပင် အပြင်ဘက်မှ ခြေသံများထွက်ပေါ်လာပြီး လူတစ်ယောက် ဘုံကျောင်းပျက်ထဲ လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေတော့သည်။

♠ ♠ ♠

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ရုတ်တရက် ပေါ့ပါးဖျတ်လတ်သော ခြေသံတချပ်ချပ် ထွက်ပေါ်လာလေသည်။

ကွမ်းကြိုးညီနောင် အချင်းချင်းကြည့်လိုက်မိကြလေသည်။

ဘုံကျောင်းပျက်ထဲသို့ တစ်စုံတစ်ယောက် ဝင်ရောက်လာပြီဖြစ်ကြောင်း ထင်ရှားလေသည်။

မုရန်ကျူးကို သတိရလိုက်ကြသဖြင့် ကွမ်းကြိုးညီနောင် မျက်နှာပျက်သွားကြလေသည်။

နှစ်ယောက်သား တံခါးပေါက်ဆီသို့ မျက်တောင်မခတ်ကြည့်နေမိကြလေသည်။

ခြေသံက တစ်စထက်တစ်စ နီးကပ်လာလေသည်။

နောက်ဆုံး တံခါးဝ၌ လူတစ်ယောက်ထွက်ပေါ်လာလေသည်။

ထိုလူကိုမြင်လျှင် ကွမ်းကြိုးညီနောင် ပါးစပ်အဟောင်းသားဖြစ်သွားကြလေသည်။

"မင်း...မင်း"

"ရောင်လီ"

နှစ်ယောက်သား လွှတ်ခနဲရေရွတ်လိုက်ကြလေသည်။

ကွမ်းကြိုးအိက...

"မင်းက ရွှေပလွေကို ခိုးသွားတာမဟုတ်လား"

ဘုံကျောင်းပျက်ထဲ ဝင်ရောက်လာသူမှာ ရောင်လီဖြစ်လေသည်။



ရောင်လီက ရွှေပလွေကို ခိုးယူသွားခြင်းဖြစ်သည်။

ထို့ကြောင့် မိမိတို့ဒုက္ခရောက်ခဲ့ရသည်ဟု ကွမ်းကြိုးညီနောင် ခံယူထားပေတော့သည်။

ရောင်လီ ရယ်မောလိုက်သည်။

"ရွှေပလွေဟာ တကယ့်လက်နက်ကောင်းတစ်ခုပါပဲဗျာ၊ သိုင်းလောကမှာ ကျင်လည်ကျက်စားမယ်ဆိုယင် လက်နက်ကောင်းတစ်ခုရှိဖို့လိုအပ်တယ် မဟုတ်လားဗျာ၊ ဒါကြောင့် ကျုပ်က ရွှေပလွေကို ခိုးယူခဲ့တာပါပဲ"

ကွမ်းကြိုးအော့က...

"မင်းခိုးသွားတာ အရေးမကြီးဘူး၊ အားလုံးက ကျုပ်တို့ညီအစ်ကို ခိုးယူသွားတယ်လို့ထင်နေကြတာ၊ ကျုပ်တို့ကို သဲကြီးမဲကြီးဖြစ်နေတော့ ဒုက္ခရောက်နေရပြီ"

ကွမ်းကြိုးအိ ထိတ်လန့်သွားလေသည်။

ကွမ်းကြိုးအော့၏စကားကြောင့် ရောင်လီ စိတ်ဆိုးကာ တိုက်ခိုက်လာလျှင် ဒုက္ခရောက်သွားနိုင်သည်ဟု စဉ်းစားမိလိုက်လေသည်။

ထို့ကြောင့် ကွမ်းကြိုးအော့ကို တားမြစ်လိုက်သည်။

"ညီလေး...ဒါတွေပြောမနေပါနဲ့တော့၊ တို့ကလည်း ရွှေပလွေကိုခိုးယူဖို့ကြိုးစားခဲ့ကြသေးတယ် မဟုတ်လား၊ ဒါကို လုဖုံးချီက ခွင့်လွှတ်မှာမဟုတ်ဘူး၊ အရေးကြီးတာက တို့လွတ်အောင်ပြေးဖို့ပဲ၊ တခြားကိစ္စတွေ ဘာမှပြောမနေပါနဲ့တော့"

ကွမ်းကြိုးအော့ သဘောမကျသော်လည်း ဘာမှမပြော

တော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ရှောင်လီက သူတို့နှစ်ယောက်အား အကဲခတ်လိုက်သည်။

"ခင်ဗျားတို့ကလည်း ရွှေပလွေကို သဘောကျတယ်၊ ကျုပ်ကလည်း သဘောကျတယ်၊ ဒါကြောင့် ရယူဖို့ကြိုးစားခဲ့ကြတာပါပဲ၊ ကျုပ်ကရတယ်၊ ခင်ဗျားတို့က မရဘူး၊ မရတဲ့အပြင် အန္တရာယ်တောင်ကြုံခဲ့ရသေးတယ်၊ ရှင်းရှင်းပြောရယင် ကိုယ့်ကိစ္စကိုယ်ရှင်းကြရုံပဲ၊ ဒါပေမယ့် ခင်ဗျားတို့ ဒုက္ခရောက်သွားမှာကို ကျုပ်မလိုလားပါဘူး၊ မုရန်ကျူးရဲ့လက်ထဲက ခင်ဗျားတို့ကို ခေါ်ထုတ်ခဲ့တာ ကြည့်ပေါ့"

ကွမ်းကြိုးညီနောင် မျက်လုံးပြူးသွားကြလေသည်။

"ကျုပ်တို့ကို ခေါ်ထုတ်လာခဲ့တာ မင်းဟုတ်လား"

ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ"

"မင်း ဘာကြောင့် ခေါ်ထုတ်လာတာလဲ"

"ကျုပ်တို့ကို မင်းရဲ့အကျိုးအတွက် အသုံးချလို့ရမယ်တော့ မထင်နဲ့နော်၊ ကျုပ်တို့ညီအစ်ကိုက မင်းကိုဘယ်နည်းနဲ့မှ ကူညီနိုင်မှာမဟုတ်ဘူး"

ကွမ်းကြိုးအော့က ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

ရှောင်လီ ခေါင်းညိတ်လိုက်လေသည်။

"စိတ်ချ..ခင်ဗျားတို့ကို အသုံးပြုဖို့ စိတ်မကူးပါဘူး၊ ရွှေပလွေနဲ့ပတ်သက်ပြီး ခင်ဗျားတို့ကို ဘယ်သူကမှ ဒုက္ခမပေးနိုင်အောင် ဖြေရှင်းပေးသွားမလို့ပါဗျာ"



"ဘာ..မင်းက ဖြေရှင်းပေးမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လို ဖြေရှင်းပေးမှာလဲ"

ရှောင်လီ ပြုံးလိုက်သည်။

"လွယ်ပါတယ်၊ ခင်ဗျားတို့ မကြာခင်သိရမှာပါ"

ကွမ်းကြိုးညီနောင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ကွမ်းကြိုးအိက...

"မင်းက ဘယ်လို.."

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

အပြင်ဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ခြေသံများက လေးဘက်လေးတန်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

မရှေးမနှောင်းမှာပင် လူတစ်စုသည် လက်နက်ကိုယ်စီ ကိုင်ဆောင်ကာ ရောက်ရှိလာကြပြီး ရှောင်လီနှင့် ကွမ်းကြိုးညီနောင်အား ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြလေတော့သည်။

♠ ♠ ♠

ဘုံကျောင်းပျက်အတွင်းသို့ လူနှစ်ရာခန့်ရောက်ရှိလာကြ ပြီဖြစ်လေသည်။

ထိုလူများသည် ရှောင်လီတို့အား ပြေးပေါက်မရှိအောင် အထပ်ထပ် ဝိုင်းရံထားလိုက်ကြလေသည်။

ကွမ်းကြိုးညီနောင် မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားကြ၏။

ယခုတစ်ကြိမ်....

အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲရတော့မည်ဟုလည်း ထင် မှတ်လိုက်ကြလေသည်။

ရှောင်လီအား ကြည့်လိုက်ကြသောအခါ ဘာမှမဖြစ်သလို ခပ်တည်တည်ရပ်နေသည်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ရ၏။

သို့သော်...

ချက်ချင်းပင် ရှောင်လီသည် အလွန်ကြောက်စရာကောင်း သူဖြစ်ကြောင်း နားလည်လိုက်ကြလေသည်။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများသည် အ ထပ်ထပ်ဝိုင်းရံထားကြသော်လည်း ဝင်ရောက်တိုက်ခိုက်ခြင်း မပြုကြ သေးပါချေ။

ကွမ်းကြိုးညီနောင် ခြေဖျားလက်ဖျား အေးစက်လာကြ လေသည်။

မတ်တတ်ရပ်နေလျှက်ပင် ခြေမခိုင်တော့ဘဲ ဒူးများတဆတ် ဆတ်တုန်ယင်လာလေတော့သည်။

ကွမ်းကြိုးအော့ စိတ်မထိန်းနိုင်ဘဲ...

"ကျုပ်တို့ကို ဘာကြောင့်ဒုက္ခပေးချင်ရတာလဲ၊ ကျုပ်တို့က



မှလုပ်ခဲ့ကြတာ မဟုတ်ဘူး၊ ရွှေပလွေက သူ့ဆီမှာ"

ဟု ပြောလိုက်လေသည်။

ရှောင်လီအား လက်ညှိုးညွှန်ကာ ပြောလိုက်ခြင်းဖြစ်သည်။

ရှောင်လီက မလှုပ်မယှက် ရပ်နေဆဲ။

ကြောက်ရွံ့ထိတ်လန့်သည့်အသွင်မျိုး လုံးဝမတွေ့ရချေ။

ဝိုင်းရံထားကြသူများကလည်း ကွမ်းကြိုးအော့၏၏စကား ကိုကြားသည့်တိုင်အောင် တုတ်တုတ်မလှုပ်ဘဲ ရပ်နေကြပါတော့ သည်။

ကွမ်းကြိုးအော့က....

"ခင်ဗျားတို့ရဲ့ ရွှေပလွေကို ပြန်လိုချင်ယင်.."

သူ၏စကားမဆုံးမီ ရှောင်လီက ကြားဖြတ်ပြောလိုက်လေ သည်။

"သူတို့က ဘာမှလုပ်နိုင်ကြမှာ မဟုတ်ပါဘူး၊ခင်ဗျားစကား ပြောချင်တယ်ဆိုယင် သူတို့ခေါင်းဆောင် ရောက်လာတဲ့အထိ စောင့်ပါ၊ မကြာခင် ရောက်လာတော့မှာပါ"

ထိုစဉ်...

"ဟား..ဟား..ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကွမ်းကြိုးညီနောင် တစ်ဘက်သို့လှည့်လိုက်ကြလေသည်။

ထိုအခါ လူသုံးယောက်လှမ်းဝင်လာကြသည်ကို တွေ့လိုက် ရလေသည်။

ထိုလူသုံးယောက်ကိုမြင်လျှင် ကွမ်းကြိုးညီနောင် မျက်နှာပျက်သွားကြလေတော့သည်။

စိတ်ဓာတ်လည်း အကြီးအကျယ် ကျဆင်းသွားကြလေသည်။

ထိုလူသုံးယောက်ကား လုဖုံးချီ၊ မုရန်ကျူးနှင့် ရသေ့ကြီးတစ်ပါးတို့ ဖြစ်နေကြပါသည်။

ရသေ့ကြီးမှာ တွေ့မြင်ရသူတိုင်းကြည်ညိုသဒ္ဓါပွားများရလောက်အောင် ဥပဓိရုပ်ကောင်းလှသူ ဖြစ်သည်။

အားလုံးက သူတို့အား ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

လုဖုံးချီသည် ကွမ်းကြိုးညီနောင်ကိုမြင်လျှင် နှာခေါင်းရှုံ့လိုက်လေသည်။

"မင်းတို့လည်း သည်မှာရှိနေတာကိုး"

ပြောပြီး ရှောင်လီအား လှမ်းကြည့်လိုက်လေသည်။

ရှောင်လီကိုမြင်လျှင် သူ၏အသွင်ချက်ချင်း ပြောင်းလဲသွားလေသည်။

ရှောင်လီအား အထင်မသေးဝံ့သည့်အပြင် ရင်မဆိုင်ဝံ့သည့်အသွင် ပြောင်းလဲသွားခြင်းဖြစ်လေသည်။

မုရန်ကျူးက ကွမ်းကြိုးညီနောင်ကို တစ်ချက်ကြည့်လိုက်ပြီး ရှောင်လီဘက်သို့လှည့်ကာ ခြေဆုံးခေါင်းဆုံးကြည့်လိုက်လေသည်။

ရသေ့ကြီးက တုတ်တုတ်မျှ မလှုပ်ဘဲ မျက်လွှာချထား၏။

လုဖုံးချီ၏စကားသံ ထွက်ပေါ်လာလေသည်။

"မင်းက ငါတို့ကို ချိန်းလိုက်တာလား"



ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ရွှေပလွေနဲ့ပတ်သက်ပြီးတော့ လိပ်ခဲတည်းလည်းဖြစ်နေတာထက် ရှင်းရှင်းလင်းလင်းဖြစ်အောင် မျက်နှာချင်းဆိုင်လိုက်တာ အကောင်းဆုံးဖြစ်မယ် ယူဆပြီး သည်နေရာကို လာခဲ့ကြဖို့ ကျုပ်က ချိန်းလိုက်တာပါ"

ထိုစကားကြားလျှင် ကွမ်းကြိုးညီနောင် ဒေါပွသွားကြလေသည်။

လုဖုံးချီတို့ ရောက်ရှိလာကြသည်မှာ ရှောင်လီဖိတ်ခေါ်လိုက်ခြင်းကြောင့် မဟုတ်ပါလား။

ရှောင်လီသည် အဘယ်ကြောင့် လုဖုံးချီတို့အား ဖိတ်ခေါ်လိုက်ရပါသနည်း။

လုဖုံးချီက သူတို့အား အရေးမထားဘဲ ရှောင်လီအပေါ်၌ အာရုံရောက်နေကြောင်း အကဲခတ်မိလေသည်။

လုဖုံးချီနှင့် ရှောင်လီတို့ ထိပ်တိုက်တွေ့ဖို့သာ ရှိပေသည်။

သူတို့ကြားထဲ လက်မလျှိုဘဲ ဘေးဖယ်နေခြင်းဖြင့် အန္တရာယ်ကို ရှောင်တိမ်းနိုင်မည်ဟု ယုံကြည်လာ၏။

ထို့ကြောင့် ရှောင်လီအနီးမှခွာကာ ခပ်လှမ်းလှမ်း၌သွားရပ်နေလိုက်ကြလေသည်။

ထိုအခါ လုဖုံးချီတို့နှင့် ရှောင်လီသည် ထိပ်တိုက်ရင်ဆိုင်သည့်အနေအထားဖြင့် ကျန်ရစ်ခဲ့သည်ကို တွေ့လိုက်ရ၏။

ရှောင်လီသည် ကွမ်းကြိုးညီနောင်၏လုပ်ရပ်ကို နားလည်သဘောပေါက်မိသော်လည်း ဘာမှမပြောဘဲ နေလိုက်လေသည်။

သူက လုဖုံးချီနှင့်သာ ထိပ်တိုက်ရင်ဆိုင်ကာ ပြောဆိုရမည် ဖြစ်လေသည်။

လုဖုံးချီက ရှောင်လီကို စိုက်ကြည့်လိုက်လေသည်။

ရှောင်လီက...

"ရွှေပလွေနဲ့ပတ်သက်တဲ့ကိစ္စအဝဝ ကျုပ်မှာ တာဝန်ရှိပါတယ်၊ ကွမ်းကြုံးညီနောင်နဲ့ ဘာမှမဆိုင်ပါဘူး၊ ဒါကြောင့် သူတို့ကို ဒုက္ခမပေးပါနဲ့၊ ဖြေရှင်းချင်တယ်ဆိုယင် ကျုပ်နဲ့ဖြေရှင်းကြပါဗျာ"

ဟု ပြောလိုက်လေသည်။

ကွမ်းကြုံးညီနောင် မျက်လုံးပြူးသွားကြလေသည်။

ရှောင်လီကို မယုံနိုင်စွာ ကြည့်မိကြသည်။

ရှောင်လီက ဘာကိုမှအမှုမထားဘဲ လုဖုံးချီနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်ခြင်းဖြစ်သည်။

ကွမ်းကြုံညီနောင် အချင်းချင်းကြည့်မိကြသည်။

ရှောင်လီက သူတို့အပေါ် အပြစ်မကျအောင် တာဝန်ယူနေပြီဖြစ်သည်။

အပြစ်ရှိလျှင် သူတစ်ယောက်ထဲ ခံမည်ဟုပြောဆိုနေသည်။

ကွမ်းကြုံးညီနောင် မယုံနိုင်အောင် ဖြစ်နေကြလေတော့သည်။

ထိုစဉ် လုဖုံးချီ၏စကားသံ ထွက်ပေါ်လာလေသည်။

"သူတို့နှစ်ယောက်ဟာ မင်းနဲ့တစ်ဖွဲ့ထဲပဲ မဟုတ်လား"

ရှောင်လီ ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ပါဘူးဗျာ"



"မင်းက ဘာကြောင့် သူတို့အတွက် တာဝန်ယူချင်ရတာ လဲ"

"ကျုပ်ကိုလိုချင်တာနဲ့ သူတို့ကို ဖမ်းပြီးနှိပ်စက်မှာ စိုးရိမ်လို့ ပါဗျာ"

ပြောပြီး မုရန်ကျူးကို ကြည့်လိုက်လေသည်။

မုရန်ကျူး မဲ့ပြုံးပြုံးလိုက်လေသည်။

"ကျုပ်က သူတို့ကို နှိပ်စက်ဒုက္ခပေးမယ်ဆိုယင် အခုလို မားမားမတ်မတ်ရပ်နေနိုင်ကြမှာ မဟုတ်ဘူး၊ အေး မင်းကိုယ်တိုင် ဖြေရှင်းမယ်ဆိုယင်တော့ သူတို့ကို ဂရုစိုက်စရာမလိုတော့ဘူးပေ့ါဗျာ"

ရှောင်လီက...

"ဒါဖြင့် သူတို့ကိုလွှတ်ပေးနိုင်မလားဗျာ"

မုရန်ကျူးက....

"ဒါလွယ်ပါတယ်"

ဤတွင် လုဖုံးချီက ကြားဝင်ပြောလေသည်။

"သူတို့ကို လွှတ်ပေးလို့မဖြစ်သေးဘူး၊ သူတို့ဟာ ကျုပ်တို့ ဂိုဏ်းထဲကျူးကျော်ဝင်ရောက်ခဲ့တဲ့ အပြစ်တွေရှိသေးတယ်"

ရှောင်လီက...

"သူတို့က တောင်းပန်မယ်ဆိုယင်ကောဗျာ"

"အို တောင်းပန်တိုင်း ခွင့်လွှတ်ရမှာလား"

လုဖုံးချီက မကျေမနပ်ဖြစ်နေသည်။

ရှောင်လီ မဲ့ပြုံးပြုံးလိုက်လေသည်။

"ခင်ဗျားက သိုင်းပညာအားကိုးပြီး ကိုယ့်ကို မယှဉ်နိုင်တဲ့

လူအပေါ် အနိုင်ကျင့်ချင်တဲ့သဘောပေါ့၊ ဟုတ်လား"

"ဘာ"

လုဖုံးချီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ရှောင်လီက...

"သူတို့တောင်းပန်တာကို ခွင့်မလွှတ်နိုင်ဘူးဆိုယင် ခင်ဗျား ဟာ သဘောထားသေးသိမ်တဲ့ လူတစ်ယောက် ဖြစ်သွားတော့မှာ ပေါ့ဗျာ"

"မင်း...မင်း"

လုဖုံးချီ မည်သို့ပြောရမှန်းမသိ ဖြစ်သွားတော့သည်။

မုရန်ကျူးက ကြားဝင်ပြောလိုက်လေသည်။

"သူတို့နှစ်ယောက်ဟာ အပြစ်ကျူးလွန်ပါတယ်လို့ သိုင်း လောကမှာ ထုတ်ဖော်ဝန်ခံကြမယ်ဆိုယင်တော့ သည်ကိစ္စ ဘာမှ ပြဿနာမရှိတော့ဘဲ ပြေလည်သွားမှာပါ"

ရှောင်လီက....

"သူတို့က ဝန်ခံကြမယ်ဆိုယင် အပြစ်မယူတော့ဘူးပေါ့"

"ဟုတ်တယ်၊ သူတို့က အမှားကိုဝန်ချတောင်းပန်ကြမယ် ဆိုယင် ခွင့်လွှတ်ရမှာပါပဲ"

ရှောင်လီက လုဖုံးချီကို ကြည့်လိုက်လေသည်။

လုဖုံးချီလည်း မတတ်သာတော့ဘဲ ခေါင်းညိတ်လိုက်ရလေ တော့သည်။

"ဟုတ်တယ်၊ သူတို့က တောင်းပန်ဖို့ဝန်မလေးဘူးဆိုယင် ကျုပ်ကလည်း ခွင့်လွှတ်ဖို့ဝန်လေးနေမှာ မဟုတ်ပါဘူး"



ရှောင်လီက ကွမ်းကြုံးညီနောင်ကို ကြည့်လိုက်သည်။

ကွမ်းကြုံးညီနောင် သက်ပြင်းချလိုက်လေသည်။

ချက်ချင်း လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ကြ၏။

"ကျုပ်တို့ အပြစ်ရှိနေတာမို့ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် ဗျာ"

ဟုပြိုင်တူ ပြောလိုက်ကြလေသည်။

ရှောင်လီ ပြုံးလိုက်သည်။

"သူတို့ တောင်းပန်နေကြပြီဗျ"

လုဖုံးချီ သက်ပြင်းချလိုက်လေသည်။

"ကောင်းပြီ ကျုပ်ခွင့်လွှတ်တယ်၊ ကျုပ်တို့ဂိုဏ်းကလူတွေ ဟာ သူတို့ကို လက်ဖျားနဲ့တောင် မတို့စေရပါဘူးဗျာ"

မုရန်ကျူးက....

"ကျုပ်လူတွေကိုလည်း ကျုပ်တာဝန်ယူလိုက်ပါ့မယ်"

ရှောင်လီက...

"သူတို့ရဲ့ပြဿနာပြီးသွားပြီဆိုတော့ သူတို့ သည်ကထွက် သွားကြတော့မယ်ဆိုယင်ကော"

လုဖုံးချီက မုရန်ကျူးအား ကြည့်လိုက်လေသည်။

မုရန်ကျူး ခေါင်းညိတ်ပြလိုက်လေသည်။

လုဖုံးချီက ရှောင်လီဘက်သို့ ပြန်လှည့်လိုက်သည်။

"သူတို့ထွက်သွားလို့တော့ ရပါတယ်၊ ဒါပေမယ့် ရွှေပလွေ နဲ့ကင်းကင်းရှင်းရှင်း ဖြစ်နေဖို့အရေးကြီးတယ်"

ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါဗျာ၊ ရွှေပလွေကို ကျုပ်က လက်လွှဲပေးလိုက်မှာ မဟုတ်ပါဘူး၊ ကျုပ်ဆီမှာ ရှိပါတယ်"

ပြောပြောဆိုဆို အင်္ကျီအိတ်ထဲသိမ်းဆည်းထားသည့် ရွှေပလွေကိုထုတ်ပြလိုက်လေသည်။

ရွှေပလွေကိုမြင်လျှင် ဝိုင်းရံထားကြသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

လုဖုံးချီ၏မျက်နှာ ခက်ထန်သွားလေသည်။

ဂိုဏ်းချုပ်တစ်ယောက်အတွက် ဂိုဏ်းချုပ်အထိမ်းအမှတ် ပစ္စည်းလုယူခံလိုက်ရသည်မှာ ရှက်ဖွယ်လိလိ မဟုတ်ပါလား။

လုဖုံးချီ ရှေ့တိုးလိုက်သည်။

"ရွှေပလွေကို ပြန်ပေးပါ"

ဟုတောင်းလိုက်လေသည်။

ရှောင်လီ လက်ကာပြလိုက်လေသည်။

"သည်ကိစ္စကို နောက်မှစာရင်းရှင်းကြတာပေါ့။ ခုလောလောဆယ် သူတို့ကိုလွှတ်ပေးလိုက်ပါ"

လုဖုံးချီ မတတ်သာတော့ဘဲ ဝိုင်းရံထားသူများအား လက်ဝှေ့ယမ်းပြလိုက်လေသည်။

"လမ်းဖယ်ပေးလိုက်ကြဟေ့"

ဟုလည်း အော်လိုက်လေသည်။

ရှောင်လီက...

"ခင်ဗျားတို့ သွားကြပါတော့ဗျာ"

ဟုပြောလိုက်သည်။



ကွမ်းကြုံးညီနောင်လည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ပြေးထွက်သွားကြလေသည်။

တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

♠ ♠ ♠

ကွမ်းကြုံးညီနောင် ထွက်သွားကြပြီ ဖြစ်လေသည်။

ဝိုင်းရံထားသူများကလည်း ချက်ချင်း လမ်းပြန်ပိတ်ထားလိုက်ကြလေသည်။

ရှောင်လီ ထွက်ပြေးမသွားနိုင်အောင် အထပ်ထပ်ဝိုင်းရံထားလိုက်ကြခြင်း ဖြစ်လေသည်။

ရှောင်လီကလည်း ထွက်ပြေးရှောင်တိမ်းသွားမည့် အရိပ်အရောင်မပြပါချေ။

လက်နှစ်ဘက်နောက်ပစ်ကာ အေးအေးဆေးဆေး ရှိနေပါတော့သည်။

သူ၏လက်ထဲ၌ ရွှေပလွေရှိနေသည်။

လုဖုံးချီက...

"သူတို့ကို လွှတ်ပေးလိုက်ပြီ"

ရွှေပလွေနှင့် ပတ်သက်ပြီး စာရင်းရှင်းရန် အချိန်ကျပြီဖြစ်ကြောင်း ပြောလိုက်သည့်သဘော ဖြစ်လေသည်။

ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"ကွမ်းကြိုးညီနောင်ကို လွှတ်ပေးလိုက်တဲ့အတွက် ကျေးဇူး တင်ပါတယ်ဗျာ၊ ရွှေပလွေနဲ့ပတ်သက်ပြီးပြောရယင် ဂိုဏ်းချုပ်တစ်ယောက်ရဲ့အထိမ်းအမှတ်ပစ္စည်းဖြစ်နေလို့ ကျုပ်က အပိုင်ယူလို့မဖြစ်ဘူးဆိုတာ နားလည်ပါတယ်၊ ရွှေပလွေကို ပြန်ပေးပါ့မယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

လုဖုံးချီ စိတ်မရှည်နိုင်အောင် ဖြစ်နေပါသည်။

ရောင်လီ ပြုံးလိုက်သည်။

"ရွှေပလွေဟာ တကယ့်လက်နက်ကောင်းတစ်ခုပါပဲ၊ ကျုပ်အတွက် လက်နက်ကောင်းတစ်ခု လိုအပ်နေတာမို့ တစ်နှစ်လောက် ငှားရမ်းချင်ပါတယ်ဗျာ၊ တစ်နှစ်ပြည့်တာနဲ့ ပြန်ပေးပါ့မယ်လို့ မေတ္တာရပ်ခံပါတယ်"

ဤတွင် လုဖုံးချီ၏မျက်နှာ မည်းမှောင်သွားလေတော့၏။

ရောင်လီ၏မေတ္တာရပ်ခံချက်ကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ပါချေ။

"မရဘူး၊ ရွှေပလွေကို ခုချက်ချင်း ကျုပ်လက်ထဲပြန်အပ်ရမယ်"

ဟုအော်ပြောလိုက်လေသည်။

ရောင်လီက...

"ကျုပ် ပြန်ပေးမှာပါ၊ ဒါပေမယ့် တစ်နှစ်ပြည့်တဲ့အချိန်ရောက်မှပြန်ပေးမှာပါဗျာ၊ သည်ကြားထဲ ဘယ်နည်းနဲ့မှ ပြန်မပေးနိုင်တာကို ခွင့်လွှတ်ပါဗျာ"



ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ရွှေပလွေနှင့် ပတ်သက်ပြီး နှစ်ယောက်သားအငြင်းအခုန်ဖြစ်လာကြလေတော့သည်။

မုရန်ကျူးက အခြေအနေစောင့်ကြည့်နေပါသည်။

ရောင်လီ၏လုပ်ရပ်များကို တွေးကြည့်လျှင် ခေသူတစ်ယောက်မဟုတ်ကြောင်း ထင်ရှားလေသည်။

"သူ့ရဲ့ပညာက ဘယ်လောက်တောင် စွမ်းနေလို့လဲ"

တွေးယင်း ရောင်လီနှင့် ထိပ်တိုက်ရင်ဆိုင်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့်...

"ခင်ဗျားတို့ အပြန်အလှန်ငြင်းခုန်နေကြမယ့်အစား နှစ်ယောက်စလုံး လက်ခံနိုင်မယ့် နည်းလမ်းရှာဖွေကြတာ မကောင်းဘူးလားဗျာ"

ဟုပြောလိုက်လေသည်။

ရောင်လီ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါတယ်ဗျာ၊ ဦးမှာ ဘယ်လိုနည်းလမ်းရှိနေသလဲ ပြောပါ၊ ကျွန်တော် လိုက်နာဖို့အသင့်ပါပဲ"

သူက မည်သည့်အခြေအနေမျိုးကိုမဆို ရင်ဆိုင်ရန်ဆုံးဖြတ်ထားဟန်ရှိလေသည်။

မုရန်ကျူးက လုဖုံးချီကို ကြည့်လိုက်လေသည်။

"ခင်ဗျားကော"

"ကျုပ် ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျား ဘယ်လိုသဘောရသလဲ"

လုဖုံးချီ စဉ်းစားလိုက်လေသည်။

မုရန်ကျူးသည် ရောင်လီအား သဘောမကျကြောင်း နား လည်ထားလေသည်။

ရောင်လီ၏လုပ်ရပ်သည် လေလွင့်ဂိုဏ်းအတွက် ဂုဏ် သိက္ခာကျစရာဖြစ်နေခြင်းကြောင့် ရောင်လီအား ဆုံးမလိမ့်မည်ဟု ယုံကြည်ထားသည်။

ထို့ကြောင့်...

"မိတ်ဆွေကြီး သဘောကျသလိုသာ စီစဉ်ပါဗျာ"

ဟုသဘောတူလိုက်လေသည်။

မုရန်ကျူး ကျေနပ်သွားလေသည်။

ရောင်လီဘက်သို့လှည့်ကာ ခြေဆုံးခေါင်းဆုံး အကဲခတ် လိုက်လေသည်။

"ကျုပ်တို့ဟာ သိုင်းလောကသားတွေပါ၊ ဒါကြောင့် အခက် အခဲပြဿနာနဲ့ကြုံတွေ့ရတဲ့အခါ သိုင်းပညာနဲ့အဆုံးအဖြတ်ခံယူကြ တာ တရားမျှတမှုအရှိဆုံးလို့ ကျုပ်ခံယူထားပါတယ်၊ ဒါကြောင့် ခု ကိစ္စလည်း သိုင်းပညာနဲ့ပဲ အဆုံးအဖြတ်ခံယူဖို့ ပြောချင်ပါတယ်ဗျာ"

ထိုစကားကြားလျှင် လုဖုံးချီ၏မျက်နှာကြီး ရှုံ့မဲ့သွားလေ တော့သည်။

ရောင်လီမှာ သိုင်းပညာမခေသူဖြစ်ကြောင်း သူနားလည် ထားသည် မဟုတ်ပါလား။

ရောင်လီကား သဘောကျသွားလေသည်။



လက်ခုပ်လက်ဝါး တီးလိုက်သည်။

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ ကျုပ် သဘောတူပါတယ်"

ချက်ချင်း သဘောတူလိုက်လေသည်။

လုဖုံးချီ မျက်နှာပျက်နေပါတော့သည်။

မုရန်ကျူးကို မကျေမနပ်ကြည့်လိုက်လေသည်။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲဗျ၊ သိုင်းပညာယှဉ်ပြိုင် ပြီး ဆုံးဖြတ်မယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဖြင့် ကျုပ်က.."

သူ၏စကားမဆုံးမီ မုရန်ကျူးက ကြားဖြတ်ပြောလိုက်လေ သည်။

"မပူပါနဲ့ဗျာ၊ သူသေကိုယ်သေယှဉ်ပြိုင်စရာ မလိုပါဘူး သိုင်းကွက်သဘောတရားအရ အသာစီးရတဲ့လူကို အနိုင်သတ်မှတ် ယင် လုံလောက်ပါပြီ"

ရောင်လီက သဘောတူလိုက်လေသည်။

"ဦးပြောတာ သင့်မြတ်လှပါတယ်ဗျာ၊ ကျွန်တော်တို့ဟာ ရန်သူတွေမဟုတ်ကြလို့ သူသေကိုယ်သေ တိုက်ခိုက်စရာမလိုဘူးလို့ ထင်ပါတယ်"

"ဒါဆို အနိုင်အရှုံး ပေါ်လာတဲ့အခါကျတော့ကော"

မုရန်ကျူးက....

"လွယ်ပါတယ်၊ သူကအနိုင်ရသွားယင် ရွှေပလွေကို ပေး လိုက်ရုံပေါ့၊ ဒါပေမယ့် သူ့ရဲ့စကားအတိုင်း ခဏငှားတာပဲဖြစ်တယ်၊

တစ်နှစ်ပြည့်တာနဲ့ ပြန်ပို့ပေးရမယ်၊ ဘယ်လိုလဲ မင်းသဘောတူရဲ့လား”

ပြောပြောဆိုဆို ရောင်လီအား လှမ်းမေးလိုက်လေသည်။

ရောင်လီက ခေါင်းညိတ်ပြလိုက်သည်။

“ကျွန်တော် သဘောတူပါတယ်ဗျာ”

“သူရှုံးသွားယင်ကော”

လုဖုံးချီက စောဒကတက်လိုက်ပြန်သည်။

မုရန်ကျူးက...

“မင်းကြားရဲ့လား”

ရောင်လီအား လှမ်းမေးလိုက်လေသည်။

ရောင်လီ ပြုံးလိုက်သည်။

“ကျွန်တော်ရှုံးသွားယင် ရွှေပလွေကို ချက်ချင်းပြန်ပေးပါမယ်၊ ပြီးတော့ ဦးတို့ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်ဗျာ”

ထိုစကားကြားလျှင် ယှဉ်ပြိုင်ပွဲ၌ ကျိန်းသေအနိုင်ရလိမ့်မည်ဟု ရောင်လီတွက်ဆထားပြီး သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိနေကြောင်း မုရန်ကျူးတို့ နားလည်လိုက်ကြသည်။

မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိသူ တစ်ယောက်အား ဖြုံခွင်းရန်မလွယ်မှန်းလည်း နားလည်လိုက်ကြလေသည်။

မည်သို့ဆိုစေ ရောင်လီအားတစ်ယောက်မဟုတ်တစ်ယောက် အနိုင်ရလိမ့်မည်ဟု မုရန်ကျူး ယုံကြည်လေသည်။

ရောင်လီက လုဖုံးချီနှင့် ရင်ဆိုင်ရမည်ဟုသာ တွက်ထားပေလိမ့်မည်။



အမှန်တော့ သူကိုယ်တိုင်အပြင် အခြေအနေမဟန်ပါက သူတို့နှင့်အတူပါလာသည့် ရသေ့ကြီးကလည်း တားဆီးရန်စီစဉ်ထားသည် မဟုတ်ပါလား။

မုရန်ကျူး သဘောကျစွာ ပြုံးလိုက်သည်။

“မင်းဟာ တကယ့်ကိုချီးကျူးစရာကောင်းတဲ့ လူငယ်လေးတစ်ယောက်ပါပဲ၊ မင်းကတိတည်မယ်လို့လည်း ကျုပ်မျှော်လင့်ပါတယ်၊ ကဲ စလိုက်ကြရအောင်”

သူ၏စကားကြောင့် လုဖုံးချီမှာ မည်သို့မျှ မတတ်သာတော့ဘဲ စိတ်ပျက်လက်ပျက်ဖြင့် ရှေ့သို့လှမ်းထွက်လိုက်ရလေသည်။

မုရန်ကျူးက...

“တစ်ယောက်ကိုတစ်ယောက် မထိခိုက်ရလေအောင် သတိထားကြပါ၊ ကဲ စကြပေတော့”

လက်ဝှေ့ယမ်းပြကာ ပြောလိုက်၏။

လုဖုံးချီက ရောင်လီကို စိုက်ကြည့်လိုက်သည်။

ရောင်လီမှာ ခြသေ့်ဂိုဏ်းမှ အငယ်ဆုံးဂိုဏ်းသားထက်ပင် အသက်ငယ်ဦးမည် ဖြစ်လေသည်။

သို့သော်...

သူက ခြသေ့်ဂိုဏ်းအား ပြောင်းဆန်အောင် မွှေနှောက်ဒုက္ခပေးနိုင်ခဲ့လေသည်။

ရောင်လီက ရွှေပလွေအား သူ့ပိုင်ပစ္စည်းသဖွယ် ပြန်လည်သိမ်းဆည်းနေသည်ကိုမြင်လျှင် ဒေါသထွက်လာပြီး...

“ရွှေပလွေ ပြန်ပေးစမ်း”

အော်ငေါက်ကာ ရှေ့သို့လျှက်တပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ရှောင်လီမှာ တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ရာ၌ ထိခိုက်မှုမရှိရလေအောင် အတတ်နိုင်ဆုံးကြိုးစား ဆုံးဖြတ်ထား၏။

ထို့ကြောင့်...

ရွှေပလွေကို ပြန်လည် သိမ်းဆည်းထားလိုက်လေသည်။

ထိုအချိန်တွင် လုဖုံးချီက လျှပ်တပြက် ခုန်ဝင်တိုက်လိုက်လာသည်ဖြစ်ရကား အမှတ်မထင် လက်တစ်ဘက်ဆန့်ထုတ်လိုက်ရလေသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

လုဖုံးချီမှာ ခြေကားရားလက်ကားရားဖြင့် အနောက်ဘက်သို့လွင့်စဉ်သွား၏။

မုရန်ကျူးကသာ အချိန်မီ ဖမ်းဆီးထားခြင်းမရှိလျှင် ကြမ်းပြင်ပေါ်သို့ ရုပ်ပျက်ဆင်းပျက် ပြုတ်ကျသွားမည်ဖြစ်လေသည်။

ခြသေ့်ဂိုဏ်းချုပ်လုဖုံးချီမှာ သိုင်းလောက၌ ထင်ရှားခြင်းမရှိသည့် အညတရ လူငယ်လေးရှောင်လီနှင့် ယှဉ်ပြိုင်ရာတွင် သိုင်းကွက်တစ်ကွက်ပင်မခံနိုင်ဘဲ ရှုံးနိမ့်သွားရပြီ ဖြစ်လေသည်။

ဝိုင်းရံထားသူများ မျက်စိမျက်နှာပျက်သွားကြ၏။

ထိုလူအားလုံး ကြောက်ရွံ့ထိတ်လန့်သော အကြည့်ဖြင့် ရှောင်လီအား လှမ်းကြည့်နေကြလေသည်။

ရှောင်လီလည်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေ၏။



မမျှော်လင့်ဘဲ လုဖုံးချီအား ပြင်းထန်စွာ တိုက်ခိုက်မိလိုက်သည်မဟုတ်ပါလား။

လုဖုံးချီအား ထိခိုက်သွားပါစေဟု သဘောမထားသော်လည်း အမှတ်တမဲ့ပြန်လည် တိုက်ခိုက်မိသည်မို့ ဒုက္ခရောက်သွားမည်ကို စိုးရိမ်နေမိ၏။

လုဖုံးချီ ရှုံးနိမ့်သွားပြီး သူအနိုင်ရလိုက်သည်ကိုပင် အမှုမထားနိုင်ဘဲ ဖြစ်နေလေသည်။

မုရန်ကျူးက လုဖုံးချီအား ဖေးမယင်း...

"ခင်ဗျား ဘယ်လိုနေသလဲ"

ဟုမေးလိုက်လေသည်။

လုဖုံးချီ အံကြိတ်လိုက်သည်။

နှုတ်ခမ်းထောင့်မှ စီးကျလာသည့်သွေးများကို လက်ခုံဖြင့် သုတ်လိုက်ပြီး...

"ကျုပ်မသေနိုင်သေးပါဘူးဗျာ၊ သည်ကောင်လေးကို နိုင်အောင် မတိုက်ခိုက်နိုင်တာကိုပဲ ခံပြင်းနေမိတာပါ"

ဟု မချိတင်ကဲ ပြောလေသည်။

ယခုမှ မုရန်ကျူးတို့လည်း အနိုင်အရှုံးကို သတိရလာကြ၏။

ရှောင်လီအား လှမ်းကြည့်လိုက်ကြ၏။

ရှောင်လီမှာ လုဖုံးချီ၏စကားကြောင့် အသက်အန္တရာယ်ထိခိုက်မှုမရှိမှန်း သိလာလျှင် စိတ်သက်သာရာရသွား၏။

မုရန်ကျူးကိုလည်း ပြုံးပြလိုက်လေသည်။

မုရန်ကျူး မလုံမလဲ ဖြစ်သွားပြီး...

"မင်း အနိုင်ရသွားပြီ"

ဟုပြောလိုက်လေသည်။

ထိုစကားကြားလျှင် ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သို့သော်...

ချက်ချင်း သတိဝင်လာပြီး..

"ဒါဆို ရွှေပလွေကို ကျွန်တော် ရသွားပြီပေါ့"

မုရန်ကျူး သက်ပြင်းချကာ...

"မင်းက တစ်နှစ်ပဲယူထားမယ်လို့ ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်၊ တစ်နှစ်ပြည့်တာနဲ့ ကျွန်တော် ပြန်ပို့ပေးပါ့မယ်"

"နေဦး"

"ဦးက ဘာပြောချင်လို့လဲ"

"မင်းနဲ့ခြသေ့်ဂိုဏ်းရဲ့ပြဿနာ ပြီးဆုံးသွားပြီ၊ ဒါပေမယ့် လေလွင့်ဂိုဏ်းနဲ့ပတ်သက်ပြီး ဖြေရှင်းစရာကျန်သေးတယ်"

"ဗျာ"

ရှောင်လီ အံ့ဩသွားလေသည်။

မုရန်ကျူးကို နားမလည်နိုင်စွာ လှမ်းကြည့်လိုက်သည်။

"လေလွင့်ဂိုဏ်းနဲ့ ပတ်သက်တဲ့ ပြဿနာဟုတ်လား"

"ဟုတ်တယ်"

"ဦးက.."

"ဝမ်းကျိုးစန်းကို မင်းစော်ကားခဲ့တယ်၊ ကွမ်းကြိုးညီနောင်



ကိုမင်းခေါ်သွားတုန်းကလည်း ကျုပ်လူတွေကို သွေးကြောပိတ်ခဲ့တယ်၊ သည်လုပ်ရပ်ဟာ လေလွင့်ဂိုဏ်းကို စော်ကားတာနဲ့အတူတူပဲ၊ ဒါကြောင့် ကျုပ်တို့ကျေနပ်အောင် မင်းက ဖြေရှင်းရလိမ့်မယ်"

ရှောင်လီ စိတ်ပျက်သွား၏။

မုရန်ကျူးက သူ့အားလွှတ်မပေးလိုသဖြင့် အပြစ်ရှာသည်ဟုတွေးကာ ဒေါသထွက်သွား၏။

မုရန်ကျူးကို စိုက်ကြည့်ပြီး...

"သည်ကိစ္စအတွက် ဦးက ဘယ်လိုဖြစ်စေချင်တယ်ဆိုတာ ပြောပါ"

ဟုမေးလိုက်၏။

မုရန်ကျူး ပြုံးလိုက်၏။

"ကောင်းပြီ၊ မင်းရှုံးသွားယင်တော့ ရွှေပလွေကို ခြသေ့်ဂိုဏ်းချုပ် လက်ထဲပြန်အပ်ရမယ်၊ မင်းဟာငါ့နဲ့လိုက်ခဲ့ပြီး လေလွင့်ဂိုဏ်းချုပ်ရှေ့မှာ အပြစ်ဝန်ခံရမယ်၊ ပြီးတာနဲ့မင်းကိုလက်ဖျားနဲ့တောင်မတို့ဘဲ လွှတ်ပေးလိုက်မယ်"

ရှောင်လီသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ လက်ခံလိုက်လေသည်။

"ကောင်းပြီ..ကျွန်တော် လက်ခံပါတယ်"

"ဒါဖြင့် တို့တတွေ စလိုက်ကြတာပေါ့"

ပြောပြီးလျှင် မုရန်ကျူးကရှေ့သို့လှမ်းထွက်လာလေသည်။

ရှောင်လီက အသင့်အနေအထားဖြင့် ရပ်နေလိုက်၏။

လုဖုံးချီသည်လည်းကောင်း၊ မုရန်ကျူးသည်လည်းကောင်း

ခေသူများ မဟုတ်ကြောင်း ရိပ်မိထားပါ၏။

ထို့ကြောင့်…

သတိကြီးစွာ ထားနေလိုက်၏။

မုရန်ကျူးက…

"ကျုပ်ဟာ လလွှင့်ဂိုဏ်းချုပ်ရဲ့ ကိုယ်ရံတော်လေးယောက်မှာ တစ်ယောက်အပါအဝင်ဖြစ်တယ်၊ သိုင်းလောက ဝါစဉ်အရ မင်းထက် အများကြီးမြင့်တာမို့ မင်းကပဲစပြီး တိုက်ခိုက်ပါ"

ဟုပြောလိုက်၏။

မုရန်ကျူးအပေါ် ရှောင်လီ ဒေါသထွက်နေပြီဖြစ်လေသည်။

မုရန်ကျူးအား မည်သို့မျှ သဘောမကျတော့ပါချေ။

"ကောင်းပြီ..ခင်ဗျား သတိထားပါ"

အော်ပြောလိုက်ပြီး ပြေးဝင်တိုက်ခိုက်လိုက်၏။

မုရန်ကျူးက ဆီးကြိုခုခံလိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်…

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာ၏။

မုရန်ကျူးမှာ လွတ်ခနဲအော်ကာ အနောက်ဘက်သို့ လွင့်စဉ်သွားလေတော့သည်။

♠ ♠ ♠



အားလုံး မှင်သက်မိသွားကြသည်။

ရှောင်လီကို မယုံကြည်နိုင်စွာ ကြည့်လိုက်မိကြလေသည်။

ရှောင်လီ မလှုပ်မယှက် ရပ်နေ၏။

ဒုတိယအကြိမ် အနိုင်ရလိုက်ပြန်ပြီ ဖြစ်လေသည်။

မုရန်ကျူးက ကြမ်းပြင်ပေါ်မှ ခုန်ထလာ၏။

ရှောင်လီကို မျက်လုံးပြူးကာ ကြည့်နေမိပြီး စကားမပြောနိုင်ဘဲဖြစ်နေ၏။

ရှောင်လီက…

"ဦးရှုံးသွားပြီ"

ဟုပြောလိုက်သည်။

ထိုစကားကြားမှ မုရန်ကျူး သတိဝင်လာလေသည်။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ရှောင်လီကို စိုက်ကြည့်ကာ…

"မင်း…မင်း"

အတော်ကလေးကြာမှ မုရန်ကျူး သက်ပြင်းချလိုက်ပြီးနောက်…

"ဟုတ်တယ်…ကျုပ်ရှုံးသွားပြီ"

ဟုဝန်ခံလိုက်သည်။

ရှောင်လီက…

"ကျွန်တော် ထွက်သွားလို့ရပြီပေါ့"

"မင်းကို လုပ်ဖုံးချီကော ကျုပ်ကော မတားနိုင်တော့ပါဘူး၊ ဒါပေမယ့် မင်းကို"

သူက စကားတဆစ်ပိုင်းတစ်စဖြင့် ရပ်ကာ ရသေ့ကြီးအား လှမ်းကြည့်လိုက်၏။

ရှောင်လီလည်း ကြည့်လိုက်မိ၏။

တစ်ချိန်လုံး ငြိမ်သက်နေခဲ့သည့် ရသေ့ကြီး လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

မျက်လွှာချထားရာမှ မျက်လုံးဖွင့်ကာ ရှောင်လီအားကြည့်လာလေသည်။

ရှောင်လီ ရင်ထိတ်သွား၏။

ရသေ့ကြီး၏ပုံပန်းသဏ္ဌာန်မှာ လွန်စွာတည်ငြိမ်ပြီး သူ၏အကြည့်သည် ဓားသွားကလေးပမာ ထက်မြက်လှသည်ဟု တွေးမိလေသည်။

ထိုရသေ့ကြီးမှာ ခေသူမဟုတ်ဘဲ မုရန်ကျူး၊ လုဖုံးချီတို့ထက် သိုင်းပညာအဆင့်မြင့်မားသူဖြစ်သည်ဟု ချက်ချင်းရိပ်မိသွား၏။

ရှောင်ငလီ အကဲခတ်ကြည့်နေစဉ်မှာပင် ရသေ့ကြီးထံမှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ကျုပ်ဟာ ရသေ့ကြီးဝေချင်းပါ၊ သည်နယ်ဘက်ကို ကိစ္စတစ်ခုနဲ့ခရီးသွားယင်း လေလွင့်ဂိုဏ်းရဲ့ဖိတ်ခေါ်မှုကြောင့် ကူညီဖို့လိုက်လာတာပါ၊ ရွှေပလွေဟာ ခြသေ့ဂိုဏ်းအတွက် မရှိမဖြစ်တဲ့ပစ္စည်းမို့ ပြန်ပေးပါလို့ ကျုပ်က ကြားဝင်မေတ္တာရပ်ခံပါတယ်"

ရှောင်လီ ငိုင်သွား၏။

ရွှေပလွေသည် သူ့အတွက် အလွန်အရေးပါမည့်ပစ္စည်းတစ်ခုဖြစ်လာမည်ဟု ယုံကြည်ထား၏။



ရွှေပလွေကို မည်သည့်နည်းနှင့်မျှ ပြန်မပေးနိုင်ပါချေ။

သို့သော်...

ကတိပေးသည့်အတိုင်း တစ်နှစ်ပြည့်လျှင်မူ ခြသေ့ဂိုဏ်းချုပ်လက်ထဲသို့ ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ထားပြီးဖြစ်၏။

သူက ပြန်မပေးလျှင် ဝေချင်းနှင့်ထိပ်တိုက်ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ရှောင်လီက ဝေချင်းအား ဦးညွှတ်လိုက်ပြီး...

"ကျွန်တော့်အတွက် အလွန်အရေးပါနေတာမို့ တစ်နှစ်ငှားရမ်းခွင့်ပြုပါ၊ တစ်နှစ်ပြည့်တာနဲ့ ဆက်ဆက်ပြန်ပေးပါ့မယ်"

"ရွှေပလွေကို အသုံးပြုပြီး ခြသေ့ဂိုဏ်းသားတွေအပေါ် သိုင်းလောကသားတွေအပေါ် အန္တရာယ်ဖြစ်စေမှာလား"

"သည်လိုမဖြစ်စေရပါဘူးလို့ ကတိပြုပါတယ်"

"ဒါဖြင့် ဘယ်လိုကိစ္စအတွက် အသုံးပြုမယ်ဆိုတာကို ပြောပါ"

ရှောင်လီ သက်ပြင်းချကာ...

"ကျွန်တော်ဟာ လူတစ်ယောက်ကို ကူညီမယ်လို့ ကတိပြုထားပါတယ်၊ အဲသည်လိုကူညီနိုင်ဖို့ လက်နက်ကောင်းတစ်ခု လိုအပ်နေပါတယ်၊ ရွှေပလွေဟာ အသင့်လျော်ဆုံးလက်နက်တစ်ခုပါ၊ ဒါကြောင့် ခဏငှားရမ်းတာပါ"

"ဩော်..အခက်အခဲကြုံနေတာကိုး၊ ကောင်းပြီလေ၊ ရွှေပလွေကို တစ်နှစ်ပြည့်တဲ့အချိန် ဆက်ဆက်ပြန်ပေးပေ့ါ ဟုတ်ပြီလား"

"ခင်ဗျာ"

ရှောင်လီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဝေချင်းကိုလည်း မယုံကြည်နိုင်စွာ ကြည့်လိုက်မိလေသည်။

ဝေချင်းက သူ့အားပွယ်လင့်တကူ ခွင့်ပြုလိုက်လိမ့်မည်ဟုမထင်ခဲ့ပါချေ။

လုဖုံးချီနှင့် မုရန်ကျူးတို့လည်း အံ့သြသွားကြပြီး ဝေချင်းကို နားမလည်နိုင်စွာကြည့်နေကြ၏။

အခန်းတွင်းဝယ် တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

အတော်ကလေးကြာမှ ရှောင်လီက ဝေချင်းအား အရိုအသေပြုလိုက်ပြီး...

"ကျွန်တော့်ကို သွားခွင့်ပြုပါ"

ဟုပြောလိုက်လေသည်။

ဝေချင်း ဦးခေါင်း အသာအယာညိတ်လိုက်၏။

ရှောင်လီက လုဖုံးချီနှင့် မုရန်ကျူးတို့အား လှမ်းကြည့်လိုက်ကြသည်။

လုဖုံးချီသည်လည်းကောင်း၊ မုရန်ကျူးသည်လည်းကောင်း ခေါင်းငိုက်စိုက်ချထား၏။

အားလုံးသည် ရှောင်လီအား ဟန့်တား၍ရမည် မဟုတ်ကြောင်း နားလည်သဘောပေါက် သွားကြလေသည်။

ရှောင်လီက...

"ကျုပ်ကတိအတိုင်း တစ်နှစ်ပြည့်တဲ့အချိန်မှာ ရွှေပလွေကို ဆက်ဆက်ပြန်ပို့ပေးပါ့မယ်"



ထို့နောက်...

တံခါးပေါက်ဆီသို့ ဦးတည်လှမ်းထွက်သွား၏။

သူ့အား မည်သူမျှ ဟန့်တားခြင်းမပြုကြချေ။

ရှောင်လီမှာ ပိုင်းရံထားသူများကြားမှဖြတ်ကာ အပြင်ဘက်ရောက်ရှိ ကွယ်ပျောက်သွားလေသည်။

ရှောင်လီပျောက်ကွယ်သွားမှ လုဖုံးချီနှင့်မုရန်ကျူးတို့ သတိဝင်လာကြသည်။

ဝေချင်းအား မကျေမနပ် ကြည့်လိုက်လေသည်။

"သူ့ကို ဘာကြောင့်လွှတ်ပေးလိုက်ရတယ်ဆိုတာ သိကြသလား"

ဟုမေးလိုက်လေသည်။

မုရန်ကျူး ခေါင်းခါယမ်းလိုက်၏။

"မသိပါဘူး၊ သူ့ကိုဟန့်တားနိုင်မယ်ထင်ခဲ့ကြပါတယ်၊ အခုတော့ သူဟာ..."

စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

မှန်ပေသည်။

ဝေချင်းသည် သိုင်းပညာအဆင့် အသွန်မြင့်မားသူဖြစ်ကြောင်း သိထားကြ၏။

ဝေချင်း၏ သိုင်းပညာအဆင့်နှင့်ဆိုလျှင် ရှောင်လီအား ကောင်းစွာဟန့်တားနိုင်မည်ဟု ယုံကြည်ထား၏။

ဝေချင်းက ဟန့်တားခြင်းမပြုဘဲ လွှတ်ပေးလိုက်ခြင်းကြောင့် အံ့သြနေကြခြင်းဖြစ်ပေသည်။

ဝေချင်းက...

"ကျုပ်က သူ့ကိုဟန့်တားနိုင်တယ်ဆိုယင် တားထားလိုက်တာပေါ့"

ဟုပြောလာသည်။

မုရန်ကျူး မျက်လုံးပြူးသွား၏။

ဝေချင်းအား နားမလည်နိုင်စွာကြည့်ကာ...

"သူ...သူ့ကိုမတားနိုင်ဘူး ဟုတ်လား"

ဝေချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်..ကျုပ် ဘယ်နည်းနဲ့မှ သူ့ကိုတားဆီးနိုင်မှာမဟုတ်ဘူး"

"ဘာ..ဘာကြောင့်လဲဟင်"

"သူအသုံးပြုသွားတဲ့ သိုင်းကွက်တွေဟာ ကျုပ်တစ်ခါမှ မမြင်ဖူး၊ မကြားဖူးတဲ့ သိုင်းကွက်တွေဖြစ်နေတယ်၊ တကယ်လို့ သူက ကျုပ်နဲ့ရင်ဆိုင်ပြီးသိုင်းကွက်ဖော်ထုတ်တဲ့အခါ ဘယ်လိုခုခံချေဖျက်ရမယ်ဆိုတာ ကျုပ်စဉ်းစားနိုင်မှာ မဟုတ်ဘူး၊ ဘာမှန်းညာမှန်း မသိဘဲ ရှုံးသွားရဖို့များတယ်"

မုရန်ကျူး ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝေချင်းပြောသည့်စကားကို စောဒကတက်စရာ အကြောင်းလုံးဝမရှိဖြစ်နေကြ၏။

ရှောင်လီနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့စဉ်က ရှောင်လီ၏တိုက်ကွက်ထွက်ပေါ်လာသည့်အခါ မည်သို့ခုခံချေဖျက်ရမည်ကို စဉ်းစားမရသဖြင့် မရှုမလှ ရှုံးနိမ့်ခဲ့ရသည် မဟုတ်ပါလား။



ဝေချင်းက...

"သူ့ကိုလွှတ်ပေးလိုက်တာ တို့အားလုံးအတွက် အကောင်းဆုံးပါပဲ၊ သူဟာ ကတိအတိုင်း တစ်နှစ်ပြည့်တဲ့အချိန် ရွှေပလွေကို ပြန်ပို့ပေးလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်၊ ကျုပ်ပြောချင်တာကတော့ သူနဲ့ရွှေပလွေကို တစ်နှစ်လောက် မေ့ထားလိုက်ကြပါ"

မုရန်ကျူးက လုဖုံးချီကို လှမ်းကြည့်လိုက်၏။

လုဖုံးချီ သက်ပြင်းချလိုက်၏။

ဝေချင်း၏စကားအတိုင်း လိုက်နာရုံမှလွဲပြီး အခြားသောနည်းလမ်းမရှိတော့ကြောင်း နားလည်ယုံကြည်ထားလေတော့သည်။

♠ ♠ ♠

ဘုံကျောင်းပျက်မှာ အနောက်ဘက် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ရောင်လီက သစ်ပင်များကြားမှဖြတ်ကာ ရှေ့ဆက်လှမ်းသွား၏။

ယခုဆိုလျှင် ရွှေပလွေနှင့် ပတ်သက်သောကိစ္စအဝဝကို ရှင်းလင်းခဲ့ပြီးပြီ ဖြစ်သည်။

သူ့အတွက်သော်လည်းကောင်း၊ ကွမ်းကြိုးညီနောင်အတွက်သော်လည်းကောင်း ပူပင်စရာမလိုတော့ပါ။

ရွှေပလွေကိုလည်း တစ်နှစ်တိတိ ကိုင်ဆောင်နိုင်တော့မည် ဖြစ်ပေသည်။

ရွှေပလွေကို သူအားထားနေမိသည်မှာ အကြောင်းတော့ ရှိပေသည်။

ရောင်လီ၏ပြုံးရွှင်နေသော မျက်နှာတည်သွား၏။

ခပ်သွက်သွက်လှမ်းနေသည့် ခြေလှမ်းကိုလည်း တုန့်ခနဲ ရပ်ပစ်လိုက်သည်။

တဆက်တည်းပင် ဝဲဘက်သစ်ပင်များကြားသို့ မျက်နှာမူကာ...

"ခင်ဗျားတို့ အပြင်ဘက်ထွက်လာကြယင် ကောင်းမယ်"

ဟုပြောလိုက်လေသည်။

တိတ်ဆိတ်နေသော တောအုပ်အတွင်းဝယ် သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းတွင် သစ်ပင်များနောက်



ကွယ်မှ လူနှစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူနှစ်ယောက်ကိုမြင်လျှင် ရောင်လီ မျက်မှောင်ကုပ်သွား၏။

"ကွမ်းကြိုးညီနောင်ပါလား"

ဟုလည်း စိတ်ထဲကျိတ်ပြီး ရေရွတ်မိလေသည်။

မှန်ပေသည်။

သစ်ပင်များနောက်ကွယ်မှ ထွက်လာသူမှာ ကွမ်းကြိုးညီနောင်ဖြစ်သည်။

ကွမ်းကြိုးညီနောင်သည် ရောင်လီအနီးသို့ ခပ်သွက်သွက် ပြေးထွက်လာ၏။

အနီးသို့ရောက်လျှင် လက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်ကြလေသည်။

"မိတ်ဆွေလေးကို ကျေးဇူးတင်လိုက်တာဗျာ"

ဟု ဝမ်းသာအားရ ပြောကြလေသည်။

ရောင်လီ သက်ပြင်းချလိုက်၏။

"ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူး၊ ခင်ဗျားတို့ဟာ ကျုပ်နဲ့ပတ်သက်နေတယ်လို့ မုရန်ကျူးတို့ မယူဆသွားကြတာကိုပဲ ကျေးဇူးတင်လိုက်ပါ၊ နို့မဟုတ်ယင် ကျုပ်က ခင်ဗျားတို့ကို ကူညီမှာမဟုတ်ဘူးဗျ"

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားသာ ကြားဝင်မကူညီယင် ကျုပ်တို့ ဒုက္ခလှလှကြီးတွေ့ကြရမှာပဲ"

ကွမ်းကြိုးအိ၏စကားကြောင့် ကွမ်းကြိုးအော့က ထောက်

ခံလိုက်လေသည်။

"ဟုတ်တယ်၊ ကျုပ်တို့ကလည်း သေရေးရှင်ရေး အရေးကြီးတဲ့ကိစ္စကြောင့် ရွှေပလွေကို ဝင်ခိုးမိတာ၊ ခင်ဗျားနဲ့တွေ့လို့ကံကောင်းသွားတာပေါ့၊ နို့မဟုတ်ယင် မလွယ်ဘူး"

ရောင်လီက သူတို့နှစ်ယောက်အား သေသေချာချာ အကဲခတ်ကြည့်လိုက်၏။

ကွမ်းကြိုးညီနောင်မှာ ရွှေပလွေအားခိုးယူရန်ကြိုးစားခြင်းသည် ထူးခြားသော အကြောင်းကိစ္စတစ်ခုရှိနေခြင်းကြောင့် ဖြစ်သည်ဟု နားလည်ထား၏။

ကွမ်းကြိုးညီနောင် ကြုံတွေ့ရသည့် အခက်အခဲသည်...

ရောင်လီက...

"ခင်ဗျားတို့က ကျုပ်ကို မိတ်ဆွေတစ်ယောက်လို သဘောမထားနိုင်ဘူးလား"

ဟုမေးလိုက်လေသည်။

ကွမ်းကြိုးညီနောင် မျက်လုံးပြူးသွားသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ပြီးမှ ရောင်လီဘက် ပြန်လှည့်ကာ...

"ခင်ဗျားက ကျုပ်တို့နဲ့မိတ်ဆွေဖြစ်ချင်တယ် ဟုတ်လား"

ကွမ်းကြိုးအော့က မေးလိုက်သည်။

ရောင်လီ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ကဲ..ဘာကြောင့် မိတ်ဆွေဖြစ်ချင်ရတာလဲ၊ ကျုပ်တို့ဟာ



ခင်ဗျားကို အကျိုးကျေးဇူးပြုနိုင်မယ့်လူတွေ မဟုတ်တာ သေချာတယ်ဗျ"

ရောင်လီ ပြုံးလိုက်သည်။

"မိတ်ဆွေဆိုတာ တစ်ယောက်အခက်အခဲတွေ့ယင် တစ်ယောက်က ကူညီရပါတယ်၊ ကိုယ့်အတွက် အကျိုးကျေးဇူးရဖို့မျှော်လင့်ပြီး ပေါင်းသင်းဆက်ဆံတာဟာ မိတ်ဆွေမပီသဘူး၊ မိတ်ဆွေလို့လည်း သတ်မှတ်နိုင်မှာ မဟုတ်တော့ပါဘူးဗျာ"

ကွမ်းကြိုးအော့ သဘောကျသွား၏။

ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်ပြီး...

"ခင်ဗျားရဲ့ စိတ်သဘောထားကိုတော့ သဘောကျသွားပြီ ခင်ဗျားက လိုလားတယ်ဆိုယင် ကျုပ်တို့ကလည်း မိတ်ဆွေအဖြစ် ဝမ်းသာအားရ လက်ခံရမှာပေါ့ဗျာ"

ကွမ်းကြိုးအီက...

"ဟုတ်တယ်၊ ခင်ဗျားဟာ မိတ်ဆွေအဖြစ် လက်မခံနိုင်စရာအကြောင်းမရှိပါဘူးဗျာ"

ရောင်လီ ကျေနပ်သွား၏။

"ဒါဆို ကျုပ်တို့ မိတ်ဆွေဖြစ်ပြီပေါ့"

"ဟုတ်တယ်..ဟုတ်တယ်"

"ကျုပ်တို့သုံးယောက် မိတ်ဆွေတွေဖြစ်ကြပြီ"

သုံးယောက်စလုံး ဝမ်းသာအားရ ဖြစ်နေ၏။

ရောင်လီက...

"ကဲ ကျုပ်ကို မိတ်ဆွေအဖြစ် သဘောထားလိုက်ကြပြီဆို

ယင် ခင်ဗျားတို့မှာ ဘယ်လိုအခက်အခဲ ကြုံတွေ့နေကြရတယ်ဆိုတာ ပြောပြကြပေတော့"

ဟုပြောလိုက်သည်။

သူ၏စကားကြားလျှင် ကွမ်းကြိုးညီနောင် ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

ကွမ်းကြိုးအော့က....

"ဘာကို ပြောပြရမှာလဲ"

ဟုမေးလိုက်သည်။

ရှောင်လီက...

"ခင်ဗျားတို့ဟာ သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စနဲ့ ကြုံတွေ့နေရလို့ ရွှေပလွေခိုးယူဖို့ကြိုးစားခဲ့ကြတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"ကောင်းပြီ..အဲသည် သေရေးရှင်ရေးကိစ္စဟာ ဘာလဲဆိုတာ ကျုပ်ကိုပြောပြပါ"

ကွမ်းကြိုးအော့က ကွမ်းကြိုးအိကို ကြည့်လိုက်သည်။

ပြောသင့်မပြောသင့် မေးမြန်းလိုက်သည့်သဘောဖြစ်လေသည်။

ကွမ်းကြိုးအိက...

"တို့ပြောပြလိုက်လို့ ဘာမှအကြောင်းထူးမှာ မဟုတ်ပါဘူး၊ သူသိသွားယင် အကူအညီတောင် ရလာနိုင်တယ် မဟုတ်လား"

ဟုပြောလိုက်သည်။

ကွမ်းကြိုးအော့ကလည်း ပြောပြရန် ဆုံးဖြတ်လိုက်သည်။



"ကောင်းပြီ ခင်ဗျားသိချင်ယင် ပြောပြပါ့မယ်၊ သည်နေရာဟာ ခြင်္သေ့ဂိုဏ်းပိုင်နက်နဲ့ သိပ်မဝေးလှတော့ အန္တရာယ်ရှိကောင်းရှိနိုင်ပါတယ်၊ ရေ့သုံးမိုင်လောက်အကွာမှာ မြို့ကလေးတစ်မြို့ရှိတယ်၊ အဲသည်ကိုသွားကြတာပေါ့"

ရှောင်လီက...

"ခြင်္သေ့ဂိုဏ်းအတွက် ဘာမှမစိုးရိမ်ပါနဲ့တော့၊ သူတို့က ဒုက္ခမပေးပါဘူးလို့ ကတိပေးလိုက်ပါတယ်၊ အင်းလေ ရှေ့ကမြို့ကလေးကိုရောက်မှ ပြောချင်ယင်ပြောပါ၊ အဲသည်မှာ ကျုပ်တို့တစ်ခုခုစားသောက်ယင်း ,အေးအေးဆေးဆေး ပြောနိုင်ကြမှာပဲ မဟုတ်လား"

"သေချာတာပေါ့ဗျာ၊ ခင်ဗျားကို ကျုပ်တို့ညီအစ်ကိုက အကောင်းဆုံး အစားအစာတွေနဲ့ ပြုစုကျွေးမွေးကြမှာဗျ၊ ဟား ဟား ဟား"

"ဟား..ဟား..ဟား"

ကွမ်းကြိုးညီနောင် ပြိုင်တူရယ်မောလိုက်ကြ၏။

သူတို့နှစ်ယောက် လွတ်လပ်စွာ ရယ်မောယင်းကြည်နူးနေကြသည်ကိုကြည့်ကာ ရှောင်လီ၏ရင်ထဲ ဝမ်းသာကြည်နူးမှုများ ကူးစက်ဝင်ရောက်လာလေတော့သည်။

သူက ကွမ်းကြိုးညီနောင်အား အမှန်တကယ်ပင် မိတ်ဆွေအဖြစ်သတ်မှတ်လိုက်သည်လော။ သို့တည်းမဟုတ်...။

♠ ♠ ♠

သူငယ်ချင်းသုံးယောက် စားသောက်ဆိုင်…။

စားသောက်ဆိုင်၏ ဆိုင်းဘုတ်ကိုကြည့်ကာ ကွမ်းကြိုးညို နောင် သဘောကျသွားသည်။

"ကျုပ်တို့သုံးယောက်ကို ရည်ရွယ်ပြီး မှည့်ခေါ်ထားတာကျ နေတာပဲဗျ ဟား ဟား ဟား"

ကွမ်းကြိုးအော့ကပြောပြီး သဘောကျစွာ ရယ်မောလိုက် လေသည်။

နောက်ဆုံး သုံးယောက်သား ထိုစားသောက်ဆိုင်၌ ဝင်စား သောက်ရန် ဆုံးဖြတ်လိုက်၏။

လူသူရှင်းသော စားသောက်ဆိုင် အပေါ်ထပ်သို့ တက်ကာ စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

ကွမ်းကြိုးအော့ကပင် ဦးဆောင်ကာ စားသောက်ဖွယ်ရာ များမှာကြားလိုက်သည်။

မကြာမီ သူတို့မှာကြားထားသော စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်။

ဟင်းခွက်များဖြင့် စားပွဲတစ်ခုလုံး ပြည့်လျှံသွားသည်ဟု ဆိုရပေမည်။

ကွမ်းကြိုးအော့က…

"ကဲ..မိတ်ဆွေ အားရပါးရ စားပေတော့"

ပြောပြီး သူတို့သုံးယောက်သား အားရပါးရ စားသောက် လိုက်ကြ၏။

ရောင်လီမှာ စားသောက်ပြီးစီးသွားသည်နှင့် ကွမ်းကြိုးညို



နောင် စိတ်ရွှင်လန်းဝမ်းမြောက်သည်ကို အခွင့်ကောင်းယူကာ…

"ကဲ…ခင်ဗျားတို့ကျွေးတာ စားပြီးပြီ၊ ခင်ဗျားတို့ပြောတဲ့ စကားနားထောင်ဖို့ပဲ ကျန်တော့တယ်ဗျ"

ဟုပြောလိုက်လေသည်။

ကွမ်းကြိုးအော့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်သားပဲ၊ ကျုပ်တို့အတွက် သေရေးရှင်ရေး အရေးကြီး တယ်ဆိုပေမယ့် ခင်ဗျားအတွက်တော့ အရေးကြီးချင်မှကြီးမှာပေါ့ ဗျာ၊ ဒါကြောင့် ဘယ်ကစပြီးပြောရမလဲ စဉ်းစားနေတာဗျ"

"အို ခင်ဗျားတို့အတွက် သေရေးရှင်ရေးတမျှ အရေးကြီး တယ်ဆိုယင် ကျုပ်အတွက် ခင်ဗျားတို့နဲ့တသဘောတည်းဖြစ်မှာ ပေါ့၊ ကျုပ်တို့ မိတ်ဆွေတွေ ဖြစ်နေကြပြီ မဟုတ်လား"

ကွမ်းကြိုးအော့ သဘောကျသွားလေသည်။

"ကောင်းပါပြီဗျာ ကျုပ်ပြောပြပါ့မယ်၊ တောင်ပိုင်းမှာ ကြယ်ပျံအာမခံဌာနပိုင်ရှင် ဟန်လုံဟာ ကျုပ်တို့အပေါ်မှာ ကျေးဇူး ရှိခဲ့ပါတယ်"

"ဘယ်လိုကျေးဇူးရှိခဲ့တယ်ဆိုတာ ပြောပြလိုက်လေ၊ ဒါမှ ပိုပြီးပြည့်စုံမှာပေါ့"

ကွမ်းကြိုးအိက ဝင်ပြောလိုက်သည်။

ကွမ်းကြိုးအော့က ဆက်ပြောလိုက်သည်။

"ခင်ဗျားက ပြည့်ပြည့်စုံစုံ သိချင်တယ်ဆိုယင် ရှင်းပြပါ့မယ် ဗျာ၊ ကျုပ်တို့ညီအစ်ကိုဟာ သိုင်းလောကမှာ ကျင်လည်ကျက်စား ယင်း မကောင်းသူပယ် ကောင်းသူကယ်ခဲ့ကြပါတယ်"

ကွမ်းကြိုးအော့၏ မျက်လုံးများ ရီဝေသွား၏။

အတိတ်မှဖြစ်ရပ်များကို သတိရလာဟန်ရှိ၏။

ရောင်လီသည်လည်း ကွမ်းကြိုးအော့ ပြောပြသည့်အတိတ် ခရီးတွင် ပါဝင်နစ်မြောသွားလေတော့သည်။

♠ ♠ ♠



ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ ဝင်းလက်တောက်ပနေသည်။

လဝန်းသည် အရှေ့ဘက် တိမ်ညိုတိမ်တိုက်ကြားဝယ် ရုန်းထွက်မရဘဲ ဖြစ်နေ၏။

မှုန်ဝါးဝါး အလင်းရောင်သည် ဝန်းကျင်တစ်ခုလုံး ဖြာကျနေသည်။

စိမ်းလန်းစိုပြည်သော တောအုပ်ကြီးသည် ရှည်လျားသွယ်တန်းနေသည့် တောင်တန်းကြီး၏ခြေရင်းဝယ် တည်ရှိနေ၏။

အ,ကာလညအချိန်ဝယ် တောအုပ်ရှေ့သို့ လူရိပ်နှစ်ခု ရောက်ရှိလာသည်မှာ အံ့သြဖွယ်ကောင်းလှသည်။

လူသူမနီးသည့် တောကြီးမြက်မည်းအတွင်းသို့ အချိန်မတော် လာခဲ့ကြခြင်းတည်း။

လူရိပ်နှစ်ခုသည် အမှောင်ရိပ်များကို အကာအကွယ်ယူကာ တောင်ခြေရင်းသို့ ဦးတည်ပြေးလွှား သွားကြလေသည်။

တောင်ခြေတစ်နေရာ၌ သစ်ပင်များကျဲသွားပြီး မြေကွက်လပ်တစ်ခုပမာ မြင်နေရပါသည်။

သို့သော်…

ချုံနွယ်ပိတ်ပေါင်းများ တင်းကြမ်းပြည့်နေ၏။

လူရိပ်နှစ်ခု ဖုန်းဆိုးမြေကွက်အစပ်သို့ ရောက်ရှိလာချိန်ဝယ် လဝန်းမှာ တိမ်တိုက်များကြားမှ ရုန်းထွက်လွတ်မြောက်လာပြီဖြစ်သည်။

လရောင်ကြောင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်သွားကြ၏။

လူရိပ်နှစ်ခုမှာ အစိမ်းရောင်ဝတ်ဆင်ထားကြသူနှစ်ယောက်ဖြစ်သည်။

ခါးတွင် ဓားကိုယ်စီ ချိတ်ဆွဲထားခြင်းကြောင့် သိုင်းသမားများဖြစ်ပုံရ၏။

ထိုလူနှစ်ယေက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး အသက်ငယ်ရွယ်သူက စကားစလိုက်၏။

"အစ်ကိုကြီး ကျုပ်တို့ရထားတဲ့သတင်း မမှားနိုင်ပါဘူးနော်"

အသက်ကြီးသူ ခေါင်းညိတ်လိုက်၏။

"ဘယ်လိုနည်းနဲ့မှ မမှားနိုင်ပါဘူးကွာ၊ သင်္ချိုင်းပျက်ထဲမှာ ခြေယက္ခချင်းရွှေရှိနေတာ သေချာပါတယ်၊ သူက သိုင်းလောကမှာ ခြေ



ချလို့မရတော့တာနဲ့ သည်မှာလာပြီး ပုန်းနေတာပဲ၊ သူလုပ်ခဲ့တဲ့ လုပ်ရပ်တွေဟာ အတော့်ကို ဆိုးဝါးတာပဲ၊ သူ့လက်ချက်ကြောင့် အပြစ်မဲ့သူတွေ အများအပြား အသက်ဆုံးရှုံးခဲ့ရတယ်"

"ဟုတ်တယ်၊ ချင်းရွှေကို သုတ်သင်ပစ်မှဖြစ်မယ်၊ သူ အသက်ရှင်နေသမျှ ကာလပတ်လုံး တစ်နေ့မဟုတ်တစ်နေ့ ဒုက္ခပေးလာဦးမှာပဲ"

သူတို့နှစ်ယောက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြလေသည်။

မြေကွက်လပ်ဝယ် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းလျက်ရှိပါသည်။

လရောင်ဖြင့် ချုံနွယ်ပိတ်ပေါင်းများကြား၌ မြေပုံမှတ်တိုင်အချို့ ထိုးထိုးထောင်ထောင်ရှိနေပြီး အချို့ အလဲလဲအပြိုပြိုရှိနေသည်ကို တွေ့ရ၏။

ဤနေရာသည် သင်္ချိုင်းမြေတစ်ခုဖြစ်ကြောင်း သိရှိနိုင်လေသည်။

လူသူအသုံးမပြုတော့ဘဲ စွန့်ပစ်ထားသည့် သင်္ချိုင်းပျက်ဖြစ်သည်။

အစိမ်းရောင် ဝတ်ဆင်ထားသူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြန်သည်။

အသက်ငယ်သူက…

"အစ်ကိုကြီး ဝဲဘက်ကိုသွား ကျွန်တော်က ယာဘက်ကသွားမယ်၊ သင်္ချိုင်းပျက်ရဲ့အလယ်မှာ အုတ်ဂူကြီးတစ်လုံးရှိတယ်၊

အဲသည်မှာ ချင်းရွှေပုန်းနေတယ်လို့ သတင်းရထားတယ် မဟုတ်လား"

အသက်ကြီးသူ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ချင်းရွှေက မခေဘူးနော် ညီလေး သတိထား"

"စိတ်ချပါဗျာ၊ ချင်းရွှေဟာ ကျုပ်တို့လက်ထဲက လွတ်မသွားနိုင်ပါဘူး"

သူတို့နှစ်ယောက် လူချင်းခွဲကာ သချိုင်းပျက်အတွင်း ဝင်သွားကြလေသည်။

ခါး၌ချိတ်ဆွဲခဲ့သော ဓားများကိုလည်း ကိုယ်စီကိုယ်၄ ဆွဲထုတ်လိုက်ကြပြီး ဖြစ်သည်။

လရောင်အောက်ဝယ် ဓားရောင်များ ဝင်းခနဲလက်သွား၏။

"ဂစ်"

ရူးရူးရှရှ အော်မြည်သံနှင့်အတူ ညဥ့်ငှက်တစ်ကောင် ဖြတ်ပျံသွားသည်။

အစိမ်းရောင် ဝတ်ဆင်ထားသူနှစ်ယောက်သည် အုတ်ဂူကြီးဆီသို့ လျှပ်တပြက် ပြေးကပ်လိုက်ကြသည်။

ထိုစဉ်..

"ကျွီ"

မြည်သံတစ်ချက် ထွက်ပေါ်လာသည်။

အုတ်ဂူကြီး၏ဘေးဘက်မှ ကျောက်ပြား တစ်ချပ်ရွေ့လျားသွားပြီး အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်လာသည်။



တဆက်တည်းပင် လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး လက်ထဲတွင် ဓားတစ်လက်ကိုင်ထားသည်။

ထိုလူက အပြင်ဘက် လှမ်းထွက်ယင်း...

"ညအချိန်မတော် ဘယ်သူက သည်ဘက်ကို ကျူးကျော်လာတာလဲ၊ သေချင်ကြပြီနဲ့တူတယ်"

ပြောပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

အစိမ်းရောင် ဝတ်ဆင်ထားသူနှစ်ယောက်ကား ကွမ်းကြိုးအိနှင့်ကွမ်းကြိုးအော့တို့ပင် ဖြစ်ကြလေသည်။

သူတို့သည် အုတ်ဂူကြီး၏တစ်ဘက်တစ်ချက်တွင် ပုန်းကွယ်နေလိုက်ကြသည်။

ကွမ်းကြိုးအော့က အုတ်ဂူထဲက ထွက်လာသူအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအုတ်ဂူကြီးမှာ အတွင်းဘက်တွင် လိုဏ်ဂူပေါက်သဖွယ် မြေတိုက်ခန်းသဖွယ် ဆောက်လုပ်ထားသောအုတ်ဂူကြီးဖြစ်လေသည်။

ရှေးအခါက ချမ်းသာကြွယ်ဝသူများသည် ၎င်းတို့သေဆုံးချိန်၌ပင် ထည်ထည်ဝါဝါ မြှုပ်နှံသင်္ဂြိုလ်စေလိုသည့် သဘောရှိရကား အုတ်ဂူကိုပင်ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်တတ်ကြလေသည်။

ယခု...

အနက်ရောင်ဝတ်ဆင်ထားသူ ထွက်လာသည့်အုတ်ဂူမှာ

ချမ်းသာကြွယ်ဝသူတစ်ယောက်၏ အုတ်ဂူဖြစ်ဟန်ရှိလေသည်။

အုတ်ဂူတွင် ရေးထိုးထားသော ကမ္ပည်းကျောက်ပြားမရှိတော့ပြီဖြစ်၍ မည်သူမည်ဝါ၏အုတ်ဂူဆိုသည်ကိုကား သိနိုင်မည်မဟုတ်ပါချေ။

ကွမ်းကြိုးအော့ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည့်အခါ ကွမ်းကြိုးအိက အချိန်မီဟန့်တား ထားလိုက်လေသည်။

ကွမ်းကြိုးအော့က မကျေမနပ် လှမ်းကြည့်လိုက်၏။

အုတ်ဂူအတွင်း၌ အနက်ရောင်ဝတ်ဆင်ထားသူများ၏အဖော်များရှိနေနိုင်ပြီး တိုက်ခိုက်လိုက်ပါက ကျန်လူများအား သတိပေးရာရောက်မည်ဆိုသည့်သဘော။

ကွမ်းကြိုးအိ မျက်ရိပ်ပြလိုက်မှ ကွမ်းကြိုးအော့ ငြိမ်နေလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူက ဓားကိုဆွဲထုတ်လိုက်ပြီး ရှေ့သို့လှမ်းထွက်လာသည်။

အုတ်ဂူအနီး ပတ်ဝန်းကျင်ဝယ် လိုက်လံရှာဖွေတော့မည်ဖြစ်လေသည်။

ထိုလူ ရှေ့သို့လှမ်းထွက်လိုက်လျှင် ကွမ်းကြိုးအိကပင် စတင် တိုက်ခိုက်လိုက်လေတော့သည်။

သို့မဟုတ်လျှင် သူတို့အားတွေ့ရှိသွားပြီး အုတ်ဂူအတွင်းမှ အဖော်များကို သတိပေးတော့မည် မဟုတ်ပါလား။

ကွမ်းကြိုးအိက တိုက်ခိုက်လိုက်သည်နှင့် ကွမ်းကြိုးအော့ကလည်း တုန့်ဆိုင်းမနေဘဲ ညပ်ပူးညပ်ပိတ်တိုက်ခိုက်လိုက်၏။



"အန့်".

မသဲမကွဲညည်းညူသံ ထွက်ပေါ်လာ၏။

အနက်ရောင်ဝတ်ဆင်ထားသူမှာ ကွမ်းကြိုးညီနောင်အား မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

သို့သော်...

ချက်ချင်း သတိဝင်လာပြီး တိုက်ခိုက်ရန်ဟန်ပြင်လိုက်စဉ် ကွမ်းကြိုးအော့၏ လက်ဦးမှုကို ခံလိုက်ရခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့်...

သူ၏အဖော်များကိုပင် သတိမပေးနိုင်တော့ဘဲ ဒူးများကွေးညွတ်ကာ မြေပေါ်လဲကျသွား၏။

ကွမ်းကြိုးအော့က ထိုလူအား တရွတ်တိုက်ဆွဲယူကာ အုတ်ဂူဘေးရှိ ချုံပုတ်တစ်ခုအတွင်း ထိုးထည့်ထားလိုက်၏။

အုတ်ဂူကြီးမှာ လျှို့ဝှက်တံခါးပေါက် ပွင့်နေပြီဖြစ်သည်။

ကွမ်းကြိုးညီနောင်က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ကွမ်းကြိုးအိက...

"ညီလေး...မင်းက အပြင်ထွက်ကြည့်တဲ့လူပေါ့"

ဟုလှမ်းပြောလိုက်သည်။

ကွမ်းကြိုးအော့ ပြုံးလိုက်သည်။

ကွမ်းကြိုးအိဆိုလိုသည့် အဓိပ္ပါယ်ကို သူကောင်းစွာ နားလည်ထားပေသည်။

အပြင်ဘက်ထွက်လာခဲ့သည့် အနက်ရောင်ဝတ်ဆင်ထား

သူအဖြစ် ဟန်ဆောင်ကာ အုတ်ဂူအတွင်း၌ရှိနေသူများအား လှည့်စားရန် မဟုတ်ပါလား။

ကွမ်းကြိုးအောင့်က...

"ကျွန်တော် ခေါ်ထုတ်လိုက်မယ်၊ အစ်ကိုကြီး အသင့်ပြင်ထား"

ဟုပြောလိုက်သည်။

ထို့နောက်...

အုတ်ဂူပေါက်အနီးသို့ လှမ်းသွားပြီး..

"သည်မှာ လာကြည့်ကြစမ်းဟေ့"

ဟုအော်ပြောလိုက်သည်။

အသံမပီစေရန် ဗလုံးဗထွေး အော်ပြောလိုက်ခြင်းဖြစ်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဘာဖြစ်တာလဲ..ဘာဖြစ်တာလဲ"

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။

ခြေသံများ ပြေးလွှားလာသံများ ဝုန်းဒိုင်းကျဲကာ ထွက်ပေါ်လာသည်။

တဆက်တည်းပင် အနက်ရောင်ဝတ်ဆင်ထားသူများ အတွင်းဘက်မှ ဒရောသောပါး ပြေးထွက်လာကြသည်ကို တွေ့မြင်လိုက်ရသည်။

"ဟင်"

"ဟာ"



ကွမ်းကြိုးညီနောင် အထိတ်တလန့် ရေရွတ်လိုက်မိကြလေသည်။

အကြောင်းမှာ အုတ်ဂူအတွင်းဘက်တွင် ချင်းရွှေနှင့်အဖော်နှစ်ယောက်ရှိနေသည်ဟု သတင်းရရှိခဲ့ကြခြင်း ဖြစ်လေသည်။

ယခု သူတို့ရရှိသည့်သတင်းမှာ တကယ်တကယ်စင်လွဲမှားနေချေပြီ။

အုတ်ဂူအတွင်းမှ အနက်ရောင်ဝတ်ဆင်ထားသူပေါင်း ငါးဆယ်ခန့် အုံကျင်းဖွဲ့ကာ ပြေးထွက်လာကြသည် မဟုတ်ပါလား။

ဤမျှများပြားလှသော ချင်းရွှေတို့လူစုကို မည်သို့ရင်ဆိုင်ရပါမည်နည်း။

မုဆိုးဘဝမှ သားကောင်ဘဝသို့ ချက်ချင်းပြောင်းလဲသွားပြီဖြစ်ကြောင်း ကွမ်းကြိုးညီနောင် နားလည်လိုက်ကြလေသည်။

သူတို့ သတိဝင်လာသည်မှာ အချိန်နှောင်းနေပြီဖြစ်လေသည်။

"ရန်သူဟေ့..ရန်သူ"

ပြေးထွက်လာသူတစ်ယောက်သည် ကြောင်အမ်းအမ်းဖြင့် ရပ်နေသည့် ကွမ်းကြိုးအောင့်အား တွေ့မြင်သွားပြီး အော်ဟစ်လိုက်သည်။

သူ၏အော်သံကြောင့် အားလုံးသတိပြုမိသွားပြီး ချက်ချင်းဝိုင်းအုံလာကြလေ၏။

"ညီလေး..နောက်ဆုတ်လိုက်"

ကွမ်းကြိုးအိ အထိတ်တလန့်အော်ပြောလိုက်သည်။

ကွမ်းကြိုးအော့ နောက်ဆုတ်လိုက်လျှင် ပြေးဝင်လာသည့် ရန်သူများကို လက်နက်ပုန်းဖြင့် ပစ်ခတ်ဟန့်တားရန် စိတ်ကူးထား လေ၏။

ကွမ်းကြိုးအော့က ကြောင်အမ်းအမ်းဖြင့် ရပ်နေသည်ဖြစ် ရကား မည်သို့မျှ မတတ်နိုင်တော့ချေ။

တခဏအတွင်းပင် သူတို့နှစ်ယောက်စလုံးအား အနက် ရောင်ဝတ်ဆင်ထားသူများက ဝိုင်းရံထားပြီးသား ဖြစ်သွားလေ သည်။

ကွမ်းကြိုးညီနောင် ဓားကိုယ်စီကိုင်ကာ ခုခံတိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြသည်။

တိုက်ပွဲအား မည်သည့်နည်းနှင့်မျှ ရှောင်လွှဲ၍ရတော့မည် မဟုတ်ပါချေ။

သို့သော်...

အနက်ရောင်ဝတ်ဆင်ထားသူများက စတင်တိုက်ခိုက်လာ ခြင်း မပြုကြသေးပါချေ။

သူတို့ အဘယ်ကြောင့် စောင့်ဆိုင်းနေကြပါသနည်း။

သူတို့ တိုက်ခိုက်ခြင်းမပြုလျှင် ကွမ်းကြိုးညီနောင်က စတင် ထိုးဖောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြ၏။

"ဘယ်လေတိုက်ပြီး ရောက်လာတဲ့ ဧည့်သည်တွေလဲ"

ရုတ်တရက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကိုကြား လိုက်ရလေသည်။

ကွမ်းကြိုးညီနောင် တုန့်ခနဲရပ်သွား၏။



စကားသံထွက်ပေါ်လာရာဆီသို့လည်း လှမ်းကြည့်လိုက်ကြ သည်။

ကြားလိုက်ရသောစကားမှာ အနက်ရောင်သိုင်းလောက သားများ သုံးလေ့သုံးထရှိသော လေသံမျိုးဖြစ်ပေသည်။

ရောက်ရှိလာသူမှာ အနက်ရောင်သိုင်းလောကသားများ ဖြစ်လျှင် လူမှားပြီး တိုက်ခိုက်မိမည်ကို စိုးရိမ်ကာ ပြောလိုက်သည့် သဘောဖြစ်သည်။

လူတစ်ယောက်က မေးမြန်းယင်း ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာနေခြင်း ဖြစ်လေသည်။

ထိုလူမှာ ခန္ဓာကိုယ် ထွားကျိုင်းသန်မာလှသည့် လူထွား ကြီးတစ်ယောက် ဖြစ်လေသည်။

ကျားသစ်ရေအင်္ကျီဝတ်ဆင်ထားပြီး ခါး၌အပြားကြီးသော ဓားတစ်လက်ချိတ်ဆွဲထားသည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ရှည်လျားများပြားလှရကား မျက်နှာကို ကွက်ကွက်ကလေးသာ မြင်ရပေသည်။

"ချင်းရွှေ"

ကွမ်းကြိုးညီနောင် စိတ်ထဲမှကျိတ်ပြီး ရေရွတ်မိလေ၏။

ထိုလူမှာ သူတို့လိုက်လံရှာဖွေနေသည့် ယက္ခချင်းရွှေပင် မဟုတ်ပါလား။

ကွမ်းကြိုးအော့က ပုံမှားရိုက်ကာ ချင်းရွှေအား တိုက်ခိုက်ရန် စိတ်ကူးလိုက်၏။

"ကျုပ်တို့က.."

သူ၏စကားမဆုံးမီ ကွမ်းကြိုးအိက ကြားဖြတ်အော်ပြော လိုက်လေသည်။

"ချင်းရွှေ ကျုပ်တို့ဟာ ခင်ဗျားကိုသုတ်သင်ဖို့ လာခဲ့ကြတာ ပါပဲ၊ သတ္တိရှိယင် တစ်ယောက်ချင်း ရင်ဆိုင်ကြရအောင်"

ကွမ်းကြိုးအော့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

အခြေအနေမှန်ကို မသိသေးဘဲ ဇဝေဇဝါဖြစ်နေကြသည့် ချင်းရွှေတို့လူစုအား ရှင်းပြလိုက်သည့်နှယ် အားလုံးနားလည်သွားကြ စေသည် မဟုတ်ပါလား။

အနက်ရောင်ဝတ်ဆင်ထားသူများ ရုတ်ရုတ်သဲသဲ ဖြစ်သွား ကြ၏။

ချက်ချင်းပင် ကွမ်းကြိုးညီနောင်အား တိုက်ခိုက်ရန် ရှေ့တိုး လာကြလေသည်။

"ရပ်လိုက်စမ်း"

ချင်းရွှေ၏ဟန့်တားသံ ထွက်ပေါ်လာ၏။

အနက်ရောင်ဝတ်ဆင်ထားသူအားလုံး တုန့်ခနဲ ရပ်တန့် သွားကြ၏။

ချင်းရွှေက လက်ဝှေ့ယမ်းပြလိုက်၏။

ဝိုင်းရံထားသူများ ဘေးသို့ရှဲသွားကြသည်။

ထိုအခါ ကွမ်းကြိုးညီနောင်၏ရှေ့တွင် ထွက်ပေါက်လမ်းက လေးတစ်ခုဖြစ်ပေါ်လာလေသည်။

သို့သော်...

ထိုလမ်းကလေးထိပ်၌ ချင်းရွှေက မားမားမတ်မတ်ရပ်နေ



သည် မဟုတ်ပါလား။

ချင်းရွှေ၏မျက်နှာ ပြုံးယောင်သမ်းနေ၏။

ကွမ်းကြိုးညီနောင်ကို သေသေချာချာ အကဲခတ်ကြည့် လိုက်သည်။

လရောင်ဖြာကျနေသည်ဖြစ်ရကား ဝန်းကျင်တစ်ခုလုံး ထင် ထင်လင်းလင်း ဖြစ်နေပါသည်။

အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးမှ...

"မင်းတို့နှစ်ယောက်ဟာ သိုင်းလောကမှာ နာမည်ထွက် လာတဲ့ ကွမ်းကြိုးညီနောင်မဟုတ်လား"

ဟုမေးလိုက်သည်။

သူ၏စကားကြောင့် ကွမ်းကြိုးညီနောင် အံ့သြသွားကြလေ သည်။

ချင်းရွှေနှင့်သူတို့ ယခုမှ တွေ့မြင်ဖူးကြခြင်းပင် ဖြစ်လေ သည်။

သူတို့က ချင်းရွှေ၏ပုံပန်းသဏ္ဌာန်ကို ကြားဖူးထား၍မြင် မြင်ချင်း သိသွားခြင်းဖြစ်၏။

ချင်းရွှေက အဘယ်ကြောင့် သူတို့အား ကွမ်းကြိုးညီနောင် ဖြစ်ကြောင်း သိနိုင်နေပါသနည်း။

ချင်းရွှေ ဆက်ပြောလိုက်သည့်စကားကြားမှ နှစ်ယောက်စ လုံး နားလည်သဘောပေါက်သွားကြလေသည်။

"သချိုင်းပျက်မှာ ကျုပ်ဟာ အဖော်နှစ်ယောက် အတူရှိနေ တယ်လို့ မင်းတို့ သတင်းရခဲ့တယ် မဟုတ်လား၊ မင်းတို့ကို အဲသည်

လိုသတင်းပေးလိုက်တဲ့လူဟာ ငါ့ရဲ့လူတစ်ယောက်ဆိုတာတော့ မင်းတို့မှမသိခဲ့ကြပဲကိုး"

"ဘာဗျ"

စိတ်ဆတ်သော ကွမ်းကြိုးအော့၏စကားသံ ဟိန်းထွက်လာ၏။

ထောင်ချောက်အတွင်းသို့ ပိပိရိရိမောင်းသွင်းခံလိုက်ရကြောင်းသိသဖြင့် ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

ချင်းရွှေ သဘောကျစွာ ပြုံးလိုက်ပြီးမှ...

"မင်းတို့နှစ်ယောက် မခေဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် အခုတော့ ဘာမှတတ်နိုင်ကြမှာမဟုတ်ပါဘူး၊ မင်းတို့အတွက် နမြောစရာကောင်းလိုက်တာ၊ အင်း တစ်ခုတော့ရှိတယ်၊ မင်းတို့နှစ်ယောက် ငါ့ရှေ့မှာ ဒူးထောက်ကြမယ်ဆိုယင်တော့ .."

စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ကွမ်းကြိုးအော့က...

"ခင်ဗျားရဲ့အဖွဲ့ထဲဝင်ဖို့ ဒူးထောက်တောင်းပန်မယ်ဆိုယင်တောင် ကျုပ်တို့စိတ်ကူးမှာ မဟုတ်ဘူး"

ချင်းရွှေ မျက်နှာမည်းသွားသည်။

"ဒါဟာ မင်းတို့ရဲ့ဆုံးဖြတ်ချက်ပဲလား"

"ဟုတ်တယ်"

ချင်းရွှေ လက်ဝှေ့ယမ်းပြလိုက်သည်။

သူ၏တပည့်များသည် ကွမ်းကြိုးညီနောင်အား တိုက်ခိုက်ရန်ရှေ့တိုးလာကြသည်။



ထိုစဉ်မှာပင်...

"ရပ်လိုက်"

ဟန့်တားသံထွက်ပေါ်လာပြီး မီးတုတ်ကိုင်ဆောင်ထားသူတစ်စုမှာ သစ်ပင်ချုံနွယ်များကြားမှ ထွက်ပေါ်လာကြသည်။

ထိုလူစုတွင် လေးမြှားကိုင်ဆောင်သူ၊ လှံရှည်ကိုင်ဆောင်ထားသူ၊ ဓားလွတ်ကိုင်ဆောင်သူစသည်ဖြင့် လူသုံးရာကျော်ခန့် ပါဝင်သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် အားလုံးကြောင်အမ်းအမ်းဖြစ်သွားကြ၏။

ဝိုင်းရံထားသူများကြားမှ လူတစ်ယောက် လှမ်းထွက်လာ၏။

ထိုလူမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး အသက်လေးဆယ်ခန့်ရှိ၏။

တည်ကြည်ခန့်ညားသော ဥပမိရုပ်ပိုင်ရှင်ပင် ဖြစ်လေသည်။

ထိုလူက လက်နှစ်ဘက်နောက်ပစ်ကာ အေးအေးဆေးဆေးလှမ်းလာ၏။

ချင်းရွှေမှာ အဖြူရောင်ဝတ်ဆင်ထားသူအား စားမတတ်ဝါးမတတ်ကြည့်ကာ...

"မင်း..မင်းက ဘယ်သူလဲ"

ဟုမေးလိုက်၏။

အဖြူရောင်ဝတ်ဆင်ထားသူက...

"ကျုပ်နာမည် ဟန်လုံလို့ခေါ်ပါတယ်၊ ကြယ်ပုံအာမခံဌာန ပိုင်ရှင်ဆိုတာ သိထားကြပါတယ်"

ထိုစကားကြားလိုက်ရသောအခါ ကွမ်းကြိုးညီနောင် ဝမ်းသာသွားကြ၏။

ချင်းရွှေကား ခေါင်းငိုက်စိုက်ကျသွား၏။

♠ ♠ ♠



ကွမ်းကြိုးအော့ အရက်တစ်ခွက် မော့ချလိုက်သည်။

ရှည်လျားစွာ ပြောပြလိုက်ခြင်းကြောင့် မောပန်းသွားဟန် ရှိသည်။

ရှောင်လီက…

"ဟန်လုံက ခင်ဗျားတို့အပေါ် ကျေးဇူးရှိသွားတာတော့ ဟုတ်ပါပြီ၊ သူဘယ်လိုကိစ္စကြောင့် ခင်ဗျားတို့ကိုပြန်ပြီး အကူအညီ တောင်းရတာလဲ"

ဟုမေးလိုက်သည်။

ကွမ်းကြိုးအိ၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"သူ့ရဲ့ အာမခံပစ္စည်းတစ်ခုကို သိုင်းလောကတစ်ခုလုံးက မျက်စိကျနေကြတယ်၊ ဒါကြောင့် ချောချောမောမော ပို့ဆောင်ပေး နိုင်ဖို့ ဟန်လုံအတွက် ကူညီမယ့်မိတ်ဆွေကောင်းတွေ လိုနေတယ်"

ရှောင်လီက…

"ခင်ဗျားတို့က လေလွင့်ဂိုဏ်း ဒါမှမဟုတ် ခြသေ့ဂိုဏ်းချုပ် တစ်ယောက်ယောက်ဆီက အကူအညီရကောင်းရမယ်လို့ မျှော်လင့် ထားကြတယ် မဟုတ်လား"

ကွမ်းကြိုးအိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ဒါနဲ့ ဘယ်ကဘယ်လို ရွှေပလွေကိုခိုးယူဖို့ စိတ်ကူးပေါ်လာ ကြတာလဲဗျ"

ကွမ်းကြိုးအိ ရယ်မောလိုက်ပြန်လေသည်။

"ရွှေပလွေကိုရမယ်ဆိုယင် ကျုပ်တို့အတွက် တအားပဲ၊

မိတ်ဆွေရှာဖို့ အချိန်သိပ်မရှိတော့လို့ ရွှေပလွေကိုပဲခိုးယူသွားဖို့ဆုံး ဖြတ်လိုက်တာပါ၊ ဒါပေမယ့် ခင်ဗျားက လက်ဦးသွားတယ်လေဗျာ"

ရောင်လီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ခင်ဗျားတို့ လိုအပ်တဲ့လူစားမျိုးဟာ ကျုပ်ကော မဖြစ်နိုင်ဘူးလား"

ဟုမေးလိုက်၏။ ကွမ်းကြိုညီနောင်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွားလေသည်။

"သိပ်ဖြစ်တာပေါ့ဗျာ"

ရောင်လီ ပြုံးလိုက်၏။

"ခင်ဗျားတို့က ဖြစ်နိုင်တယ်လို့တော့ပြောတယ်၊ ဘာကြောင့် ကျုပ်ကို ကြယ်ပုံအာမခံထာနပိုင်ရှင် ဟန်လုံ့ဆီကို ခေါ်မသွားကြသေးတာလဲ"

ထိုစကားကြားလျှင် ကွမ်းကြိုးညီနောင် ဝုန်းခနဲ ထရပ်လိုက်ကြသဖြင့် သူတို့ထိုင်ခဲ့သော ကုလားထိုင်များ အလဲလဲအပြိုပြိုဖြစ်သွား၏။

စားသောက်ဆိုင်ထဲ၌ စားသောက်နေကြသည့် အခြားသော စားသောက်နေသူများ အထိတ်တလန့်ဖြစ်ကာ လှမ်းကြည့်လိုက်ကြ၏။

ကွမ်းကြိုးညီနောင်ကား ပတ်ဝန်းကျင်ကို သတိမပြုနိုင်အားပါချေ။ ရောင်လီထံပြေးသွားပြီး ဝမ်းသာအားရ ပွေ့ဖက်လိုက်ကြလေတော့သည်။

♠ ♠ ♠

## လှို့ဝှက်ချက်

နေရောင်ခြည် ဖြာကျနေသည်။

တောင်ပိုင်းမြို့ကလေးမှာ နေရောင်ခြည်အောက်တွင် စည်စည်ကားကား ရှိနေ၏။

လမ်းမပေါ်တွင် အပူအပင်ကင်းမဲ့စွာ သွားလာလှုပ်ရှားနေကြသူများကို ပြတင်းပေါက်မှတဆင့် တွေ့မြင်နိုင်၏။

ရောင်လီ ရပ်နေသည့် ပြတင်းပေါက်သည် အဆောက်အအုံကြီး၏ဝဲဘက်အဆောင်တွင် ရှိနေသဖြင့် အဆောက်အအုံရှေ့မှ မြင်ကွင်းကိုလည်းကောင်း၊ လမ်းမပေါ်မှ မြင်ကွင်းကိုလည်းကောင်း ကောင်းစွာ တွေ့မြင်နေရပါသည်။

ရွှေခြည်ထိုးအလံနှင့်အတူ အဆောက်အအုံတံခါးမကြီးရှေ့တွင်..

"ကြယ်ပျံအာမခံဌာန"

ဟုရေးသားထားသော ဆိုင်းဘုတ်ကြီးရှိနေသည်ကိုလည်း တွေ့မြင်ရမည် ဖြစ်လေသည်။

ရောင်လီ ငေးမောကြည့်ရှုနေစဉ် အနောက်ဘက်မှ ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရောင်လီ လှည့်ကြည့်လိုက်၏။

ထိုအခါ...

ခြေသံရှင်မှာ လူငယ်လေးတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

လူငယ်လေးသည် ရောင်လီအနီးသို့ရောက်လျှင် လက်နှစ်ဘက်ဆုပ်ကာ အရိုအသေပြုလိုက်ပြီး...

"ဆရာ့ရဲ့မိတ်ဆွေတွေ အတွင်းဘက် စာဖတ်ခန်းမှာ စောင့်နေကြပါတယ်၊ ကျွန်တော့်နောက်ကို လိုက်ခဲ့ပါဗျာ"

ဟုပြောလာလေသည်။

ရောင်လီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ သွားကြတာပေါ့"

လူငယ်လေးက ရှေ့မှလမ်းပြခေါ်ဆောင်သွား၏။

ရောင်လီက နောက်မှလိုက်သွားလေသည်။

စင်္ကြံလမ်းဆုံးလျှင် ဝဲဘက်အဆုံးရှိ အဆောင်တစ်ခုသို့ ခေါ်ဆောင်သွား၏။



ထိုအဆောင်၏အဝင်တံခါး ဟာလာဟင်းလင်း ဖွင့်ထားပါသည်။

အတွင်းဘက်သို့ ဝင်မိလျှင် စားပွဲတစ်ခု၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်ကို တွေ့မြင်ရလေသည်။

ထိုလူသုံးယောက်မှာ ကွမ်းကြိုးအိ၊ ကွမ်းကြိုးအော့နှင့် အဘိုးအိုတစ်ယောက်တို့ ဖြစ်ကြသည်။

အဘိုးအိုသည် အဖိုးတန်ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထား၏။

ဥပမိရုပ်ကောင်းပြီး မာန်မာနကြီးသည့်အသွင်ရှိသည်။

ရောင်လီ ဝင်လာသည်ကို မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

ရောင်လီအား ခေါ်ဆောင်လာသည့် လူငယ်လေးသည် အဘိုးအိုရှေ့တွင် ဦးညွှတ်အရိုအသေပြုလိုက်ပြီး...

"ဧည့်သည် ရောက်လာပြီ ဆရာကျားယန့်"

ဆရာကျားယန့်ဆိုသည့် အဘိုးအိုက ရောင်လီအား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး...

"ထိုင်ပါ"

လွတ်နေသော ထိုင်ခုံတစ်လုံးအားညွှန်၍ပြောလိုက်လေသည်။

ရောင်လီလည်း ထိုင်ချလိုက်၏။

ရောင်လီရောက်လာခြင်းကြောင့် ကွမ်းကြိုးညီနောင်၏မျက်နှာ ပြုံးရွှင်နေလေတော့သည်။

ကွမ်းကြိုးအိက...

"မိတ်ဆွေလေးရောင်လီ..ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ် ဒါဟာ ကြယ်ပုံအာမခံဌာနက တာဝန်ခံချုပ်ဆရာကျားယန့်ပါပဲ၊ မိတ်ဆွေကြီးဟန်လုံရဲ့ အားထားရတဲ့ အကြံပေးပုဂ္ဂိုလ်ပေါ့"

မိတ်ဆက်ပေးယင်း ရှင်းပြလိုက်၏။

တဆက်တည်းပင် အဘိုးအိုဘက်လှည့်ကာ..

"သူကတော့ ကျုပ်တို့မိတ်ဆွေ ရောင်လီပါ၊ သူ့အကြောင်း ကျုပ်တို့ရှင်းပြထားပြီးပါပြီ"

ကျားယန့်က....

"ကျုပ်တို့ကို ကူညီဖို့လိုက်လာတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ ကြယ်ပုံအာမခံဌာနဟာ ကိုယ့်တာဝန်ကိုယ် မယူနိုင်လောက်အောင် အခြေအနေယိမ်းယိုင်နေတာတော့ မဟုတ်ပါဘူး၊ ကျုပ်တို့မှာလည်း အားထားရတဲ့လူတွေ အများကြီးရှိပါတယ်၊ ကြယ်ပုံအာမခံဌာနရဲ့ရာဇဝင်ကို လှေလာကြည့်ပါ၊ ဘယ်တုန်းကမှ နာမည်မပျက်ခဲ့သလို ဘယ်တုန်းကမှ အရှုံးပေးခဲ့ရတယ်ဆိုတာလည်း မရှိပါဘူး"

ဟုပြောလေသည်။

သူ၏စကားမှာ မည်သည့်အကူအညီမျှ မလိုဘဲ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်သည်ဟု အဓိပ္ပါယ်ရပေသည်။

ဤသို့ဆိုလျှင် ကွမ်းကြိုးညီနောင်က အကူအညီလိုက်ရှာနေသည်မှာ အဘယ်ကြောင့်ပါနည်း။

ရောင်လီက ကွမ်းကြိုးညီနောင်အား လှမ်းကြည့်မိ၏။ ကွမ်းကြိုးညီနောင်သည် ကျားယန့်၏စကားကြောင့် အံ့ဩ



သွားပုံရသည်။

ကွမ်းကြိုးအေ့က ကျားယန့်ကိုကြည့်ကာ...

"ဆရာကျားယန့် ခင်ဗျားဘယ်လိုပြောလိုက်တာလဲ၊ အာမခံဌာနပိုင်ရှင်က ကျုပ်တို့ကိုဖိတ်ခေါ်ပြီး အကူအညီတောင်းခဲ့တာကို ခင်ဗျားအသိဆုံးပါ၊ အခုတော့ ဘယ်လိုကြောင့်.."

သူ၏စကားမဆုံးမှ ကျားယန့်က ကြားဖြတ်ပြောလိုက်လေသည်။

"အဲသည်အချိန်က ညီလေးဟန်လုံဟာ စိတ်ထွေပြားနေပြီး အန္တရာယ်ကြုံရမယ်ချည်း ထင်နေပါတယ်၊ ကျုပ်ရဲ့သတိပေးမှုကို လက်မခံဘဲ အကူအညီရှာခဲ့တာပါ၊ ဒါပေမယ့် အခုတော့ သူစိတ်ပြောင်းသွားပါပြီ"

"ဗျာ..သူစိတ်ပြောင်းသွားပြီ ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်တို့ရဲ့ အကူအညီ မလိုတော့ဘူးပေါ့ ဟုတ်လား"

ကျားယန့် ခေါင်းညိတ်ကာ...

"ဟုတ်တယ်၊ ဘယ်သူ့အကူအညီမှ မလိုတော့ပါဘူးဗျာ"

ဟု ခပ်ပြတ်ပြတ်ပြောသည်။

ကွမ်းကြိုးအေ့ ဒေါပွသွားသည်။

စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်ပြီး

"ဒါ တမင်သက်သက် တို့ကိုစော်ကားတာပဲ၊ ဟန်လုံ ဘယ်မှာလဲ၊ သူ့ကိုတွေ့ချင်တယ်"

ဟု အော်ပြောလိုက်၏။

ကွမ်းကြိုးအိကလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကျုပ်တို့ စကားမတည့်တဲ့လူနဲ့ မိတ်ဆွေအဖြစ် မဆက်ဆံနိုင်ဘူး၊ သူက ကျုပ်တို့အပေါ် ကျေးဇူးရှိတာ မှန်ပေမယ့် အခုတစ်မျိုးတော်ကြာတစ်မျိုးလုပ်ဖို့တော့ မကောင်းဘူး၊ သူ့ကျေးဇူးကို တစ်နေ့ပြန်ဆပ်ရမယ်၊ အခုလောလောဆယ် ကျုပ်တို့ကို ဘာကြောင့် အရှုးလုပ်ရသလဲဆိုတာ ရှင်းပြမှဖြစ်မယ်၊ ဟန်လုံကိုခေါ်လိုက်ပါ"

သူတို့နှစ်ယောက် အော်ဟစ်ပြောဆိုနေကြသော စကားကြားလျှင် ရောင်လီ စိတ်သက်သာရာရရှိသွား၏။

သို့မဟုတ်ပါက ကွမ်းကြိုးညီနောင်အပေါ် အထင်လွဲမိတော့မည်ဖြစ်သည်။

ကျားယန့် ပြုံးလိုက်သည်။

အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"ညီလေးဟန်လုံ မရှိပါဘူး၊ အာမခံပစ္စည်းကို ကိုယ်တိုင်ကိုယ်ကျ စောင့်ကြပ်ပေးဖို့အတွက် ခရီးထွက်သွားပါပြီ"

"ဘာ"

ကွမ်းကြိုးညီနောင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

ရောင်လီလည်း အံ့သြသွားသည်။

ဟန်လုံသည် အခက်အခဲပြဿနာကြီးတစ်ခုနှင့် ရင်ဆိုင်နေရသဖြင့် ယုံကြည်အားကိုးလောက်သည့် မိတ်ဆွေများ၏အကူအညီလိုအပ်သည်ဟု ဆိုခဲ့သည်။

ထို့ကြောင့်...



ကွမ်းကြိုးညီနောင်က ကူညီရန် နည်းလမ်းအမျိုးမျိုးရှာကြံခဲ့ကြသည်။

ယခု...

ဟန်လုံက သူ့အတွက် အကူအညီမလိုတော့ဘဲ ကိုယ့်တာဝန်ကိုယ် ထမ်းရွက်နိုင်သည်ဟု ဆိုပြန်သည်။

ဟန်လုံ၏လုပ်ရပ်သည် ကွမ်းကြိုးညီနောင်နှင့်တကွ ကူညီမည့်သူများအား အရူးလုပ်သည်နှင့်တူနေပြီ မဟုတ်ပါလား။

ဟန်လုံ၏စိတ် အပြောင်းအလဲမြန်မှုသည် ကူညီမည့်မိတ်ဆွေများ၏ သိုင်းသမားမာနကို ထိပါးရာရောက်ပေမည်။

ထို့ကြောင့်...

ကွမ်းကြိုးညီနောင် အကြီးအကျယ် ဒေါသထွက်သွားခြင်းဖြစ်ပေတော့သည်။

ကျားယန့်က ပြုံးနေသည်။

ကွမ်းကြိုးညီနောင် မကျေမနပ် ဖြစ်နေသည်ကိုပင် သဘောတွေ့နေသည့်အလား။

ကွမ်းကြိုးညီနောင် ပို၍ပင်ဒေါသထွက်လာကြလေတော့သည်။

ကွမ်းကြိုးအော့က...

"ကောင်းပြီ၊ ဟန်လုံက ကျုပ်တို့ကို တစ်ကြိမ်အသက်ကယ်ခဲ့တာ ထောက်ထားပြီး ခွင့်လွှတ်လိုက်မယ်၊ ဒါပေမယ့် သူ့ကိုကူညီဖို့လိုက်လာတဲ့ ကျုပ်ရဲ့မိတ်ဆွေကိုတော့ သူ့ကိုယ်စား ခင်ဗျားက အကျိုးအကြောင်းရှင်းပြပြီး တောင်းပန်ရလိမ့်မယ်"

ဟုပြောလိုက်သည်။

ကွမ်းကြိုးအိက ထောက် ံလိုက်သည်။

"ဟုတ်တယ်၊ ဟန်လုံမရှိဘူးဆို ဘယ်ကိစ္စမဆို ခင်ဗျားတာဝန်ယူရတာပဲ မဟုတ်လား၊ ဒါကြောင့် ခင်ဗျားက ဟန်လုံကိုယ်စားကျေနပ်အောင် တောင်းပန်ရလိမ့်မယ်"

ကျားယန့် ရယ်မောလိုက်သည်။

"ကျုပ်က ညီလေးဟန်လုံကိုယ်စား တာဝန်ယူထားတယ်ဆိုတာမှန်တယ် ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအတွက် ကျုပ်တို့ဘက်က ချို့ယွင်းချက်လိုဖြစ်နေတော့ တောင်းပန်ရမယ်ဆိုတာလည်း လက်ခံပါတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်ကာ ဝေ့ကြည့်လိုက်လေသည်။

ကွမ်းကြိုးညီနောင်နှင့်တကွ ရောင်လီမှာကျားယန့်၏စကားကြောင့် အံ့အားသင့်နေကြပါသည်။

ကွမ်းကြိုးညီနောင် ဒေါသတကြီး ပြောလိုက်သော်လည်း ကျားယန့်က စိတ်မဆိုးပါ။

တောင်းပန်ခိုင်းသည်ကိုလည်း တောင်းပန်မည်ဟု ဆိုပေသည်။

မာန်မာန ခက်ထန်ပုံရသည့် ကျားယန့်မှာ အဘယ်ကြောင့် ယခုလို သည်းခံကာ အလျှော့ပေးလိုက်လျောနေရပါသနည်း။

သူဆက်ပြောလာမည့် စကားတွင် အဖြေပါလာမည်ဟု သုံးယောက်သား နားလည်မိလိုက်ကြလေသည်။



ထို့ကြောင့်...

ကျားယန့် ဆက်ပြောလာမည့်စကားကို နားစွင့်နေလိုက်ကြလေသည်။

ကျားယန့် ဆက်ပြောလိုက်၏။

"ကြယ်ပျံအာမခံဌာနကို ကူညီဖို့လာသူတွေဟာ တကယ့်စိတ်ရင်းစေတနာအမှန်နဲ့ အသက်စွန့်ကူညီမယ့်မိတ်ဆွေတွေ ဖြစ်ဖို့တော့ လိုပါလိမ့်မယ်၊ အဲသည်လို မိတ်ဆွေအမျိုးအစားကိုပဲ ကျုပ်က တောင်းပန်နိုင်မှာပါ"

ကွမ်းကြိုးအော့ မဲ့ပြုံးပြုံးလိုက်သည်။

"လက်စသတ်တော့ ကျုပ်တို့ကို အထင်သေးတာကိုး၊ ခင်ဗျားဘယ်လိုနည်းနဲ့ စမ်းသပ်ကြည့်ချင်သလဲ ပြောပါ၊ ကျုပ်တို့ဟာ ဟန်လုံအတွက် အသက်စွန့်ကူညီဖို့ ရောက်လာသူတွေဆိုတာကို ခင်ဗျားသိရလိမ့်မယ်".

ကွမ်းကြိုးအိကလည်း...

"ဟုတ်တယ်၊ ခင်ဗျားစိတ်ထဲမှာ လိုရာဆွဲတွေးပြီး ကျုပ်တို့ကို မိတ်ဆွေအတုအယောင်တွေလို့တော့ မထင်နဲ့၊ ခင်ဗျားကြိုက်သလို စမ်းသပ်နိုင်တယ်၊ ခင်ဗျားပြောသလို တစ်ခုပဲရှိတယ်၊ ကျုပ်တို့ကိုစမ်းသပ်အောင်မြင်တာနဲ့ ခြေသလုံးဖက်ပြီး တောင်းပန်ရမယ်"

ကျားယန့် မျက်နှာကွက်ခနဲ ပျက်သွားသည်ကို ရောင်လီ မြင်တွေ့လိုက်ရလေသည်။

သို့သော်...

ကျားယန့်က ချက်ချင်းပင် ဣန္ဒြေဆည်လိုက်နိုင်ပါသည်။

ကွမ်းကြိုးညီနောင် ပြောသည့်စကားကို မည်သို့မျှသဘော မထားဟန်ဖြင့် ပြုံးလိုက်၏။

“ခင်ဗျားတို့ကို စမ်းသပ်မယ်ဆိုယင် သဘောတူတယ်ပေါ့ ဟုတ်လား”

ဟု မေးလိုက်သည်။

ကွမ်းကြိုးအော့က..

“ဟုတ်တယ်၊ ဒါပေမယ့် စမ်းသပ်တာအောင်မြင်တာနဲ့ ကျုပ်တို့ကို ခြေသလုံးဖက်ပြီး တောင်းပန်မယ်ဆိုတာ ခင်ဗျားကတိ ပေးရမယ်”

ခြေသလုံးဖက်ကာ တောင်းပန်ဆိုသည့်စကားလုံး သုံးလိုက်တိုင်း ကျားယန့်မှာ မျက်နှာမဲ့ မဲ့သွားလေတော့၏။

သို့သော်...

ကွမ်းကြိုးညီနောင်သည် သူ၏စိန်ခေါ်မှုကို လက်ခံနေပြီ ဖြစ်သည့်အလျောက် သူ့ဘက်ကလည်း ငြင်း၍ရတော့မည် မဟုတ်ပါချေ။

“ကျုပ် ကတိပေးပါတယ်”

ဟု ခပ်ပြတ်ပြတ် ပြောချလိုက်၏။

ထိုစဉ် တစ်ချိန်လုံး ငြိမ်သက်စွာနားထောင်နေသော ရှောင်လီက...

“ခဏနေကြပါဦးဗျာ”

ဟု ကြားဝင်ပြောလိုက်လေသည်။

သူ၏စကားကြောင့် အားလုံး လှမ်းကြည့်လိုက်ကြသည်။



ကျားယန့်က...

“မင်း ဘာပြောချင်လို့လဲ”

ဟုမေးလိုက်၏။

ရှောင်လီ ပြုံးလိုက်ပြီး...

“ကြယ်ပျံအာမခံဌာနပိုင်ရှင်ဟာ အာမခံပစ္စည်းတွေကို သယ်ဆောင်ပြီး ခရီးထွက်သွားတယ်လို့ ဦးပြောခဲ့တာ ကျွန်တော် ကြားလိုက်ပါတယ်”

ကျားယန့် ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ သူ ခရီးထွက်သွားပြီ”

“ကောင်းပါပြီ၊ သူက ခရီးထွက်သွားပြီဆိုတော့ သူ့ကိုကူညီမယ့်မိတ်ဆွေ လိုအပ်ပါဦးမလား၊ သူ့အပေါ်အသက်စွန့်ကူညီမယ့်လူ ဟုတ်မဟုတ် စမ်းသပ်စစ်ဆေးဖို့ လိုပါဦးမလား”

ထိုစကားကြားလျှင် ကွမ်းကြိုးညီနောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ရှောင်လီပြောသည့်စကား သဘာဝကျလှပေသည်။

မလိုအပ်တော့သည့် ကိစ္စတစ်ခုအတွက် စမ်းသပ်စစ်ဆေးခြင်းသည် အဓိပ္ပါယ်ရှိမည် မဟုတ်ပါ။

စစ်ဆေးစမ်းသပ်သင့်သည်ဟု ကျားယန့်က အဘယ်ကြောင့်တောင်းဆိုလာပါသနည်း။

ထိုစမ်းသပ်မှုသည် အသက်အန္တရာယ်ဖြစ်နိုင်လောက်သည့် စမ်းသပ်မှုဖြစ်ကြောင်း အားလုံးနားလည်ထားကြပါသည်။

ဤသို့ဆိုလျှင် ကျားယန့်၏သဘောထားကို မည်သို့ဆိုရ

မည်နည်း။

ကျားယန့်က စမ်းသပ်မည်ဆိုကာ တမင်အကောက်ကြံပြီး လုပ်ကြံသတ်ဖြတ်ရန် စီစဉ်နိုင်သည် မဟုတ်ပါလား။

ဟန်လုံအား ကူညီလိုမှုမှသည် ကျားယန့်နှင့် ယှဉ်ပြိုင်သည့် အနေအထားသို့ ကူးပြောင်းသွားတော့မည်သာတည်း။

ရှောင်လီက အနည်းငယ် ဝင်ပြောလိုက်သော်လည်း သူ ပြောသည့်စကား အဓိပ္ပါယ်မှာ ကျယ်ဝန်းလှပေသည်။

ကွမ်းကြိုးညီနောင်လည်း ဒေါသထွက်ထွက်ဖြင့် ကျားယန့် နှင့်ငြင်းခုံနေကြရာမှ တဖြည်းဖြည်း နားလည်သဘောပေါက်လာ၏။

ထိုသို့ နားလည်သဘောပေါက်သွားသည်နှင့် ကျားယန့်အ ပေါ်ပို၍ပင် မကျေမပ်ဖြစ်လာကြပြန်သည်။

ကွမ်းကြိုးအော့က ဝုန်းခနဲ ထရပ်လိုက်သည်။

ကျားယန့်ကို စေ့စေ့ကြည့်လိုက်ပြီး…

"ခင်ဗျားက ဘာသဘောနဲ့ ကျုပ်တို့ကို အကောက်ကြံချင် ရတာလဲ၊ ပြောပါ။ ဇွဲလည်ကြောင်ပတ်လုပ်မယ်ဆိုယင်တော့ ကျုပ် တို့က ဟန်လုံရဲ့မျက်နှာကို ထောက်မှာမဟုတ်ဘူး"

ဟု အော်ပြောလိုက်လေသည်။

ကွမ်းကြိုးအိကလည်း တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက် လေသည်။

ကျားယန့် ပြုံးလိုက်၏။

"မိတ်ဆွေစစ် မိတ်ဆွေမှန်ဆိုတာ ဝေးကွာခြင်းမရှိဘူးဆို တဲ့စကား မင်းတို့ကြားဖူးမှာပါ။ မင်းတို့သာ စမ်းသပ်ခံနိုင်တယ်ဆို



ယင် ကျုပ်ပြောခဲ့သလိုပါပဲ၊ မိတ်ဆွေ အချင်းချင်းတွေ့ဆုံဖို့ မဝေးပါ ဘူး"

ဟုပြောလိုက်လေသည်။

သူက ဆက်၍…

"မင်းတို့သာ မိတ်ဆွေစစ်ပီသကြပါစေ၊ ညီလေးဟန်လုံကို တွေ့ရမှာပါ၊ သည်အတွက် ကျုပ်တာဝန်ယူပါတယ်"

"ခင်ဗျားတာဝန်ယူတယ်ဆိုတော့ ဟန်လုံရှိတဲ့နေရာကို ခင်ဗျားသိထားတယ်ပေါ့၊ ဟုတ်လား"

ကွမ်းကြိုးအော့က ပြောလိုက်သည်။

ကွမ်းကြိုးအိက…

"ဟုတ်ပြီ..ဟန်လုံခရီးထွက်သွားတယ်ဆိုတာ သူလိမ်ပြော တာပဲဖြစ်ရမယ်"

သူတို့နှစ်ယောက်၏စကားကို ကြားလိုက်ရသော်လည်း ကျားယန့်၏အမူအရာ ပြောင်းလဲသွားခြင်းမရှိပါချေ။

တည်ကြည်သော မျက်နှာထားဖြင့်…

"ကျုပ်အပေါ် မင်းတို့ကြိုက်သလို ပြောနိုင်ကြတယ်၊ ကျုပ် သိချင်တာတစ်ခုကတော့ မင်းတို့စမ်းသပ်ခံနိုင်တယ် မခံနိုင်ဘူးဆို တာပဲ"

ကွမ်းကြိုးအိက သဘောတူလိုက်၏။

"ဟုတ်တယ်၊ ခင်ဗျားက သိပ်ပြီးစမ်းသပ်ချင်နေတယ်ဆို ယင်လည်း စမ်းကြည့်ပေါ့ဗျာ၊ အဲ စမ်းသပ်ပြီးယင်တော့ ကျုပ်ပြော တာကို မေ့ထားလို့မဖြစ်ဘူးနော်"

အနှောင့်အသွားမလွတ် ထွေလိုက်ပြန်၏။

ကွမ်းကြိုးအော့ကလည်း...

"စမ်းကြည့်တော့ကော ဘာဖြစ်မှာလဲ၊ ကျုပ်တို့ကကြောက်နေမှာမို့လား၊ ခင်ဗျားက ဘယ်လိုစမ်းသပ်ချင်သလဲ ပြောပါ၊ ကျုပ်တို့ဘက်က အဆင်သင့်ပါပဲ"

ကျားယန့် ပြုံးလိုက်သည်။

"စိတ်ချပါ၊ မင်းတို့သာ အောင်မြင်အောင် ကြိုးစားကြပါ"

ကွမ်းကြိုးအိက...

"ကဲ ပြောနေတာကြာတယ်၊ ခင်ဗျား ဘယ်လိုစမ်းသပ်ချင်သလဲ ပြော"

"ကောင်းပြီ"

ကွမ်းကြိုးအိက စိတ်မြန်လက်မြန် ပြောသည်ကို ကျားယန့်ကလက်ခံလိုက်သည်။

ထို့နောက်...

ထိုင်ရာမှ ထလိုက်သည်။

ကွမ်းကြိုးညီနောင်နှင့်ကျားယန့်တို့လည်း အသင့်ဖြစ်သွားကြလေသည်။

ကျားယန့်က...

"ကျုပ်နောက် လိုက်ခဲ့ပါ"

ဟုပြောလိုက်ပြီး ကွမ်းကြိုးညီနောင်ကို ရှေ့မှလမ်းပြခေါ်ဆောင်သွား၏။

ရှောင်လီနှင့်ကွမ်းကြိုးညီနောင်ကလည်း နောက်မှလိုက်



သွားကြလေသည်။

ကျားယန့်မှာ အပြင်သို့ ထွက်သွားခြင်းမဟုတ်ဘဲ မလှယ်တံခါးတစ်ခုမှနေ၍ အတွင်းဘက်သို့ ဝင်သွားခြင်းဖြစ်၏။

တံခါးကို ဖြတ်ကျော်ပြီးလျှင် လွန်စွာမှပင် ထူးခြားသောနေရာတစ်ခုသို့ ရောက်ရှိသွားကြလေတော့သည်။

♠ ♠ ♠

## ရွေးရမယ့်လမ်း

ရှည်လျားသော စင်္ကြံလမ်းတစ်ခု ရှိနေသည်။

စင်္ကြံလမ်းအဆုံးတွင် ကြီးမားသော တံခါးကြီးတစ်ချပ်က ပိတ်ဆို့ကာဆီးထားလေသည်။

တံခါးပေါ်၌...

"သစ္စာတရား၏ အမှန်တရား"

ဟုရေးသားထားသော စာလုံးကြီးများ အထင်းသားရှိနေသည်။

စင်္ကြံလမ်းကို ဖြတ်ပြီး တံခါးကြီးရှေ့သို့ရောက်လျှင် ကျားယန့်က ခြေလှမ်းရပ်လိုက်လေသည်။



ရောင်လီတို့လည်း ရပ်တန့်လိုက်ကြသည်။

ကျားယန့်က သူတို့အား ပြုံးပြလိုက်သည်။

"သည့်တံခါးကိုကျော်ဖြတ်ပြီး အထဲကို ဝင်လိုက်တာနဲ့ ထူးခြားတဲ့လောကတစ်ခုကို ရောက်သွားသလို တွေ့ကြုံခံစားရပါလိမ့်မယ်"

ရောင်လီက ပြုံးလိုက်သည်။

ကျားယန့်က....

"ခင်ဗျားတို့ဟာ ထူးခြားတဲ့လောကကို ဖြတ်ကျော်နိုင်ခဲ့ယင် သစ္စာတရားရဲ့တံခါးပေါက်ကို ရောက်သွားပါလိမ့်မယ်၊ အဲသည်တံခါးပေါက်ကို ကျော်ဖြတ်ပြီး ထွက်လာတာနဲ့ ကျုပ်က ဒူးထောက်တောင်းပန်ဖို့စောင့်နေပါ့မယ်ဗျာ"

ရောင်လီ မျက်မှောင်ကုပ်သွားလေသည်။

ကွမ်းကြိုးအော့က...

"ကျုပ်တို့က အထဲကိုဝင်သွားပြီး တစ်ဘက်တံခါးပေါက်က ပြန်ထွက်လာရမယ် ဟုတ်လား"

ကျားယန့်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါများ ဘာခက်လို့လဲ၊ ခင်ဗျားက တခြားနည်းလမ်းတစ်ခုခု ပြောင်းလဲစမ်းသပ်ကြည့်ယင် ကောင်းမယ်"

မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိဟန်ဖြင့် ကွမ်းကြိုးအော့က ပြောလေသည်။

ကျားယန့်က..

"တခြားနည်းလမ်းမရှိပါဘူး၊ သည်နည်းလမ်းက အကောင်းဆုံးပါပဲဗျာ"

ကွမ်းကြိုးအော့က...

"ကျုပ်တို့ တစ်ဘက်တံခါးပေါက်က ထွက်လာနိုင်ယင် ခင်ဗျား တကယ်ပဲ ဒူးထောက်တောင်းပန်ရမှာနော်"

"စိတ်ချ..ကျုပ်ပေးထားတဲ့ကတိကို ကျုပ်ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"

"ကောင်းပြီ ကျုပ်တို့ ဝင်သွားတော့မယ်"

စကားဆုံးလျှင် ကွမ်းကြိုးအော့က တံခါးကိုလက်နှစ်ဘက်ဖြင့် တွန်းဖွင့်လိုက်လေသည်။

"ကျွီ"

တံခါးရွက်နှစ်ခု ဟာလာဟင်းလင်း ပွင့်သွားတော့သည်။

ကွမ်းကြိုးအော့သည် အရေးမစိုက်ဟန်ဖြင့် အတွင်းဘက်လှမ်းဝင်လိုက်လေသည်။

ကွမ်းကြိုးအိကလည်း ခပ်တည်တည်ဖြင့် လှမ်းဝင်လိုက်လေသည်။

သူတို့နှစ်ယောက် ဝင်သွားကြပြီဖြစ်ရာ ရှောင်လီလည်း မနေသာတော့ပါချေ။

အတွင်းဘက်သို့ လှမ်းပင်ယင်း အမှတ်မထင် ကျားယန့်ကို ကြည့်လိုက်လေသည်။

ထိုအခါ ကျားယန့်၏မျက်နှာပေါ်တွင် အပြုံးရိပ်များကွယ်ပျောက်ကာ တည်တည်ကြည်ကြည်ဖြစ်နေသည်ကို တွေ့ရလေ



တော့သည်။

ထို့အပြင် ထူးဆန်းလျှို့ဝှက်သော အရိပ်အယောင်အချို့ရှိနေသည်ကိုလည်း မြင်တွေ့လိုက်ရလေသည်။

ရှောင်လီ၏ ခြေလှမ်း တုန့်ခနဲရပ်သွား၏။

ကျားယန့်ကို စိုက်ကြည့်လိုက်သည်။

"ကျုပ်ကို ဒုက္ခမပေးသရွေ့ ကျုပ်ကလည်း ဘယ်သူ့ကိုမှ ဒုက္ခပေးမှာမဟုတ်ဘူး၊ ကျုပ်ကို ဒုက္ခပေးလာယင်လည်း သည်းခံနိုင်မယ် မထင်ဘူးဗျ"

ဟု လှမ်းပြောလိုက်လေသည်။

ကွမ်းကြိုးအော့က...

"မိတ်ဆွေလေးရှောင်လီ လာလေဗျာ၊ ဘာလုပ်နေတာလဲ"

ဟုလှမ်းခေါ်လာလေသည်။

ရှောင်လီက ကျားယန့်ကို စိုက်ကြည့်နေဆဲ။

ကျားယန့် သက်ပြင်းချလိုက်လေသည်။

ဦးခေါင်း ဆတ်ခနဲညိတ်လိုက်သည်။

"မင်းတို့ကသာ တကယ့်မိတ်ဆွေတွေဖြစ်ကြမယ်ဆိုယင် ဘယ်လိုအခက်အခဲနဲ့မှ ကြုံတွေ့ရမှာ မဟုတ်ပါဘူး"

သူ၏စကားသံမှာ နူးညံ့သိမ်မွေ့ကာ နွေးနွေးထွေးထွေးရှိနေပါတော့သည်။

ရှောင်လီ၏ရင်ထဲ ထူးခြားသောခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ပထမဆုံးအကြိမ်အဖြစ် ကျားယန့်အား ရင်းရင်းနှီးနှီးပြုံးပြ

လိုက်လေသည်။

သူတို့သုံးယောက် အတွင်းဘက်ရောက်သွားသည်နှင့်...

"ဝုန်း"

ထုထဲသောတံခါးကြီးလည်း တင်းတင်းစေ့ကာ ပိတ်သွားလေတော့သည်။

♠ ♠ ♠



တံခါးပိတ်သွားပြီ ဖြစ်သည်။

သို့သော် အတွင်းဘက်၌ မှောင်မည်းနေခြင်း မရှိပါချေ။

ပြာလဲ့လဲ့ အရောင်သမ်းနေသည့် အလင်းရောင်များ အခန်းတွင်းတွင် ရှိနေသည်ကို ထူးဆန်းစွာတွေ့မြင်ရလေသည်။

ကွမ်းကြိုးအော့ သဘောကျစွာ ပြုံးလိုက်လေသည်။

"ကျားယန့်ကတော့ အတော်ကို ထူးဆန်းတဲ့လူတစ်ယောက်ပဲဗျ"

ဟု ကျယ်လောင်စွာ ပြောလိုက်ရာ သူ၏အသံ ပဲ့တင်ထပ်ကာ ထွက်ပေါ်လာလေတော့သည်။

"ဟော့..တိုးတိုးပြောပါကွ"

ကွမ်းကြိုးအိက ကပျာကယာ သတိပေးလိုက်လေသည်။

ကွမ်းကြိုးအော့က...

"အင်း..ဘာမှန်းညာမှန်းမသိ ထူးဆန်းနေတာတော့ အမှန်ပဲဗျ၊ ကြည့်စမ်း အခန်းနံရံတွေက ပြာလဲ့လဲ့အလင်းရောင်တွေ ထွက်နေတာ"

ရောင်လီ သက်ပြင်းချလိုက်လေသည်။

အခန်းတွင်း လှည့်ပတ်ကြည့်လိုက်သောအခါ ဝဲဘက်ထောင့်တစ်နေရာ၌ တံခါးပေါက်တစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ထိုတံခါးပေါက်မှလွဲပြီး တခြားတံခါးပေါက်များကို လည်းကောင်း၊ ပြတင်းပေါက်များကိုလည်းကောင်း မတွေ့ရချေ။

ကွမ်းကြိုးအော့က...

"ကျုပ်တို့ သည်အပေါက်ကပဲ ထွက်ကြမယ်"

ပြောပြီး ခပ်သွက်သွက် လှမ်းသွားလိုက်လေသည်။

ကွမ်းကြိုးအိနှင့် ရှောင်လီတို့က နောက်မှလိုက်သွားကြရာ တံခါးပေါက်အနီးသို့ရောက်လျှင်...

"စည်းစိမ်နှင့် မိတ်ဆွေ"

ဟုရေးထားသည်ကို တွေ့ရလေသည်။

"ဟား...ဟား...ဟား"

ကွမ်းကြိုးအော့ ရယ်မောလိုက်လေသည်။

"ရယ်စရာကောင်းလိုက်တာ၊ ကျားယန့်က ကျုပ်တို့ကို သူငယ်နှပ်စားလေးတွေများ မှတ်နေသလား မသိဘူး"

ထို့နောက် တံခါးတွင်းဖွင့်လိုက်လေသည်။

ထိုအခါ အခန်းတွင်း၌ ပြိုးပြိုးပြက်ပြက် အလင်းရောင်များ ဝင်းလက်တောက်ပနေသည်ကို တွေ့ရလေသည်။

ရုတ်တရက်မို့ အားလုံး မျက်စိကျိန်းစပ်သွားကြလေသည်။

သူတို့၏ ခြေလှမ်းများက အခန်းတွင်းသို့ လှမ်းဝင်မိပြီးသား ဖြစ်သွားကြ၏။

အတွင်းဘက်သို့ရောက်မှ ခြေလှမ်းရပ်တန့်သွားကြခြင်း ဖြစ်လေသည်။

ကြမ်းပြင်ပေါ်၌ ရွှေတုံးရွှေခဲများ ပြန့်ကျဲနေသည်။

ထို့အပြင် စိန်၊ ကျောက်စိမ်း၊ ပုလဲစသည့် ရတနာပစ္စည်းများလည်း တပုံတပင်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ကွမ်းကြိုးအော့ မျက်လုံးပြူးသွားလေသည်။

"ကျုပ်တစ်သက်မှာ သည်လောက်များပြားတဲ့ ရတနာ



ပစ္စည်းတွေ မတွေ့ဖူးဘူး"

ကွမ်းကြိုးအိက...

"ဒါတွေရလိုက်ယင် တစ်သက်မပြောနဲ့ ဆယ်သက်တောင် စားလို့ကုန်တော့မှာ မဟုတ်ဘူး"

နှစ်ယောက်သား ရတနာပစ္စည်းများကို လိုချင်မက်မောနေကြောင်း ဖုံးမရဖိမရ ပေါ်လွင်သွားလေတော့သည်။

ရှောင်လီက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ကွမ်းကြိုးအော့က...

"ကျုပ်တို့ယူသွားတော့ကော ဘာဖြစ်သလဲ"

ဟုပြောကာ ရွှေတုံးအချို့ကို ယူလိုက်လေသည်။

ကွမ်းကြိုးအိက တစ်စုံတစ်ခု သတိရလာဟန်ဖြင့်...

"နေဦး တို့ကို ပစ္စည်းဥစ္စာနဲ့မျှားပြီး ဖျက်ဆီးဖို့ စီစဉ်ထားတာဆိုယင်ကော"

ထိုအခါမှ ကွမ်းကြိုးအော့ သတိဝင်လာလေသည်။

"အင်း...အစ်ကိုကြီးပြောတဲ့အတိုင်း မှန်ယင် ကျုပ်တို့ကို ကျားယန့်က လှောင်ပြောင်စရာဖြစ်သွားတော့မှာပဲ"

ချက်ချင်းပင် လက်ထဲမှ ရွှေတုံးများကို ကြမ်းပြင်ပေါ်ပစ်ချလိုက်လေသည်။

နှစ်ယောက်သား ရှောင်လီကို ကြည့်လိုက်ကြ၏။

ရှောင်လီက...

"ဟိုမှာ ကြည့်စမ်းပါဦးဗျာ"

တစ်နေရာသို့ ညွှန်ပြလိုက်သဖြင့် ကွမ်းကြိုးညီနောင်ကြည့်

လိုက်ကြသောအခါ ရှေးဟောင်း ကျောက်စီဓားတစ်လက်ကို တွေ့လိုက်ရလေသည်။

သုံးယောက်သား ရှေးဟောင်းဓားအနီးသို့ ရောက်သွားကြသည်။

ဓားအိမ်၌...

"စစ်သူကြီးဟို၀မ်း၏ ရတနာဓား"

ဟုရေးထားလေသည်။

ကွမ်းကြုံးအော့က...

"အံ့ဩစရာကောင်းလိုက်တာ၊ စစ်သူကြီးဟို၀မ်းဟာ သိုင်းပါရဂူတစ်ယောက်ဖြစ်ခဲ့ပြီး မိစ္ဆာနိုင်သိုင်းသမားလို့ ထင်ရှားခဲ့တာပဲ၊ သူ့ရဲ့ကျောက်စီဓားဟာ အင်မတန်အစွမ်းထက်တယ်၊ မကောင်းဆိုးဝါး၊ မိစ္ဆာတွေကိုတောင် နိုင်နင်းတယ်၊ ဓားသွားပေါ်မှာ ပြိုင်စံရှားတဲ့ဓားသိုင်းကွက်တွေ ရေးထွင်းထားတယ်ဆိုတာ သိုင်းလောကတစ်ခုလုံး သိကြတာ"

မှန်ပေသည်။

စစ်သူကြီးဟို၀မ်း၏ မိစ္ဆာနိုင်ဓားသည် သိုင်းလောက၏ ရတနာဆယ်ပါးတွင် တစ်ပါးအပါအဝင်အဖြစ် သတင်းကြီးခဲ့လေသည်။

ကွမ်းကြုံးအော့က...

"သည်ဓားကို ကျုပ်တို့ယူသွားကြမယ်ဆိုယင်ကော"

ဟုမေးရာ ကွမ်းကြုံးအိက ရှောင်လီကို ကြည့်လိုက်လေသည်။



ရှောင်လီ၏မျက်နှာ တည်ကြည်လေးနက်နေပါသည်။

"ဓားကိုယူသွားချင်တယ်ဆိုယင်တော့ ခင်ဗျားတို့သဘောပါပဲ၊ ဒါပေမယ့် ကျားယန့်က ကျုပ်တို့ကို စမ်းသပ်နေတယ်ဆိုတာကိုတော့ မမေ့ပါနဲ့"

ထိုစကားကြားလျှင် ကွမ်းကြုံးအော့၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

ရှောင်လီကို မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

တဖန် ကွမ်းကြုံးအိဘက်သို့လှည့်ကာ ပြောလိုက်သည်။

"သည်ဓားက အဖိုးမဖြတ်နိုင်တဲ့ သိုင်းလောကရတနာဓားတစ်လက်ပဲ"

ကွမ်းကြုံးအိ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ"

"ကျုပ်တို့က ဟန်လုံကို ကူညီတဲ့နေရာမှာ သည်ဓားက အများကြီးအထောက်အကူ ပြုနိုင်တယ်"

ကွမ်းကြုံးအိက ရှောင်လီအား လှမ်းကြည့်လိုက်ပြန်လေသည်။

ရှောင်လီက မလှုပ်မယှက် ရပ်နေသည်။

ကွမ်းကြုံးအိ ဒေါပွသွားလေသည်။

"သိုင်းလောက ရတနာပစ္စည်းတစ်ခုကို တွေ့ပါလျက်နဲ့ ဘယ်သူကမှ တန်ဖိုးမထားကြတော့ဘူးလား"

ဟုအော်ပြောလိုက်လေသည်။

ရှောင်လီ သက်ပြင်းချလိုက်လေသည်။

"သိုင်းလောက ရတနာပစ္စည်းတစ်ခုကို ဘယ်သူမဆို တန်ဖိုးထားကြမှာပါပဲ၊ ဒါပေမယ့် သည်နေရာမှာရှိတဲ့ပစ္စည်းဟာ သည်နေရာရဲ့ပိုင်ရှင်နဲ့ပဲ သက်ဆိုင်ပါတယ်၊ ပိုင်ရှင်မသိအောင်ယူမယ် ခွင့်မတောင်းဘဲယူမယ်ဆိုယင် ဘယ်လိုဖြစ်သွားနိုင်တယ်ဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ"

ထိုစကားကြားလျှင် ကွမ်းကြိုးအော့ မျက်နှာပျက်သွားတော့သည်။

ဓားကိုင်ထားသောလက်လည်း ဆတ်ခနဲ တုန်ခါသွားလေသည်။

ကွမ်းကြိုးအိက...

"တို့ဘာတတ်နိုင်မှာလဲ"

ဟုညည်းညူလိုက်၏။

ကွမ်းကြိုးအော့သည် အနည်းငယ်စဉ်းစားပြီး ဓားကို သူ့နေရာ၌သူပြန်ထားလိုက်လေတော့သည်။

ရှောင်လီ သက်ပြင်းချလိုက်သည်။

"ကျုပ်တို့ ရှေ့ဆက်ယင်ကောင်းမယ်"

ဟုလည်း ပြောလိုက်လေသည်။

ကွမ်းကြိုးအော့က စိတ်မရှည်သောလေသံဖြင့်...

"ရှုပ်ပါတယ်၊ မြန်မြန်သွားကြတာပဲ ကောင်းမယ်၊ ကြာယင် ကျုပ်ကိုယ်ကျုပ် ထိန်းနိုင်တော့မှာ မဟုတ်ဘူး"

ထို့နောက် ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ထွက်သွားလေတော့သည်။



အခန်းထောင့်ရှိ နောက်ထပ်တံခါးပေါက်တစ်ခုကို တွန်းဖွင့်ထွက်သွားခြင်း ဖြစ်လေသည်။

ရှောင်လီနှင့်ကွမ်းကြိုးအိလည်း လိုက်သွားကြလေသည်။ သို့ဖြင့်...

"မိတ်ဆွေနဲ့အရက်"

ဟုရေးထားသော တံခါးပေါက်ကို ဖြတ်ကျော်ကာ တစ်ဘက်အခန်းတွင်းသို့ ရောက်သွားကြလေတော့သည်။

♠ ♠ ♠

အခန်းတွင်းသို့ ရှေ့ဆုံးမှရောက်သွားသော ကွမ်းကြိုးအော့က နှာခေါင်းရှုံ့လိုက်လေသည်။

"သည်အခန်းထဲမှာတော့ အရက်ပဲရှိမယ်ထင်တယ်"

မှန်ပေသည်။

အခန်းတွင်းသို့ ရောက်သွားသည်နှင့် ရောင်လီ၏နှာခေါင်းထဲသို့ အရက်နံ့များ တိုးဝင်လာလေသည်။

အရက်နံ့သည် သောက်ချင်စိတ်များ ဖြစ်ပေါ်လာအောင် မွှေးကြိုင်သင်းပျံ့ကာ ဆွဲဆောင်မှုကောင်းလှသည်။

အခန်းအလယ်၌ စားပွဲတစ်လုံးရှိနေသည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများနှင့် အရက်သုံးခွက်ရှိနေပါသည်။

"ဟား..ဟား..ဟား"

ကွမ်းကြိုးအော့က ရယ်မောလိုက်လေသည်။

"ကျုပ်တို့ကို ရွှေငွေရတနာ၊ ဓားနဲ့ စမ်းသပ်တယ်၊ အခု အရက်နဲ့စမ်းသပ်တယ်၊ ကလေးဆန်လိုက်တာ ရယ်စရာကောင်းလိုက်တာ"

သူက အူလှိုက်သည်းလှိုက် ရယ်မောလိုက်လေသည်။

ထို့နောက်..

"သည်အရက်သောက်တော့ ကျုပ်တို့က ဘာလုပ်ရမှာလဲဗျ"

ဟုပြောကာ စားပွဲကိုတွန်းလှဲပစ်ရန် ဟန်ပြင်လိုက်လေ၏။ သို့သော် သူ၏လက်နှစ်ဘက် တုန့်ခနဲ ရပ်တန့်သွားလေသည်။



မျက်မှောင်ကုပ်ယင်း နှာခေါင်းတရှုံ့ရှုံ့လုပ်လိုက်လေသည်။

တဖန် အံ့သြသွားပုံမျိုးဖြင့် ကွမ်းကြိုးအိအား လှည့်ပြောလိုက်လေသည်။

"အစ်ကိုကြီး အနံ့ခံကြည့်စမ်းပါ၊ သည်အရက်ဟာ ပန်းပေါင်းစုံအားတိုးအရက်ဗျ"

ကွမ်းကြိုးအိလည်း နှာခေါင်းတရှုံ့ရှုံ့ဖြင့် အရက်နံ့ခံကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်ကွ၊ အင်မတန်ရှားပါးတဲ့ ပန်းပေါင်းစုံအရက်ပဲ"

"ကျုပ်တို့ တစ်ခွက်စီသောက်လိုက်ကြယင် မကောင်းဘူးလားဗျာ"

"ဘယ်လိုပြောလိုက်တာလဲ၊ သိပ်ကောင်းတာပေါ့ကွာ"

ထို့နောက် နှစ်ယောက်သား အရက်တစ်ခွက်စီယူသောက်ရန် ဟန်ပြင်လိုက်ကြလေသသည်။

ပန်းပေါင်းစုံအရက်သည် သိုင်းလောကသားများအတွက် အလွန်အရေးပါသော အားတိုးဆေးတစ်မျိုးဖြစ်သည်။

ပန်းပေါင်းစုံအရက်တစ်ခွက် သောက်လိုက်ခြင်းဖြင့် အတွင်းအားများ အံ့မခန်းတိုးတက်လာလိမ့်မည် ဖြစ်လေသည်။

ကွမ်းကြိုးညီနောင်သည် အရက်သောက်ရန် ဟန်ပြင်ပြီးမှ ရောင်လီကို သတိရသွားပြီး လှမ်းကြည့်လိုက်ကြပြန်လေသည်။

ရောင်လီက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"အရက်တစ်ခွက် အစားတစ်လုတ်နဲ့ မိတ်ဆွေအပေါ်မှာ

ဘယ်လိုမှ မထိခိုက်နိုင်ပါဘူး၊ ဒါပေမယ့် အရက်နဲ့စားစရာတွေထဲမှာ အဆိပ်ခတ်ထားမယ်ဆိုယင်.."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

"ဟင်"

ကွမ်းကြိုးညီနောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ၏။

သို့သော် ကွမ်းကြိုးအော့က ချက်ချင်းပြောလိုက်သည်။

"အို..အဆိပ်ခတ်ထားတယ် ခတ်မထားဘူးသိချင်ယင် လွယ်ပါတယ်ဗျာ၊ စမ်းသပ်ကြည့်လို့ရတဲ့ နည်းလမ်းတွေ အများကြီး ရှိနေတာပဲ မဟုတ်လား"

သူ၏လက်တစ်ဘက်ကို လှုပ်ခါလိုက်သောအခါ ငွေအပ်ကလေးတစ်ချောင်း ထွက်ကျလာပြီး သူ၏လက်ထဲ ရောက်ရှိလာလေသည်။

ကွမ်းကြိုးအော့က ထိုငွေအပ်ကလေးဖြင့် အရက်နှင့်စားစရာများကို စမ်းသပ်ကြည့်လိုက်လေသည်။

ကွမ်းကြိုးအိနှင့် ရှောင်လီတို့ အကဲခတ်ကြည့်နေလိုက်ကြသည်။

အရက်နှင့်စားစရာများ၌ အဆိပ်ခတ်ထားလိမ့်မည်ဟု သူတို့ယုံကြည်ထားကြလေသည်။

ကွမ်းကြိုးအော့က လက်တွေ့စမ်းသပ်ကြည့်လိုက်သောအခါ အရက်နှင့်စားစရာများ၌ အဆိပ်ခတ်ထားခြင်း မရှိကြောင်းတွေ့လိုက်ရလေသည်။

"ဘာအဆိပ်မှ မရှိဘူးဗျို့"



ကွမ်းကြိုးအိ ပြုံးလိုက်သည်။

"ဒါဆိုယင် ဗိုက်ဆာနေတာနဲ့ အတော်ဖြစ်သွားပြီ"

ပြောယင်း ရှေ့တိုးသွားလေသည်။

ရှောင်လီက...

"ဗိုက်တင်းကားအောင်စားပြီးယင် ပျင်းရိလေးလံသွားတတ်တယ်၊ အရက်မူးသွားယင်လည်း ဘာမှစဉ်းစားဆင်ခြင်နိုင်စွမ်း မရှိတော့ဘူး"

ဟုပြောလိုက်ပြန်လေသည်။

ယခုတစ်ကြိမ် ဒေါသထွက်လွယ်သော ကွမ်းကြိုးအော့ ဒေါသထွက်သွားလေတော့သည်။

ရှောင်လီကို မကျေမနပ် ပြောလိုက်လေသည်။

"ခင်ဗျားအတွက် ဘာမဆို ဆင်ခြေပေးစရာတွေ ရှိနေတာပဲလား"

"ညီလေး"

ကွမ်းကြိုးအိ ကပျာကယာ ဟန့်တားလိုက်လေသည်။

ရှောင်လီက သူတို့အား ကူညီခဲ့ဖူးပြီး သူတို့ထက်သိုင်းစွမ်းရည်မြင့်မားသူ ဖြစ်လေသည်။

ထို့ကြောင့် ရှောင်လီနှင့် ပြဿနာမဖြစ်ဘဲ ရှောင်ရှားခြင်းက အကောင်းဆုံးဖြစ်သည်ဟု ခံယူထားလေသည်။

"ညီလေး မင်းဘယ်လိုပြောလိုက်တာလဲ၊ တို့ အချင်းချင်းဆိုတာ မေ့နေပြီလား၊ ဘာမဟုတ်တဲ့ကိစ္စလေးတစ်ခုနဲ့ မိတ်ဆွေအချင်းချင်း အဆင်မပြေဖြစ်ရမှာလား၊ ဒါဆို တို့တတွေ ဘယ်လိုလုပ်ပြီး

မိတ်ဆွေဖြစ်နိုင်ကြတော့မှာလဲ"

ထိုစကားကြားလျှင် ကွမ်းကြိုးအော့ သတိဝင်လာလေတော့သည်။

ရောင်လီကို အားတုန့်အားနာ ဖြစ်သွားလေသည်။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ခွင့်လွှတ်ပါဗျာ၊ ကျုပ်က ဘာမဆို မဆင်မခြင်လုပ်တတ်လွန်းလို့ အမှားရှိယင်တောင်းပန်ပါတယ်ဗျာ"

အမှားကို ဝန်ခံရဲသူ၊ တောင်းပန်ရဲသူသည် လူတော်လူကောင်းပီသသကဲ့သို့ မိတ်ဆွေကောင်းတစ်ယောက်လည်း ဖြစ်နိုင်သည်မဟုတ်ပါလား။

ရောင်လီ ပြုံးလိုက်လေသည်။

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ် ဘယ်လိုမှသဘောမထားပါဘူး ကျားယန့်ရဲ့စမ်းသပ်မှုဆိုတာ အမြဲသတိချပ်စေချင်ပါတယ်ဗျာ"

ကွမ်းကြိုးအော့က...

"ဟုတ်ပါတယ်၊ ခင်ဗျား သတိပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားသာ သတိမပေးယင် ကျုပ်က စိတ်ထင်ရာလျှောက်လုပ်နေမိမှာ သေချာပါတယ်"

ရောင်လီက...

"ကဲ ကျုပ်တို့ ရှေ့ဆက်သွားကြတာပေါ့ဗျာ"

ဟုပြောလိုက်သည်။

အခြေအနေကို ထိမ်းသိမ်းနိုင်လိုက်ပြီဖြစ်၍ ကွမ်းကြိုးအိကလည်း လောဆော်လိုက်လေသည်။



"ဟုတ်တယ် သွားကြတာပေါ့"

သူတို့သည် စားစရာများ၊ အရက်များကို ကျောခိုင်းလိုက်လေသည်။

ထို့နောက် မြင်တွေ့နေရသည့် တံခါးပေါက်ဆီသို့ လှမ်းသွားလိုက်ကြလေတော့သည်။

♠ ♠ ♠

## နောက်တစ်မျိုး

တံခါးကို တွန်းဖွင့်လိုက်သည်နှင့် သာယာညင်းပျောင်းသော ဂီတသံများ လွင့်ပျံ့လာလေသည်။

ရောင်လီတို့ အချင်းချင်းကြည့်လိုက်ကြလေသည်။

တဖန် တံခါးပေါ်၌ ရေးထားသောစာတန်းကို ဖတ်ကြည့်လိုက်ကြလေသည်။

"ရွှင်ပျော်ပျော် ခန်းမဆောင်"

ရောင်လီ မျက်မှောင်ကုပ်သွားလေသည်။

ရေးထားသော စာတန်း၏အဓိပ္ပါယ်ကို ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်နေ၏။



"ဒါက ဘာအဓိပ္ပါယ်လဲ"

ဟု လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

ကွမ်းကြိုးညီနောင်က သူ့ကိုကြည့်ကာ တဟားဟားရယ်မောလိုက်ကြလေသည်။

"ဟား..ဟား..ဟား"

သူတို့၏ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ရောင်လီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ခင်ဗျားတို့ ဘာရယ်တာလဲဗျ"

ဟုမေးလိုက်လေသည်။

ကွမ်းကြိုးအိက တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်လေသည်။

ကွမ်းကြိုးအော့က ဟန့်တားလိုက်သည်။

"အထဲရောက်တော့ သူသိသွားမှာပေါ့ဗျာ၊ ပြောနေယင် ပိုပြီးရှုပ်ထွေးသွားမယ်"

ကွမ်းကြိုးအိ ဦးခေါင်းဟဆတ်ခတ် ညိတ်လိုက်လေသည်။

"ဟုတ်သားပဲ နောက်တော့ သိရမှာပေါ့"

နှစ်ယောက်သား အတိုင်အဖောက်ညီနေကြသဖြင့် ရောင်လီ သင်္ကာမကင်းဖြစ်လာလေသည်။

တစ်ခုခုတော့ ထူးခြားနေပြီဟု ရိပ်မိလိုက်သည်။

သို့တိုင် မေးကြည့်၍လည်း ပြောပြလိမ့်မည်မဟုတ်ကြောင်းနားလည်မိသဖြင့် ရှည်ရှည်ဝေးဝေး မေးမနေတော့ဘဲ

အခန်းထဲ လှမ်းဝင်လိုက်လေတော့သည်။

အခန်းတစ်ခုလုံး အနီရောင်သမ်းနေသည်။

ထိုအခန်းသည် ရှေ့ကတွေ့ခဲ့ရသော အခန်းများနှင့်မတူဘဲ အခန်းအဝတ်များများဖြင့်ဖွဲ့စည်းထားသော ခန်းမဆောင်ကြီးတစ်ခု ဖြစ်နေသည်။

အလှစိုက်ပန်းအိုးများ၊ ဓာခန်းဆီးများ၊ လူငယ်လူရွယ်များ၏ မေတ္တာရေးရာကို ဖော်ပြသော ပန်းချီကားများဖြင့် တန်ဆာဆင်ထား၏။

ထို့အပြင် ထူးခြားသော မွှေးရနံ့များပျံ့လွင့်နေပါသည်။

ဂီတသံများကလည်း နားထဲတိုးဝင်လာသည်နှင့် စိတ်ထဲကြည်နူးချမ်းမြေ့လာသည့်အပြင် ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာစေတော့သည်။

"ထူးခြားလိုက်တာ"

ရောင်လွှေ လွှတ်ခနဲရေရွတ်လိုက်လေသည်။

ထိုအခန်းတွင်းသို့ ရောက်လာသည်နှင့် ဆန့်ကျင်ဘက်မိန်းကလေးများအား တောင့်တသည့်စိတ်များ ဖြစ်ပေါ်လာခြင်းတည်း။

ရောင်လီသည် ကျားယန့်က သူတို့အား စမ်းသပ်နေခြင်း ဖြစ်ကြောင်း ဘယ်တော့မှ မေ့မသွားပါချေ။

အခြေအနေကိုကြည့်ပြီး ရွှေငွေ၊ အရက်။ အပျော်အပါးဖြင့် ဖျက်ဆီးရန် ကြိုးစားနေခြင်းဖြစ်ကြောင်း နားလည်သွားလေတော့သည်။



ရောင်လီ အသက်ပြင်းပြင်း ရှူရှိုက်လိုက်လေသည်။

အတွင်းအားကို ဖော်ထုတ်ကာ ထိန်းချုပ်လိုက်တော့မှ လှုပ်ရှားနေသော စိတ်များ တည်ငြိမ်သွားတော့သည်။

"ဟူး..တော်ပါသေးရဲ့"

ရောင်လီ ယခုမှ အသက်ဝဝ ရှူရှိုက်နိုင်တော့သည်။

ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ ကွမ်းကြိုးညီနောင်မှာ ထွက်ပေါ်နေသော တေးသံသာများနှင့် စည်းဝါးလိုက်အောင် ယိမ်းနွဲ့လှုပ်ရှားနေကြသည်ကို တွေ့ရလေသည်။ ထို့အပြင်...

"ညီမလေး..မင်းဘယ်မှာလဲ"

"ကျုပ်တို့ဆီကို အမြန်ဆုံးလာခဲ့ပါတော့"

ဟူ၍လည်း တတွတ်တွတ် ရေရွတ်မြည်တမ်းနေသည်ကို တွေ့ရလေသည်။

"ဟိုက်"

ရောင်လီ လွှတ်ခနဲ ရေရွတ်လိုက်ပြန်သည်။

ကွမ်းကြိုးညီနောင်သည် စိတ်ညို့ခံရသူများပမာ ရှိနေပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။ ထို့ကြောင့်...

"ခင်ဗျားတို့ သတိထားကြယင် ကောင်းမယ်"

သတိပေးယင်း ကပျာကယာချဉ်းကပ်သွားကာ ကွမ်းကြိုးညီနောင်၏ပခုံးကို ဆတ်ခနဲ ပုတ်လိုက်လေသည်။

ထိုအခါမှ ကွမ်းကြိုးညီနောင်လည်း သတိဝင်လာကြလေတော့သည်။

♠ ♠ ♠

ကွမ်းကြိုးညီနောင် သတိဝင်လာကြလေသည်။

ရှောင်လွေက အခြေအနေကို ရှင်းပြလိုက်သည်။

ကွမ်းကြိုးညီနောင် ကျေးဇူးတင်သွားကြသည်။

"ကျုပ်တို့ကို ကူညီတာကျေးဇူးတင်ပါတယ်ဗျာ၊ မိတ်ဆွေသာမကူညီဘူးဆိုဖယင် ကျုပ်တို့ဒုက္ခရောက်ရမှာ သေချာပါတယ်"

ရှောင်လွေ ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့ကသာ သည်အခန်းအကြောင်းကို ရိပ်မိသလောက် ပြောပြထားမယ်ဆိုယင် ကျုပ်က စောစောစီးစီး ကူညီနိုင်တာပေါ့ဗျာ"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ကလည်း မိတ်ဆွေလေးကို နောက်ပြောင်ကျီစယ်ချင်ခဲ့ကြတာပါ၊ ဒါကြောင့် အမှားကြုံတော့မလို့ ကံကောင်းလို့ပေါ့ဗျာ"

ရှောင်လီက...

"ထားပါတော့လေ၊ ကျုပ်တို့က စမ်းသပ်မှုတစ်ခုကို အောင်အောင်မြင်မြင်ကျော်ဖြတ်နိုင်ခဲ့ကြပြီ မဟုတ်လား"

"မိတ်ဆွေလေးကို ကျေးဇူးတင်ပါတယ်ဗျာ"

ကျေးဇူးတင်ပါသည်ဆိုသောစကားမှာ အဓိပ္ပါယ်ကျယ်ဝန်းလှသည် မဟုတ်ပါလား။

ထိုစကားတစ်ခွန်းနှင့်ပင် အားလုံးပြည့်စုံနေပြီ ဖြစ်သည်။

ကွမ်းကြိုးအိက...

"မိတ်ဆွေလေးဟာ ကျုပ်တို့ရဲ့မိတ်ဆွေစစ် တစ်ယောက်ပါပဲဗျာ"



ရှောင်လဲက...

"ဒါထက် သည်ခန်းမဆောင်ထဲက အခန်းတွေထဲမှာ လူတွေရှိနေကြတယ်၊ သိုင်းလောကသား တွေဖြစ်ပုံရတာပဲဗျ"

ဟုပြောလိုက်သည်။

ကွမ်းကြိုးအော့က...

"သူတို့ဟာ ဆရာဟန်လုံကို ကူညီဖို့လာခဲ့ကြတဲ့လူတွေပါ၊ သူတို့ဟာ စမ်းသပ်မှုဒဏ်ကို မခံနိုင်ဘဲ ခုလိုဖြစ်နေကြတာနဲ့တူပါတယ်"

ရှောင်လီ သက်ပြင်းချလိုက်လေသည်။

"ကဲ ကျုပ်တို့သွားကြပါစို့"

ဟုပြောလျှင် ကွမ်းကြိုးညီနောင်လည်း သဘောတူလိုက်ကြလေတော့သည်။

မကြာပါချေ။

သူတို့သုံးယောက်သည် နောက်ထပ် အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ လိုက်ရပြန်လေတော့သည်။

♠ ♠ ♠

တံခါးစေ့ရုံသာ စေ့ထားသည်။

တံခါးပေါ်တွင်...

"သိုင်းလောက"

ဟုရေးသားထားသည်။

ကွမ်းကြိုးအော့ ပခုံးတွန့်လိုက်သည်။

"ကျုပ်တို့ ဘယ်လောက်အထိ ဖြတ်သန်းရဦးမယ် မဆိုနိုင်ဘူး"

ဟုပြောလိုက်လေသည်။

ကွမ်းကြိုးအိ ခေါင်းညိတ်လိုက်သည်။

"ကျားယန့်ကတော့ ငါတို့ကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်မှာ သေချာတယ်"

ရှောင်လီ ပြုံးရုံသာပြုံးနေပါ၏။

ကွမ်းကြိုးညီနောင်က သူ့ဘက်လှည့်ကြည့်လိုက်လေသည်။

ကွမ်းကြိုးအော့က...

"မိတ်ဆွေလေးကော ဘယ်လိုသဘောရသလဲ"

ဟုမေးလိုက်လေသည်။

ရှောင်လီက...

"ကျုပ်က တစ်ဘက်ထွက်ပေါက်မှာ စောင့်နေမယ်၊ ရှောင်လီဟာ ကျုပ်တို့ထွက်လာတာ တွေ့ယင် ဘယ်လိုဖြစ်သွားမလဲလို့ သိချင်နေတယ်ဗျ"

သူ၏စကားကြားလျှင် ကွမ်းကြိုးညီနောင် သဘောကျစွာ ရယ်မောလိုက်လေသည်။



"ဟား...ဟား...ဟား"

ကွမ်းကြိုးအော့က...

"ကဲ သွားကြတာပေါ့ ကျုပ်တို့ကို မိတ်ဆွေလေး ကြည့်ရှုစောင့်ရှောက်ပါဦးဗျာ"

ပြောပြီးလျှင် စေ့ထားသော တံခါးကိုတွန်းဖွင့်လိုက်လေ၏။

တံခါးပွင့်သွားသည်နှင့် အတွင်းဘက်သို့ လှမ်းဝင်လိုက်သည်။

ရှောင်လီနှင့် ကွမ်းကြိုးအိတို့ နောက်မှ လိုက်ဝင်သွားလေသည်။

အတွင်းဘက်တွင် အခြားအခန်းများနှင့်မတူဘဲ ရှင်းရှင်းလင်းလင်းဖြစ်နေသည်။

အခန်းထောင့်တစ်နေရာတွင် စားပွဲတစ်လုံး ထိုင်ခုံသုံးလုံးနှင့် ဗီရိုတစ်လုံးသာလျှင် ရှိပေသည်။

ကွမ်းကြိုးအော့က...

"သိုင်းလောကဆိုတာ ဒါပဲလား"

ဟုရေရွတ်လိုက်၏။

ကွမ်းကြိုးအိ ရယ်မောလိုက်သည်။

"သည်တစ်ခါတော့ ငါ့ညီက စိတ်မြန်လက်မြန် မလုပ်တော့ဘဲကိုး ဟား ဟား ဟား"

"ဘာလဲ ကျွန်တော်က ဗီရိုထဲမှာ ဘာရှိတယ်ဆိုတာ သွားမကြည့်လို့ပြောတာလား၊ စိတ်ချ ဗီရိုထဲမှာ မကောင်းဆိုးဝါးတစ်ကောင် ရှိနေတယ်ဆိုယင်တောင် ကျုပ်က ဖွင့်ကြည့်မှာပဲ"

ပြောပြောဆိုဆို ဗီရိုရှိရာသို့ ခပ်သွက်သွက် လှမ်းသွားလေသည်။

ကွမ်းကြိုးအိသည်လည်းကောင်း၊ ရောင်လီသည်လည်းကောင်း ဟန့်တားခြင်း မပြုကြပါချေ။

စိတ်မြန်လက်မြန်ရှိသော ကွမ်းကြိုးအောင့်ကပင် ဗီရိုအနီးသို့ ချဉ်းကပ်သွားပြီး တံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်လေသည်။

အတွင်းဘက်၌ ဟောင်းနွမ်းသော သားရေဖုံးစာအုပ်ထူထူကြီးတစ်အုပ်မှလွဲပြီး အခြားဘာပစ္စည်းမှ မတွေ့ရပါချေ။

"စာအုပ်တစ်အုပ်ပဲ ရှိတယ်ဗျ"

ရောင်လီတို့ဘက်သို့လှည့်ကာ ပြောလိုက်လေသည်။

ကွမ်းကြိုးအိက...

"အဲသည်စာအုပ်က သိုင်းလောက ဖြစ်ချင်ဖြစ်နေမှာပေါ့"

ဟုပြောလိုက်၏။

ကွမ်းကြိုးအောင့် မျက်လုံးပြူးသွားသည်။

"ဒါ သိုင်းလောက ဟုတ်လား ဘာအဓိပ္ပါယ်လဲ"

ပြောပြောဆိုဆို စာအုပ်ကိုဆွဲယူကြည့်လိုက်လေသည်။

စာအုပ်မှာ ဟောင်းနွမ်းဆွေးမြည့်စ ဖြစ်သော်လည်း စာအုပ်အဖုံးပေါ်တွင် ရွှေမင်ဖြင့် ရေးသားထားသည့်'သိုင်းလောက' ဆိုသည့်စာလုံးကိုမူ ရေးရေးမြင်တွေ့နိုင်ပေသည်။

"ဟုတ်တယ်ဟေ့ သည်စာအုပ်က သိုင်းလောကတဲ့"

ကွမ်းကြိုးအောင့် အော်ပြောလိုက်သည်။

ထို့နောက် စာအုပ်ကို ခေါင်းမဖော်စတမ်းဖတ်နေသည်။



အခန်းတွင်းဝယ် သူတစ်ယောက်တည်းရှိနေသည့်ပုံ သဏ္ဍာန်မျိုး သက်ရောက်နေသည်။

ကွမ်းကြိုးအိက ရောင်လီကိုကြည့်လိုက်သည်။

ရောင်လီကပြုံး၍ ကွမ်းကြိုးအောင့်၏အဖြစ်ကို မေးဆတ်ပြ၏။

ကွမ်းကြိုးအိက ကွမ်းကြိုးအောင့်အနီးသို့ ချဉ်းကပ်သွားပြီး...

"ညီလေး ဘာတွေများ သည်လောက်စိတ်ဝင်စားစရာကောင်းနေတာလဲ ပြောစမ်းပါဦး"

ကွမ်းကြိုးအိက လှမ်းမေးလေသည်။

"အစ်ကိုကြီး သည်မှာလာကြည့်စမ်းပါဦး"

ဟုလက်ယပ်ခေါ်လိုက်သည်။

ကွမ်းကြိုးအိက ပခုံးတွန့်ကာ ကွမ်းကြိုးအောင့်အနီးသို့ ချဉ်းကပ်သွားသည်။

ကွမ်းကြိုးညီနောင်တို့ သူ့ကိုလည်း လုံးဝလှည့်မကြည့်တော့ပေ။

ရောင်လီ အံ့သြသွားသည်။

သူတို့၏မျက်နှာ တည်ကြည်လေးနက်နေသည်။

ခက်ခဲနက်နဲသော ပုစ္ဆာတစ်ပုဒ်ကို အဖြေရှာနေသည်နှင့် တူလှပေတော့သည်။

ရောင်လီက သူရှိနေကြောင်း သတိရစေရန်...

"အဟမ်း"

ချောင်းတစ်ချက် ဟန့်လိုက်သည်။

သို့သော် ကွမ်းကြိုးညီနောင်ကား တုတ်တုတ်မျှပင်မလှုပ်ကြပါချေ။

ရောင်လီ မနေနိုင်တော့ပါ။

"ခင်ဗျားတို့ ဘာတွေများ သည်လောက်တောင် စိတ်ဝင်စားနေကြတာလဲ"

ဟု လှမ်းမေးလိုက်ရသည်။

ထိုအခါမှ ကွမ်းကြိုးအော့က သူ၏နဖူးကို လက်ဝါးဖြင့် ဖုန်းခနဲ မြည်အောင် ရိုက်လိုက်ပြီး...

"ကျုပ်တို့ညီနောင် ခင်ဗျားကိုတောင် မေ့သွားကြတယ်"

ရောင်လီက ပြုံးလိုက်သည်။

"ပြောစမ်းပါဦး ဘာတွေများ သည်လောက်တောင် စိတ်ဝင်စားနေကြတာလဲ"

"သည်မှာ လာကြည့်စမ်းပါ၊ ကျုပ်ပြောပြယင် ပိုတယ်ထင်နေဦးမယ်၊ ဘယ်လောက်စိတ်ဝင်စားစရာကောင်းတယ်ဆိုတာ သိရလိမ့်မယ်"

အတင်းပင် လက်ယပ်ခေါ်သည်။

စာအုပ်ထဲတွင် သိုင်းကွက်ခင်းနေသည့် လူရုပ်ပုံများ ရေးဆွဲထားသည်ကို တွေ့ရသည်။

လူရုပ်ပုံများနှင့်စာကိုတွဲကာ ဖတ်ရှုကြည့်လျှင် ချက်ချင်းနားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။

နောက်ပိုင်းတွင် လူရုပ်ပုံများလည်း တစ်ခုမှနှစ်ခု၊ နှစ်ခုမှသုံးခု ရောထွေးယှက်တင်ဖြစ်နေပုံ ရေးထားသည်။



ရှင်းပြထားသော စာများမှာလည်း အဓိပ္ပါယ်ခက်ခဲနက်နဲသော ရှေးဟောင်းအသုံးအနှုန်း စကားလုံးများဖြစ်နေသည်။

စာအုပ်၏ နောက်ဆုံးစာမျက်နှာတွင်...

"ဤသိုင်းကျမ်းပါ သိုင်းကွက်များကို နားလည်သဘောပေါက်ပါက ထိပ်ဆုံးနေရာရရှိနိုင်သည်၊ သင်လေ့လာတတ်မြောက်သွားမည်ဆိုလျှင် သိုင်းလောက၌ ပြိုင်ဘက်ကင်းသည့် သိုင်းဇကရာဇ်ကိုပင် အနိုင်ရမည်ဖြစ်သည်။"

ဟုရေးသား နိဂုံးချုပ်ထားသည်။

ရောင်လီ မျက်လုံးပြူးသွား၏။

သိုင်းကျမ်းကား နှယ်နှယ်ရရ သိုင်းကျမ်းမဟုတ်ပါချေ။

အကယ်၍ ဤသိုင်းကျမ်းအား မသမာသူများရရှိသွားလျှင် ရောင်လီ ဟင်းခနဲ သက်ပြင်းချလိုက်မိလေသည်။

ထိုသို့ သက်ပြင်းချမိသည်ကိုပင် ကွမ်းကြိုးအော့က အဓိပ္ပါယ်ကောက်လွဲသွားပြီး...

"ဘယ်လိုလဲ မိတ်ဆွေလေး သဘောကျသွားပြီလား"

ဟုပြုံးစစဖြင့် မေးလိုက်သည်။

ရောင်လီက ကပျာကယာ ခေါင်းယမ်းလိုက်ရလေသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျုပ်သဘောကျလို့ မဟုတ်ပါဘူး"

ဟုလည်း ငြင်းဆန်လိုက်သည်။

ကွမ်းကြိုးအော့ မျက်မှောင်ကုပ်သွား၏။

ရောင်လီအား အကဲခတ်ကြည့်လိုက်ပြီး...

"ခင်ဗျား သဘောမကျဘူး ဟုတ်လား"

"ဟုတ်တယ်"

ရှောင်လီက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ကွမ်းကြိုးအော့က...

"ဘာဖြစ်လို့လဲ"

"သည်သိုင်းကျမ်းဟာလည်း မိတ်ဆွေရဲ့ပစ္စည်းဖြစ်နေလို့ပေါ့"

ကွမ်းကြိုးအော့ မျက်မှောင်ကုတ်သွား၏။

"မိတ်ဆွေ ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘယ်က မိတ်ဆွေလဲ"

"ခင်ဗျားက ကြယ်ပျံအာမခံဌာနပိုင်ရှင် ဟန်လုံကိုတောင် မေ့သွားပြီလား"

ရှောင်လီ ခပ်တည်တည်ဖြင့် ပြောလိုက်၏။

ကွမ်းကြိုးအိကာ...

"ဟာ ဟုတ်သားပဲ၊ သည်နေရာဟာ ဟန်လုံရဲ့နေရာပဲ၊ ဒါကြောင့် ဟန်လုံနဲ့ပဲ သက်ဆိုင်တယ်၊ သိုင်းကျမ်းကို ပြန်ထားလိုက်ပါ၊ ကျုပ်တို့သွားကြတာပေါ့"

ဟု ဝင်ပြောလေသည်။

ကွမ်းကြိုးအော့ အင်တင်တင် ဖြစ်နေ၏။

သို့သော် ဘာမှမပြောဘဲ သိုင်းကျမ်းကို ပြန်ထားပြီးလျှင် ရှောင်လီအား လှမ်းကြည့်လိုက်၏။



ရှောင်လီက....

"ကျားယန်က ကျုပ်တို့ကို စစ်ဆေးစမ်းသပ်တဲ့အခါ ဒါတွေနဲ့ ဖျားယောင်းသွေးဆောင်ယင်တော့ သူ့ဘက်က အရှုံးကြီးရှုံးနေပြီဆိုတာ ခင်ဗျားတို့ လက်ခံနိုင်မလား"

"ဟာ သိပ်လက်ခံနိုင်တာပေါ့"

ကွမ်းကြိုးအိကာ ခပ်သွက်သွက် ပြောလေသည်။

ကွမ်းကြိုးအော့၏မျက်နှာမှာ ရွှင်ရွှင်ပျပျ ဖြစ်လာလေ၏။

"ဟုတ်တယ် ကျုပ်လည်း လက်ခံနိုင်ပါတယ်ဗျာ"

ရှောင်လီ ယခုမှ စိတ်သက်သာရာရသွား၏။

ကွမ်းကြိုးအော့မှာ အမြင်ကြည်လင်သွားသည်နှင့်....

"ကျုပ်တို့ ရှေ့ဆက်သွားကြယင် မကောင်းဘူးလား"

ဟုပြောလေသည်။

ရှောင်လီ ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

ကွမ်းကြိုးအော့ကလည်း ပြုံးလိုက်သည်။

သူတို့ အပြုံးမှာ နွေးထွေးလှသည်။

မိတ်ဆွေဆန်လှပေသည်။

သူတို့နှစ်ယောက် ပခုံးချင်းယှဉ်ကာ တံခါးပေါက်ဆီသို့ လျှောက်သွားကြလေတော့သည်။

♠ ♠ ♠

## "ဉာဏ်ပြိုင်ပွဲ"

တံခါးရွက်ပေါ်၌ ရေးသားထားသည့် စာတန်းကား ထူးထူးခြားခြား။

ကွမ်းကြိုးညီနောင်နှင့် ရှောင်လီတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ သဘောကျစွာ ပြုံးလိုက်သည်။

ကွမ်းကြိုးအေ့ဇကား...

"ဉာဏ်ချင်းပြိုင်ရတော့မယ် ထင်တယ်"

ဟုပြောလိုက်၏။

ကွမ်းကြိုးအော့ ခေါင်းညိတ်လိုက်သည်။

"ရိုးရိုးတန်းတန်း ယှဉ်ပြိုင်ရတာထက် ဉာဏ်ချင်းယှဉ်ပြိုင်ရတာက ပိုခက်တယ် မဟုတ်လား"



ရှောင်လီက...

"သူတို့ ပြိုင်ချင်ပြိုင်ပါစေ၊ ကျုပ်တို့လက်ပိုက်ကြည့်နေလိုက်လို့ရတာပဲဗျ"

"ခင်ဗျားက ဘာကိုဆိုလိုတာလဲ"

"အခုတစ်ခါ စမ်းသပ်မှာကတော့ လောင်းကစားပဲ"

"လောင်းကစား ဟုတ်လား"

ရှောင်လီ ဘာမှမပြောတော့ဘဲ အခန်းတံခါးတွန်းဖွင့်လိုက်သည်။

ကွမ်းကြိုးညီနောင် မျက်လုံးပြူးသွားကြသည်။

"ဟိုက်"

"လောင်းကစားခန်းမပါလား"

နှစ်ယောက်သား ပြိုင်တူ ပြောလိုက်သည်။

ရှောင်လီက ပြုံးလိုက်သည်။

ကွမ်းကြိုးညီနောင်က သူ့အားပြိုင်တူ နှာခေါင်းရှုံ့ပြလိုက်ကြ၏။

ရှောင်လီက...

"ဝဲဘက်မှာ ထွက်ပေါက်တစ်ခုရှိတယ်၊ တွေ့လား၊ ကျုပ်တို့ အဲသည်ကိုသွားကြမယ်"

ပြောပြီး ခပ်သွက်သွက် လှမ်းသွားလေသည်။

ကွမ်းကြိုးညီနောင်လည်း နောက်မှလိုက်သွားကြ၏။

သူတို့ တိုးဝင်သွားကြစဉ် အချို့ကလောင်းကစားရန် ဆွယ်ကြသည်။

တချို့က တိုးဧဝ့သွားခြင်းအတွက် မကျေမနပ်ဖြစ်ကာ အော်ငေါက်ပြောဆိုကြ၏

စိတ်ဆတ်သော ကွမ်းကြိုးအော့နှင့်ခိုက်ရန်မဖြစ်ပွားလိုချေ။

သို့သော် ရှောင်လီက အချိန်မီထိန်းသိမ်းကာ တစ်ဘက် ထွက်ပေါက်ဆီသို့ ခေါ်သွားနိုင်ခဲ့လေသည်။

တံခါးပေါက်ရှေ့သို့ ရောက်သည့်အခါ ရှောင်ငပိ၏နဖူးပေါ် တွင် ချွေးများစို့ရွဲနေပြီ ဖြစ်လေသည်။

ရှောင်လီက နဖူးပေါ်မှ ချွေးများကို သုတ်ပစ်လိုက်ပြီး...

"ဟူး..သည်လူတွေက ရန်ပြုမယ့်လက္ခဏာရှိတယ်၊ သည် အတိုင်းဆိုယင် ကျုပ်တို့ ရှေ့မှာကျိန်းသေအန္တရာယ်နဲ့ရင်ဆိုင်ရတော့ မှာပဲ"

ဟုပြောလိုက်လေသည်။

ကွမ်းကြိုးညီနောင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ရှောင်လီက သူတို့အား မကြည့်ဘဲ တံခါးပေါ်သို့ ကြည့် လိုက်သည်။

တံခါးပေါ်၌ စာတစ်ကြောင်း ရေးထားပါသည်။

ထိုစာကြောင်းမှာ...

"ထာဝရမိတ်ဆွေ"

ဟူ၍ဖြစ်လေသည်။

♠ ♠ ♠



"မိတ်ဆွေအပေါ် သစ္စာမရှိဘူးဆိုယင် သက်ဆိုးမရှည်နိုင် ဘူးဆိုဟဲ့ သဘောပေ့ါ၊ ကျုပ်တို့ကိုများ သတ်ပစ်ဖို့ကြံစည်ထားသ လား မဆိုနိုင်ဘူး"

ကွမ်းကြိုးအော့က ပြောလိုက်သည်။

ထိုစကားကြောင့် ကွမ်းကြိုးအိ မျက်နှာပျက်သွားလေ တော့သည်။

ကွမ်းကြိုးအော့အား မကျေမနပ်ကြည့်ကာ...

"ညီလေးကလည်း မဦးမချွတ်ပြောတော့မယ်၊ ဟန်လုံဟာ တို့ရဲ့မိတ်ဆွေပါ၊ ကျားယန့်က ဟန်လုံရဲ့မိတ်ဆွေတွေကို သတ်ပစ်ပါ့ မလားကွ၊ သူလုပ်ချင်တိုင်းကော လုပ်လို့ရမလား စဉ်းစားကြည့်ပါဦး"

ကွမ်းကြိုးအော့က စောဒကတက်လိုက်သည်။

"မပြောနိုင်ဘူးလေ၊ သူက ကျုပ်တို့ကို သဘောမကျဘူးဆို တာ အစ်ကိုကြီးလည်း သိသားပဲ"

ရှောင်လီ မနေနိုင်တော့ဘဲ ကြားဝင်ပြောလိုက်လေသည်။

"နေပါဦးဗျာ၊ သူက ကျုပ်တို့ဟာ သူတို့ကို ဟကယ်ကူညီ မယ့်လူ ဟုတ်မဟုတ်သိချင်လို့ စမ်းကြည့်နေတာပဲဖြစ်မှာပါ၊ အ ကောက်ကြံတယ်လို့တော့ မထင်ပါဘူး"

ကွမ်းကြိုးအော့က ရှောင်လီအား လှမ်းကြည့်လိုက်ပြီး...

"သူက အကောက်ကြံတာ မဟုတ်ဘူး၊ စမ်းသပ်ကြည့်တာ ဟုတ်လား၊ ကဲ ရှင်းစမ်းပါဦး၊ ဘာကြောင့်သည်လောက်တောင် စမ်း ကြည့်ချင်နေတာလဲ၊ ကျုပ်တို့က ဒုက္ခပေးမယ့်လူမှမဟုတ်တာ၊ သူ့ကို ကူညီဖို့လာခဲ့တာပဲ မဟုတ်လား"

ရှောင်လီက ရှင်းပြလိုက်လေသည်။

"သူတို့မှာ တကယ့်ကို အခက်အခဲအန္တရာယ်နဲ့ရင်ဆိုင်နေရတယ်ဆိုတာ ထင်ရှားပါတယ်၊ အရေးကြုံယင် ထွက်မပြေးဘူး၊ အသက်ဆုံးသည်အထိ လက်တွဲပြီး အန္တရာယ်ဟူသရွေ့ကို ရင်ဆိုင်မယ့်လူစားမျိုးလိုချင်ပုံရတယ်၊ ပြီးတော့ သူတို့ကိုကူညီလို့ ကျုပ်တို့အတွက် ဘာအကျိုးကျေးဇူးမှ မရနိုင်ဘူး၊ အကျိုးကျေးဇူး မမျှော်ကိုးဘဲ အသက်စွန့်ကူညီတဲ့လူစားမျိုးသာ မိတ်ဆွေစစ်ဖြစ်မယ်။

သူတို့က သည်လိုလူစားမျိုးကို လိုချင်တာပါပဲ၊ ဒါကြောင့် စမ်းသပ်နေတာပါ။ စမ်းသပ်လို့ မအောင်မြင်ယင် ကျုပ်တို့ရဲ့အကူအညီရယူစရာမလိုတော့ဘူး၊ ကျုပ်တို့ဟာ သူတို့မျှော်လင့်သလို ကူညီနိုင်မှာမဟုတ်ဘူး၊ အောင်မြင်ယင်တော့ သူတို့မျှော်လင့်ထားတဲ့ လူစားမျိုးဖြစ်တယ်ဆိုတာ ပေါ်လွင်မှာပါ"

ကွမ်းကြိုးအော့ မကျေမနပ်ဖြစ်သွား၏။

သို့သော် ချေပစရာစကား မရှိဘဲဖြစ်သွားလေသည်။

"သစ္စာတရားနဲ့မိတ်ဆွေဆိုတဲ့ စကားလုံးဟာ အသုံးလွယ်ပေမယ့် တကယ့်အဓိပ္ပါယ်ကတော့ လေးနက်လှချည်လား၊ အင်း ကျုပ်တို့ဟာ ဟန်လုံအတွက် မိတ်ဆွေစစ်ဖြစ်နိုင်ပါ့မလား၊ လူတစ်ယောက်ရဲ့မိတ်ဆွေစစ်ဖြစ်တယ်ဆိုတဲ့ အချက်တစ်ချက်တည်းနဲ့ပဲ လူ့ဘဝတန်ဖိုး ပြည့်စုံသွားပြီလို့ ဆိုရမှာပဲ"

ဟု ပြောလေသည်။

ကွမ်းကြိုးအော့ ခေါင်းညိတ်လိုက်သည်။

"လူတစ်ယောက် ဖြစ်လာမှတော့ လူ့ဘဝအဓိပ္ပါယ်ပြည့်စုံအောင် ကြိုးစားရတော့မှာပါ"



ရှောင်လီ ကျေနပ်သွားသည်။

ကွမ်းကြိုးညီနောင်၏ သိုင်းပညာမှာ ပြောပြလောက်သည် မဟုတ်သော်လည်း သူတို့၏စိတ်နေသဘောထားမှာ နှစ်မြို့က်စရာကောင်းလှသည် မဟုတ်ပါလား။

သူတို့သုံးယောက်သည် သာမန်မိတ်ဆွေအဆင့်ထက် ကျော်လွန်လာပြီဖြစ်ကြောင်းလည်း ဆင်ခြင်မိလေသည်။

ရှောင်လီ အားရပါးရ ပြုံးလိုက်ပြီး...

"ကျုပ်တို့မှာ သစ္စာရှိပြီး မိတ်ဆွေစစ်ဖြစ်တယ်ဆိုတဲ့ အရည်အချင်းတွေ ပြည့်စုံနေပါပြီ၊ စမ်းသပ်စစ်ဆေးခံဖို့ပဲ လိုပါတော့တယ်၊ အခန်းထဲဝင်သွားကြရအောင်"

စကားဆုံးလျှင် အခန်းတံခါး တွန်းဖွင့်ကာ ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်လိုက်၏။

ကွမ်းကြိုးညီနောင်လည်း ထက်ကြပ်မကွာ လိုက်ပါလာကြသည်။

သူတို့သုံးယောက်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ အစမ်းသပ်ခံရန်အတွက် အခန်းတွင်းသို့ ဝင်သွားကြလေတော့သည်။

♠ ♠ ♠

တံခါးပွင့်သွားပြီ ဖြစ်သည်။

အခန်းတွင်း၌ လင်းလင်းချင်းချင်း ဖြစ်နေ၏။

ထို့ကြောင့် တစ်ဘက်တွင် တံခါးပေါက်သုံးပေါက် ရှိနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

သုံးယောက်သား အတွင်းဘက် ရောက်ရှိသွားသည်နှင့် အခန်းတံခါး ပြန်ပိတ်သွားသည်။

သုံးယောက်စလုံး နောက်လှည့်မကြည့်ဘဲ ရှေ့ကိုသာကြည့်နေသည်။

ထိုသို့ ကြည့်နေရခြင်းမှာလည်း အကြောင်းရှိပါသည်။

တံခါးပေါက်သုံးပေါက်တွင် ရှောင်လီ၊ ကွမ်းကြိုးအော့နှင့် ကွမ်းကြိုးအိဟု အမည်များ ရေးထိုးထားသည် မဟုတ်ပါလား။

သုံးယောက်သား တစ်စုတစ်ဝေးတည်း သွားရမည့်အစား တစ်ယောက်စီလူခွဲသွားရမည့် သဘောဖြစ်ပေသည်။



ရှောင်လီ၏ရင်ထဲ လေးလံလာသည်။

ကွမ်းကြိုးအိအတွက် စိတ်ချသော်လည်း ကွမ်းကြိုးအော့အတွက် စိုးရိမ်ပူပန်မိလေသည်။

ကွမ်းကြိုးအော့မှာ စိတ်ဆတ်ပြီး မဆင်မခြင်လုပ်တတ်သည်မဟုတ်ပါလား။

ကွမ်းကြိုးအော့တစ်ယောက်တည်း သွားရာ၌ မတော်တဆအမှားအယွင်းပြုလုပ်မိမည်ကို စိုးရိမ်ခြင်းဖြစ်ပေသည်။

ရှောင်လီ စိုးရိမ်ပူပန်နေသည်ကို ကွမ်းကြိုးအော့ ရိပ်မိပုံရလေသည်။

ရှောင်လီအား ပြုံးပြလိုက်သည်။

"ကျုပ်က မိတ်ဆွေစစ်ဆိုတဲ့စကား အဓိပ္ပါယ်ကို နားလည်သဘောပေါက်နေပြီဆိုယင် ခင်ဗျားလက်ခံမလား"

ဟု ပြောလိုက်သည်။

ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"ကျုပ် လက်ခံပါတယ်ဗျာ၊ ခင်ဗျား စိတ်မဆိုးဘူးဆိုယင် ကျုပ်စကားတစ်ခွန်း ပြောချင်တယ်"

"ပြောပါ"

"ခင်ဗျားရဲ့ ဒေါသစိတ်ကို ထိန်းပါ"

"ဟား..ဟား..ဟား"

ရှောင်လီက ခပ်ပြတ်ပြတ်ပြောလိုက်လျှင် ကွမ်းကြိုးအော့ကလည်း သဘောကျစွာ ရယ်မောလိုက်လေသည်။

သူ၏ရယ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကွမ်းကြိုးအိက...

"ညီလေး သူက အကောင်းပြောတာ မင်းကဘာရယ်တာလဲ"

ဟု ပြစ်တင်ပြောဆိုလိုက်သည်။

"ကျုပ် နားလည်ပါတယ်၊ အစ်ကိုကြီးပြီးယင် ကျုပ်အတွက် စိတ်ပူတတ်တဲ့လူတစ်ယောက် ပေါ်လာပြီလို့ တွေးမိပြီးရယ်တာပါဗျာ"

ထိုစကားကြားမှ ကွမ်းကြိုးအိ ပြုံးနိုင်၏။

ရောင်လီက..

"တံခါးပေါက်သုံးပေါက် ရှိနေတယ်ဆိုတော့ ကျုပ်တို့လမ်းခွဲသွားရမှာပဲ၊ တံခါးပေါ်မှာ ရေးထားတဲ့စာကို ကြည့်ပါဦး"

ကွမ်းကြိုးညီနောင် လှမ်းကြည့်လိုက်သည်။

ထိုစာကြောင်းမှာ...

"ဆုံဆည်းရာသို့"

ဟူ၍ဖြစ်လေသည်။

ရောင်လီက...

"ခင်ဗျားတို့ အမှားအယွင်းမလုပ်မိစေနဲ့၊ ဒါ ကျုပ်တို့ကျော်ဖြတ်ရမယ့် နောက်ဆုံးတံခါးပေါက်ပဲ"

ကွမ်းကြိုးညီနောင်က...

"စိတ်ချ"

ရောင်လီက ပြုံးလိုက်သည်။

"ကဲ တစ်ဘက်ထွက်ပေါက်မှာ ပြန်ဆုံကြတာပေါ့"



တံခါးပေါက်ရှေ့သို့ရောက်လျှင် ရောင်လီက သူတို့အား ပြန်လှည့်ကြည့်လိုက်ပြီး...

"တကယ်လို့ တစ်ဘက်ထွက်ပေါက်ကို ရောက်ယင် ကျားယန့်ကိုတွေ့ရမှာပဲ၊ သူ့ကိုခွင့်လွှတ်ဖို့ ကျုပ်ပြောချင်တယ်"

ဟု လှမ်းပြောလိုက်သည်။

ကွမ်းကြိုးအော့က မဲ့ပြုံးပြုံးလိုက်သည်။

"ဟွန့် သူ့ကိုခွင့်လွှတ်လို့ ဘယ်ဖြစ်မလဲ၊ သူက ကျုပ်တို့ကို အထင်အမြင်သေးတယ်၊ ဒုက္ခပေးဖို့ကြံစည်ခဲ့သေးတာပဲ မဟုတ်လား"

ကွမ်းကြိုးအိက...

"ကျားယန့်ကို ကျုပ်လည်း သဘောမကျဘူးဗျ"

ဟုပြန်ပြောလိုက်လေသည်။

ရောင်လီ ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူးလေ၊ သူက ဟန်လုံအတွက် အတော်ကလေး စိုးရိမ်သောကရောက်နေပုံရတယ်၊ ဘယ်လိုမှ အတိမ်းအစောင်း မခံနိုင်တဲ့ အခြေအနေနဲ့ ကြုံနေရတာထင်ရှားတယ်၊ မလုပ်မဖြစ်လို့ လုပ်ရတယ်ဆိုယင်ကော၊ တကယ်လို့ ကျုပ်တို့ဟာ မလွှဲမရှောင်သာတဲ့အခြေအနေတစ်ရပ်ကို ကျားယန့်ကြုံသလို ကြုံတွေ့ကြရမယ်ဆိုယင်တော့..."

ကွမ်းကြိုးအော့ သက်ပြင်းချလိုက်သည်။

"ကောင်းပြီ ကျုပ်တို့ သူ့ကိုဘယ်လိုမှ သဘောမထားတော့ဘူးဗျ"

ဟုပြောလေသည်။

ရှောင်လီ၏မျက်နှာ ပြုံးရွှင်သွားသည်။

"မိတ်ဆွေစစ် မိတ်ဆွေမှန်ဆိုတာ တစ်ယောက်အပေါ်တစ်ယောက် နားလည်ခွင့်လွှတ်တတ်မှု၊ စာနာတတ်မှုဆိုတာတွေလည်း အကျုံးဝင်သေးတယ်ဗျ၊ ကဲ ကျုပ်သွားပြီ"

"ကျို"

အခန်းတံခါး ပြန်ပိတ်သွားသည်။

ရှောင်လီကား အတွင်းဘက်ရောက်ရှိကာ မြင်ကွင်းမှ ပျောက်ကွယ်သွားချေပြီ။

ကွမ်းကြုံးအိက...

"ငါ့ညီ မင်းက သူ့ကိုလေးစားတယ်ဆိုယင် သူ့စကားတွေကို ဘယ်တော့မှမမေ့ဖို့လိုလိမ့်မယ်၊ ကဲ တို့လည်း သွားကြရအောင်"

ကွမ်းကြုံးအော့ ခေါင်းညိတ်လိုက်လေသည်။

ထို့နောက် အခန်းတံခါးတွန်းဖွင့်ကာ အတွင်းဘက်သို့ ပြိုင်တူလှမ်းဝင်သွားကြလေတော့သည်။

ပထမပိုင်းပြီး၏။

ဒု–ဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။